www.linhtet.com



**အောင်ခိုင်**

**စီစဉ်သည်။**

**ရွှေအိမ်မှူးစာပေ**

အမှတ် ၂၂၁၊ ၃၁ လမ်း (အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၈၄၉၂၇

#၁၀

- **စာမူခွင့်ပြုချက်အမှတ်** - [၅၀၁၄၃၇၁၁၀၇]
- **မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - [၅၀၁၄၆၄၁၂၀၇]
- **ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ ဇန်နဝါရီလ၊ ၂၀၀၈ ခုနှစ်။

- **ထုတ်ဝေသူ**

ဦးအောင်ခိုင် (၀၄၂၄၃) (ရွှေအိမ်မှူးစာပေ)

အမှတ် (၂၂၁)၊ (၃၁)လမ်း (အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

- **မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်) (၀၇၀၅၃)

အမှတ်(၈၇)၊ (၅၆)လမ်းတို၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

- **မျက်နှာဖုံးဒီဇိုင်း** - Rainemaker
- **ကွန်ပျူတာစာစီ** - သူသူ (ကွန်ပျူတာ)
- **အတွင်းဖလင်** - ဦးအောင်တင်အေးနှင့်သမီးများ
- **စာအုပ်ချုပ်** - စွယ်တော်
- **အုပ်ရေ** - ၅၀၀ အုပ်
- **တန်ဖိုး** - ၂၀၀၀ ကျပ်

# အိပ်မက်ရွာ၊ အခန်း (၁၃)၊ သေမင်းရှုံးတဲ့လောင်းကစား

(ပထမပိုင်း)

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး

★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိဒါန်း

တစ်လမ်းလုံး ကားစီးလာရသောကြောင့် ငြီးစီစီဖြစ်နေရသည့် ကြားထဲ ကားနောက်ခန်းထဲတွင်ပါလာသည့် ကျွန်မ၏အမြွှာမောင်လေး နှစ်ဦးဖြစ်သူ တိုးဝေနှင့်မိုးဝေတို့က အချင်းချင်းရန်ဖြစ်ပြီး အော်ဟစ်ဆူညံနေသောကြောင့် ကျွန်မ ခေါင်းကိုက်လာသည်။ သူတို့နှစ်ယောက်က သည်အတိုင်းပင်။ တစ်ချိန်လုံး ဘာမှ မယ်မယ်ရရမဟုတ်သည့် အကြောင်းအရာဖြင့် တစ်ဦးနှင့်တစ်ဦး ရန်လိုငြင်းခုန်ကာ ထိုးနှက်ကိုက်ဖဲ့နေတတ်ကြသည်။

ဖေဖေ အခုမောင်းလာသည့် ဗင်ကားလေးမှာ သူ့မိတ်ဆွေတစ်ယောက်ထံမှ ခဏငှားလာခြင်းဖြစ်သည်။ ကားက အတော်အသင့်ကျယ်ဝန်းသော်လည်း ခရီးဆောင်အိတ်တွေနှင့်ဆိုတော့ ကျွန်မတို့

မိသားစုငါးယောက်အဖို့ သိပ်သက်တောင့်သက်သာရှိလှသည်ဟုတော့ မဆိုနိုင်။

သည်လိုအနေရအထိုင်ရခက်သည့်ကြားထဲ တိုးဝေနှင့်မိုးဝေ တို့၏ အော်ဟစ်ဆူညံသံများကြောင့် ကားအတွင်းမှာ ငရဲပွက်သလိုဖြစ် နေ၏။ ဖေဖေကတော့ သူ့သားနှစ်ယောက်၏အသံတွေကို ဖုံးလွှမ်းသွား အောင် ကားထဲကကက်ဆက်သီချင်းသံကို အစွမ်းကုန် ကျယ်ပစ် လိုက်သည်။

အမြွှာနှစ်ကောင် ဆူညံပွက်လောရိုက်နေသည့်အကြောင်း အရင်းက အခြားမဟုတ်။ စောင်တစ်ထည်ကိုလုနေကြခြင်းဖြစ်သည်။

ဟိုအရင်တုန်းကတော့ သူတို့အတွက် အဝါရောင်ဆင်တူ စောင်နှစ်ထည်ရှိခဲ့ဖူး၏။ သို့သော် တစ်လောကတော့ ခြံထဲမှာလှန်း ထားရင်း စောင်တစ်ထည်ပျောက်သွားခဲ့သည်။ အဲသည်ကတည်းက စပြီး အမြွှာနှစ်ယောက်အဖို့ ငြင်းစရာ ရန်ဖြစ်စရာ အကြောင်းရာအသစ် တစ်ခု ထပ်ရသွားလေတော့သည်။

ကျွန်မက မေမေ့ကို လှမ်းတိုင်လိုက်သည်။

“မေမေ. . . မေမေ့သားနှစ်ယောက်ကို ကြည့်ပြောဦးနော်၊ နားကိုငြီးနေတာပဲ”

“ဟဲ့. . . သားတို့၊ တော်ကြလေကွယ်”

မေမေက လေအေးကလေးဖြင့်လှမ်းပြောသည်။ ဟိုနှစ်ကောင် က သည်လောက်နှင့်တော့မဖြုံပါ။ သူတို့အသံတွေက ပို၍သာစီစီညံ လာ၏။ ကျွန်မက. . .

“နင်တို့နှစ်ကောင်ခုချက်ချင်းတိတ်စမ်း၊ မတိတ်ရင် အဲဒီ စောင်ကို ငါ ယူပြီးလွှင့်ပစ်လိုက်မယ် သိလား”

“အို. . . သမီးကလည်းကွယ်၊ စိတ်ကို ရှည်ရှည်ထားမှပေါ့၊ သူတို့လေးတွေက ခုမှ ငါးနှစ်သားပဲရှိကြသေးတာ”

မေမေက အရင်တုန်းကလည်း ဒီအတိုင်းပင်။ သူတို့လေး

www.foreverspace.com.mm

တွေက သုံးနှစ်သာရှိသေးတာ. . . လေးနှစ်သာရှိသေးတာ စသဖြင့် နှစ်တိုင်းလိုလို ကိန်းဂဏန်းတစ်ခုစီတိုး၍ ကျွန်မကို ဖျောင်းဖျစမြဲဖြစ်သည်။ နောက်နှစ်ကျလျှင်လည်း သူတို့လေးတွေက ခြောက်နှစ်ပဲရှိသေးတာဟု အကြောင်းပြပေးလိမ့်မည်။ ကျွန်မ တကယ်ကိုစိတ်ကုန်သည်။

နေကတ်ထပ်(၅)မိနစ်ခန့်အကြာတွင်တော့ ကျွန်မ လုံးဝသည်းမခံနိုင်တော့။ တိုးဝေနှင့်မိုးဝေတို့၏အသံများကြောင့် ကျွန်မ ရူးချင်သလိုလိုဖြစ်လာသည်။ ထို့ကြောင့် မော်တော်ကားက ချောင်းကူးတံတားလေးတစ်ခုကို ဖြတ်သန်းနေစဉ် အမြွှာနှစ်ကောင်လက်ထဲမှစောင်ကို ဆတ်ကနဲဆွဲယူပြီး လုံးထွေးကာ ချောင်းထဲသို့ပစ်ချလိုက်တော့သည်။

အဲသည်တော့မှ အမြွှာနှစ်ကောင်၏ ငိုယိုတိုင်တန်းသံများက ကျွက်ကျွက်ညံသွားလေတော့သည်။ မေမေက ကျွန်မကိုလှည့်ကြည့်ပြီး . . .

"သမီးရယ် ကိုယ့်မောင်လေးတွေကို ဒီလိုလုပ်ရလား၊ ရက်စက်လိုက်တာကွယ်"

ကျွန်မက ဘာမှပြန်မပြောဘဲနေလိုက်သည်။

မကြာခင်မှာပင် ကျွန်မတို့ကားက ဆင်ခြေဖုံးရပ်ကွက်တစ်ခုကို ဖြတ်သန်းလာပြီးနောက် တစ်ပတ်ရစ်ပစ္စည်းအဟောင်းများ ရောင်းချသောအိမ်ဆိုင်လေးတစ်ဆိုင်ကို တွေ့လိုက်ရသည်။ ဖေဖေက ထိုဆိုင်လေးရှေ့တွင် ကားကိုထိုးရပ်လိုက်သည်။

ဟိုအရင်တုန်းကတော့ ကျွန်မတို့မိသားစုသည် အဲသည်လိုလမ်းဘေးမှာချရောင်းသော တစ်ပတ်ရစ်ပစ္စည်းအဟောင်းများကို ဝယ်လေ့မရှိပါ။ ကျွန်မ (၇) တန်းတက်ရသည့် ပြီးခဲ့သောတစ်နှစ်က ဖေဖေစီးပွားကျသွားပြီးသည့်နောက်ပိုင်းတွင် မိသားစု၏စီးပွားရေးအခြေအနေမှာ ကျပ်တည်းလာခဲ့သည်။ ထို့ကြောင့် ဈေးနှုန်းသက်သက်သာသာဖြင့်ရနိုင်သော ပစ္စည်းအဟောင်းဆိုင်လေးများကိုသာ လိုက်ရှာပြီးဝယ်ယူ

www.foreverspace.com.mm

သုံးစွဲရလေတော့သည်။

ကျွန်မ ကျောင်းသွားကျောင်းပြန်စီးနေသည့် စက်ဘီးသည်ပင် အဟောင်းဆိုင်တစ်ဆိုင်မှ ဈေးပေါပေါဖြင့်ရလာခဲ့ခြင်းဖြစ်သည်။

"ဘာယူမလဲရှင် လာပါ၊ ကြည့်သွားကြပါဦး"

ဆိုင်ရှင်ဖြစ်သည့်အဘွားကြီးက ပျူပျူငှာငှာဖြင့် ကြိုသည်။ ဈေးရောင်းနေသူမှာ အဘိုးကြီးနှင့်အဘွားကြီးလင်မယား နှစ်ယောက်တည်းသာရှိ၏။ အဘိုးကြီးကတော့ စကားသိပ်မပြော။

အဘွားကြီးက. . .

"ကျွန်မတို့လည်း ဒီအိမ်ကိုပြောင်းလာတာ မကြာသေးဘူး၊ ဈေးလည်း မရောင်းတတ်ပါဘူး၊ အဘွားတို့မှာ ဝင်ငွေကလည်းမရှိတော့ ဒီအိမ်မှာရှိတဲ့ပစ္စည်းလေးတွေကိုပဲ မွမ်းမံပြီးရောင်းနေရတယ် သမီးတို့ ရေ၊ သင့်လျော်တဲ့ဈေးနှုန်းကိုလည်း သမီးတို့ပဲ ကြည့်ပြီးပေးခဲ့ပါကွယ်"

ကျွန်မက ဆိုင်ထဲတွင်ခင်းကျင်းထားသမျှပစ္စည်းတွေကို လျှောက်ကြည့်မိသည်။ လူပ်ကုလားထိုင်လို ပရိဘောဂပစ္စည်းမျိုးကအစ မီးဖိုချောင်တွင်သုံးသော သားလှီးဓါးအထိ ပစ္စည်းမျိုးစုံရောနှောနေ၏။ အများစုကတော့ အဝတ်အစားတွေဖြစ်သည်။ မှိုနံ့ပျောက်အောင်မနည်း နေလှန်းထားရသည့် ကလေးဝတ်ဂါဝန်များ၊ ဘောင်းဘီတိုများ၊ သိုးမွေး အနွေးထည်များလည်းပါဝင်သည်။

သေသေချာချာကြည့်လိုက်တော့ ကလေးအသုံးဆောင်ပစ္စည်း တွေက အတော်ပင်အမျိုးအမည်စုံလှသည်။ ကစားစရာအရုပ်တွေ၊ ဆေးရောင်ခြယ်စာအုပ်တွေ၊ ကလေးစီးစက်ဘီး၊ သစ်သားမြင်းရုပ် အစ ရှိသဖြင့်. . .။ အဲသည်ထဲကမှ တစ်စုံတစ်ရာက ကျွန်မ၏အမြင်အာရုံ ကို ညှို့ယူဖမ်းစားထားလိုက်သည်။

နံရံပေါ်တွင် လှန်းထားသော စောင်တစ်ထည်. . .။

စမြင်မြင်ချင်းမှာတော့ အရောင်အသွေးမျိုးစုံပါဝင်သော အ ကွက်ငယ်ကလေးများဖြင့် ဒီဇိုင်းဖော်ထားသည့်စောင်တစ်ထည်ဟု ထင်

www.foreverspace.com.mm

လိုက်မိသေးသည်။

သို့သော် သေသေချာချာအနားကပ်ကြည့်လိုက်သောအခါတွင်မှ ပိတ်ဖြတ်စညှပ်စကလေးများကို တစ်ခုနှင့်တစ်ခုတွဲကာ ချုပ်လုပ်ထားသည့် စပ်စောင်တစ်ထည်ဖြစ်မှန်း တွေ့လိုက်ရသည်။

ကျွန်မ ငယ်ငယ်တုန်းက အဘွားဖြစ်သူက အဲသည်လိုမျိုး စောင်တစ်ထည်ချုပ်ဖူးသည်ကို ပြန်မြင်ယောင်လာသည်။ အင်္ကျီချုပ်ရာတွင် ဖြတ်ညှပ်ထုတ်ပစ်လိုက်ရသော ပိုနေသည့်အစကလေးများကို အဘွားကတရိုတသေသိမ်းထားတတ်သည်။ အဲသည်လိုပိတ်စငယ်ကလေးတွေ သုံးလေးရာခန့်စုမိပြီးသောအခါတွင်မှ လိုက်ဖက်မည့် အရောင်အသွေးရှိသော ပိတ်စတစ်ခုနှင့်တစ်ခု တွဲစပ်ကာ စောင်တစ်ထည်လုံးစာရသည်အထိ နေ့ပေါင်းများစွာကြာအောင် စိတ်ရှည်လက်ရှည် တစ်စချင်း ချုပ်ယူရခြင်းဖြစ်သည်။

ကျွန်မက စောင်ကို ကိုင်ကြည့်နေခိုက် မေမေက ဆိုင်ရှင်အဘွားအိုကို မေးမြန်းနေသံကြားရ၏။

"အဘွားရဲ့သားသမီးတွေရော. . .၊ ကြီးလှရောပေါ့နော်၊ သူတို့က ဒီမှာ အဘွားတို့နဲ့အတူတူ မနေကြဘူးလား"

ဆိုင်ရှင်အဘွားအိုက. . .

"အဘွားတို့လင်မယားက သားသမီးတစ်ယောက်မှ မရကြဘူးကွယ့်"

"ဟင်. . . ဒါဆို ဟောဒီကလေးကစားစရာပစ္စည်းတွေက ဘယ်ကရတာတုန်း"

မေမေ့စကားကြောင့် အဘွားအိုက စဉ်းစားရခက်သွားသလို မျက်မှောင်ကျုံ့လိုက်ရင်း. . .

"မပြောတတ်ဘူးကွယ့်၊ ဟောဒီအိမ်ရဲ့ ထပ်ခိုးပေါ်မှာတွေ့တာပဲ"

"ဪ ဒါဆို. . . ဒီအိမ်ရဲ့ အရင်ပိုင်ရှင်ဟောင်းက အသုံး

www.foreverspace.com.mm

မလိုတော့လို့ ထားပစ်ခဲ့တာနဲ့တူတယ်နော်”

ဟုမေမေက တွေးတွေးစစဖြင့် ပြောလိုက်သည်။ အဘွားအို က . . .

“အေး. . . ဟုတ်မယ်ထင်တာပဲ”

ထိုစဉ် ဖေဖေက သူ့အတွက် အသုံးလိုသည့်ပစ္စည်းများကို ဈေးနှုန်းမေးနေသဖြင့် စကားစပြတ်သွား၏။

ကျွန်မက စောင်ကိုကိုင်ကြည့်နေရာမှ မေမေ့ဘက်သို့လှည့် ပြီး . . .

“မေမေ ဒီမှာကြည့်စမ်း၊ မလှဘူးလား”

“အေး. . . ဟုတ်ပါရဲ့၊ လှသားပဲ၊ အဘွား. . . ဒီစောင်ကရော ဘယ်လောက်နဲ့ရောင်းမှာလဲဟင်”

“တစ်ထောင်ပဲပေးခဲ့ပါသမီးရယ်”

အဘွားအို၏စကားကြောင့် မေမေက ခေါင်းတစ်ချက်ညိတ် ရင်း ကျွန်မဘက်သို့လှည့်ကာ . . .

“မောင်လေးတွေအတွက် သမီးမုန့်ဖိုးနဲ့ ဝယ်ပေးလိုက်ပါ လား”

ကျွန်မက ပုခုံးတွန့်ပြလိုက်၏။ အဲသည့်နောက်တော့ ထိုစောင် ကို ကိုးရာနှင့် မရမကစစ်ပြီး ဝယ်ခဲ့လေတော့သည်။

●

အဲသည့်နေ့က အိမ်မှာ ကျွန်မတစ်ယောက်တည်းရှိသည်။ မေမေက ငွေရေးကြေးရေးကိစ္စတစ်ခုဖြင့် ဆွေမျိုးတစ်ယောက်၏အိမ် သို့ သွားနေပြီး ဖေဖေကတော့ တက္ကစီမောင်းရန် မိတ်ဆွေတစ်ဦး၏ အကူအညီဖြင့် ကားအုံနာအဆက်အသွယ်သွားရှာ၏။

ကျွန်မက မီးဖိုချောင်သို့ဝင်ရန် အမြှာနှစ်ယောက်၏အခန်းရှေ့

www.foreverspace.com.mm

မှဖြတ်လာစဉ် အမျိုးအမည်မခွဲခြားတတ်သော ငိုညည်းသံလိုလို အသံတစ်ခုကိုကြားလိုက်ရသည်။ ကျွန်မ အံ့သြသွား၏။

အခန်းထဲမှာ ဘယ်သူမှမရှိတာသေချာသည်။ ဒါဆိုဘယ်သူ့အသံလဲ။

တွန့်ဆုတ်နေသောထိတ်လန့်မှုဖြင့် အခန်းတံခါးကို ကျွန်မတွန်းဖွင့်လိုက်လေသည်။ ကျွန်မ တွေးထားသည့်အတိုင်းပင် အခန်းထဲတွင် မည်သူမှမရှိပါ။ ပြတင်းပေါက်လိုက်ကာများကို ဖွင့်ထားသောကြောင့် နေရောင်ခြည်က အခန်းထဲတွင် လင်းလင်းချင်းချင်းရှိနေသည်။

ကျွန်မမျက်လုံးတွေက တိုးဝေ၏ကုတင်ပေါ်ရောက်သွားသည်။

"ဟင်"

မနက်က ကျောင်းမသွားခင်မှာ ကျွန်မကိုယ်တိုင် စောင်ကိုသေသေချာချာခေါက်ပြီး တိုးဝေ၏ကုတင်ခြေရင်းတွင် တင်ထားခဲ့သည်။ အခုတော့ အဲသည်နေရာမှာ ဟာလာဟင်းလင်းဖြစ်နေသည်။

စောင်. . .၊ စောင် ဘယ်ရောက်သွားပြီလဲ။

ရုတ်တရက် ကျွန်မအကြည့်က အခန်းထောင့်ဆီသို့ အလိုအလျောက်ဝေ့ဝဲသွားသည်။ ရောင်စုံအကွက်များဖြင့် လှပစွာပုံဖော်ထားသည့်စပ်စောင်က အခန်းထောင့်တွင် ပုံလျက်သားကျနေ၏။ ရုတ်တရက်မြင်လိုက်ရသည့်ထိုခဏတွင် စောင်ပုံထဲမှ မည်းနက်သောသတ္တဝါတစ်ကောင်၏မျက်လုံးတစ်စုံက ကျွန်မကိုစိုက်ကြည့်နေသည်ဟု ခံစားလိုက်ရသည့်အတွက် ကျောထဲမှာစိမ့်ပြီး ကြောက်သွားမိ၏။

ဟင်. . .မဟုတ်သေးပါဘူး။ ငါ မျက်စိမှားတာများလား။

ကျွန်မစိတ်ထဲတွင် ထိုသတ္တဝါကို ကြောင်ပေါက်စငယ်လေးတစ်ကောင်လားဟု ထင်လိုက်မိသေးသည်။ သို့သော် သေသေချာချာထပ်ကြည့်လိုက်သောအခါတွင်တော့ မည်သည့်သတ္တဝါမျှရှိမနေပါ။

ပိုပြီးစိတ်ချရအောင် တံမြက်စည်းတစ်ချောင်းကိုယူကာ အပုံလိုက်ဖြစ်နေသောစောင်ကို လှမ်းရိုက်ပုတ်ကြည့်လိုက်၏။ မည်သည့်

www.foreverspace.com.mm

သတ္တဝါမျှ ထွက်မလာတော့မှပင် ကျွန်မလည်း စိတ်ချလက်ချဖြင့် စောင်ကိုကောက်ယူပြီး ဖြန်းဖြန်းမြည်အောင် ဖြန့်ခါလိုက်သည်။

အခန်းထဲသို့ကျနေသော နေရောင်အောက်တွင် စောင်ကို ကျွန်မ သေသေချာချာကြည့်မိသည်။ တွဲစပ်ချုပ်ထားသော ပိတ်စ အကွက်များသည် အရောင်ချင်းနီးစပ်သင့်လျော်ရာ ဖြစ်ကတတ်ဆန်း သီထားခြင်းမဟုတ်သည်ကို အခုမှပင် သေသေချာချာ သိလိုက်ရတော့၏။

စောင်တွင်ပါရှိသော အကွက်တစ်ကွက်တိုင်းသည် ရှုခင်းမြင် ကွင်းတစ်ခုဆီကို သရုပ်ဖော်ထားခြင်းဖြစ်သည်။ မိုးရွာထဲတွင် ကလေး တွေဘောလုံးကန်နေသည့်မြင်ကွင်းမျိုးလည်းပါသည်။ နောက်တစ်ကွက် ကတော့ နွေရာသီမြင်ကွင်းဖြစ်၏။ အဲသည်မြင်ကွင်းထဲ၌ ကလေးတွေ က ပင်လယ်ကမ်းစပ်မှာ ဆော့ကစားနေကြသည်။

အကွက်တွေက များလွန်းသောကြောင့် ကျွန်မ စုံအောင် မကြည့်နိုင်။ သို့သော် အချို့အကွက်များတွင်ပါရှိသည့် လူမျက်နှာ များက ကျွန်မကို စိုက်ကြည့်နေသလိုခံစားရ၏။ ရုတ်ချည်းဆိုသလို ပင် ကျွန်မစိတ်ထဲ၌ ထူးဆန်းသော ထင်ယောင်မှားမှုတစ်ခု ဖြစ်ပေါ် လာသည်။ဟောသည်အခန်းထဲ၌ ကျွန်မပတ်ပတ်လည်တွင် လူပေါင်း များစွာရောက်နေကြသလို ခံစားရခြင်းဖြစ်လေသည်။

အဲသည့်လူတွေအားလုံးက ကျွန်မကို ကြောက်မက်ဖွယ်ရာ စိုက်ကြည့်နေကြပြီး သူတို့၏ပါးစပ်များကို အစွမ်းကုန်ဖြဲဟကာ တစ်စုံ တစ်ရာအော်ပြောနေသည်ဟု အောက်မေ့မိသည်။

ကြောက်လန့်တကြားဖြင့် ကျွန်မလက်ထဲမှ စောင်ကိုလွှတ်ချ လိုက်မိသည်။

အခန်းတစ်ခုလုံးကား တိတ်ဆိတ်မြဲတိတ်ဆိတ်နေ၏။

အဓိပ္ပါယ်မရှိသော ကျွန်မ၏ သွေးရူးသွေးတန်းအာရုံမှားမှု

www.foreverspace.com.mm

တစ်ခုသာဖြစ်လေသည်။ ကျွန်မက သက်ပြင်းကိုချပြီး စောင်ကို ပြန်ကောက်ယူလိုက်၏။

ကျွန်မ ထင်ထားသလို စောင်ကိုပုံဖော်ချုပ်လုပ်ထားသည့် အကွက်တိုင်းတွင် ရုပ်ပုံတွေအပြည့်ပါနေသည်ချည်းတော့မဟုတ်ပါ။ စောင်၏ အနားသတ်နေရာများနှင့် ထောင့်ကွက်များတွင်တော့ ရုပ်ပုံ မပါဘဲ အရောင်သက်သက် ပိတ်စကွက်များဖြင့် ချုပ်လုပ်ထား၏။

တကယ်တော့ ဒီစောင်သည် သာမန်စပ်စောင်ရိုးရိုးတစ်ထည်သာဖြစ်ပါသည်။

●

မနက်မိုးလင်းမည်မှမကြံသေး အမြွှာညီအစ်ကိုအခန်းမှ ဆူဆူညံညံငြင်းခုန်သံကို ကြားရပြန်လေသည်။ ထုံးစံအတိုင်း စောင်ကိုလုနေကြခြင်းဖြစ်သည်။

"ဒါ. . . ငါ့ဟာ"

"ငါ့ဥစ္စာပါကွ"

"ဟင့်အင်း. . . မင်းဟာမဟုတ်ဘူး၊ ဒါ ငါ့စောင်"

"ငါ့စောင်ပါလို့ဆိုနေ"

"မဟုတ်ဘူး. . . မဟုတ်ဘူး. . . မင်းစောင်မဟုတ်ဘူး"

တစ်ယောက်ယောက်ကသာ ဝင်မတားလျှင် သူတို့ သည် တစ်နေ့လုံး ဆက်ငြင်းခုံနေကြမည့်ပုံပေါ်သည်။ (၁၅)မိနစ်ခန့်ကြာသော အခါ ကျွန်မ သည်းမခံနိုင်တော့။ ကျွန်မ ကုတင်ပေါ်မှဆင်းပြီး သူတို့ အခန်းဝသို့ သွားရပ်ကာ စိတ်ရှိလက်ရှိအော်ပစ်လိုက်မိသည်။

"ပါးစပ်ပိတ်ထားကြစမ်း"

ထိုအချိန်တွင် မေမေက နောက်မှရောက်လာပြီး . . .

"မောင်လေးတွေကို အဲဒီလိုမငေါက်နဲ့လေ သမီးရဲ့"

www.foreverspace.com.mm

မေမေ့ကိုမြင်သွားသောအခါ သူတို့နှစ်ယောက်က ပိုပြီးအားတက်သရောငြင်းကြပြန်သည်။ တိုးဝေက သူ့တစ်ကိုယ်လုံးကို စောင်ဖြင့်ပတ်ထား၏။ မိုးဝေက စောင်အစွန်းမှ မလွှတ်တမ်းဆုပ်ကိုင်ကာ တရွတ်တိုက်ဆွဲနေသည်။

သူတို့ကိုကြည့်ပြီး ကျွန်မ စိတ်တိုလာသည်။ ထို့ကြောင့် ထပ်ခိုးပေါ်တက်ပြီး တူတစ်ချောင်းနှင့် စာအုပ်ချုပ်သည့် သံအသေး(၄)ချောင်း သွားယူလိုက်သည်။ ထို့နောက် အမြွှာနှစ်ကောင်ကြား အတင်းဝင်ကာ စောင်ကိုလုယူလိုက်၏။

ပြီးတော့ စောင်ကို နံရံမှာကပ်၍ဖြန့်ကာ ထောင့်(၄)ထောင့်ကို သံဖြင့်ရိုက်ထားလိုက်လေတော့သည်။

"ကဲ. . . မှတ်ကရော၊ အဲဒီစောင်ကို နင်တို့ ဘယ်သူမှ လုလို့မရတော့ဘူးမဟုတ်လား"

ကျွန်မက စိတ်တိုတိုဖြင့်ပြောလိုက်သည်။ မေမေကတော့ ပြုံးဖြီးဖြီးနှင့်ကြည့်ကာ. . .

"အံမယ်. . . စောင်က နံရံမှာ ဒီလိုကပ်ထားတော့လည်း တစ်မျိုးကြည့်ကောင်းတာပဲဟဲ့"

အမြွှာနှစ်ကောင်ကတော့ အခန်းထဲတွင် ခြေဆောင့်ပြီးကျန်ခဲ့၏။ စကားတစ်ခွန်းမှမဆိုဘဲ ကျွန်မ လှည့်ထွက်ခဲ့သည်။

ကျွန်မ ရင်ထဲမှာ စိုးရိမ်ချောက်ချားမှုတစ်ခု ကပ်ငြိပါလာသည်ကို ကျွန်မ တစ်ယောက်တည်းသာသိသည်။

အော်သံ. . .။

စောင်ကို နံရံမှာ သံဖြင့်တစ်ချက်ရိုက်သွင်းလိုက်တိုင်း စောင်က လူအော်သလိုမျိုး နာနာကျင်ကျင်အော်ဟစ်ညည်းတွားလိုက်သည်ကို ကျွန်မ တစ်ယောက်တည်းသာ ကြားခဲ့ရခြင်းဖြစ်လေသည်။

●

www.foreverspace.com.mm

ညက ဖေဖေနှင့်မေမေတို့ တိုးတိုးတိတ်တိတ်ကျိတ်ပြီး ရန်ဖြစ်နေကြသည့်အသံကို ကျွန်မ ကြားရသည်။ အဓိကကတော့ ပိုက်ဆံကိစ္စပင်ဖြစ်၏။ အမြွှာနှစ်ယောက်ကို ကျောင်းအပ်ရတော့မည်။ ကျောင်းစရိတ်ရော၊ အဝတ်အစားဖိုးရော အခြားထွေရာလေးပါးတွေ အားလုံးစုံအောင်ဝယ်ဖို့ ပိုက်ဆံကမလောက်။

နောက်တော့ ကျွန်မနာမည်ကိုပါ တစ်စွန်းတစ်စကြားလိုက်ရသဖြင့် ရပ်ပြီးနားထောင်ကြည့်မိ၏။

"ဒါဆို သမီးကြီးရဲ့စက်ဘီးကို ရောင်းလိုက်ရင်ကော"

"မဖြစ်ဘူးထင်တယ် ကိုသိန်း၊ သမီးက သူ့စက်ဘီးကို အရမ်းမြတ်နိုးတာနော်"

"ငါလည်းသိပါတယ်၊ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ၊ အမေတို့ဆီကလည်း ချေးထားတာများလှပြီ"

"အင်းပေါ့လေ၊ လောလောဆယ် အမြွှာနှစ်ကောင်က ပိုအရေးကြီးနေတာကိုး"

ကျွန်မရင်ထဲတွင် နာကျင်စွာဖြင့် နှုတ်ခမ်းကိုဖိကိုက်ထားလိုက်မိသည်။ အမြွှာနှစ်ကောင်က ပိုအရေးကြီးသတဲ့လား။ ဘာပဲဖြစ်ဖြစ် ကျွန်မမိဘများ၏အခက်အခဲကို ကျွန်မနားလည်ပါသည်။ နောက်တစ်နေ့မနက်တွင် မေမေက ကျွန်မကိုခေါ်ပြီး . . .

"မေမေကော ဖေဖေကော အပြင်သွားစရာရှိတယ်သမီး၊ ညနေကျမှပြန်ရောက်မယ်၊ သမီးမောင်လေးတွေကို ထိန်းထားလိုက်နော်"

ကျွန်မအထင်ပြောရလျှင် သူတို့နှစ်ယောက်စလုံး တစ်နေရာရာမှာ ပိုက်ဆံသွားချေးဖို့ စီစဉ်ထားကြပုံရသည်။ ထို့ကြောင့် ကျွန်မက . . .

"ဟုတ်ကဲ့ပါမေမေ၊ သမီးထိန်းလိုက်ပါ့မယ်"

ကျွန်မတို့ပြောနေသည်ကို အမြွှာနှစ်ကောင်ကကြားသွား

www.foreverspace.com.mm

ပြီး. . .

"ဟင့်အင်း. . . ဟင့်အင်း. . . သားတို့လည်းလိုက်မယ်၊ မမနဲ့ မနေခဲ့ချင်ဘူး၊ သူက အကျင့်ယုတ်တယ်"

"ဟုတ်တယ်မေမေ၊ မမက သားတို့ကို ငိုအောင်လုပ်တယ်"

မေမေက သူတို့နှစ်ယောက်၏ဆံပင်များကို အသာအယာ ပွတ်သပ်ပေးရင်း. . .

"ဒီလိုမပြောရဘူးလေ သားတို့ရဲ့၊ သားတို့ရဲ့အစ်မက သားတို့ကိုချစ်ပါတယ်၊ ကဲ. . . ကောင်းကောင်းနေခဲ့ကြနော်"

သည့်နောက်တော့ ဖေဖေနှင့်မေမေတို့နှစ်ဦးစလုံး ကသုတ်ကရက်ဖြင့် အိမ်မှထွက်သွားကြသည်။ ကျွန်မက အမြွှာနှစ်ကောင် ဘက်သို့လှည့်လိုက်ပြီး မကျေမနပ်ဖြင့် တစ်ချက်ပြုံးလိုက်ရင်း. . .

"ကဲ. . . နင်တို့နှစ်ယောက် ငါနဲ့ကစားမလား"

သူတို့နှစ်ယောက်က ကျွန်မကို မျက်လုံးပြူးကြည့်နေရာမှ. . .

"ဘာကစားမှာလဲ"

ဟု သံပြိုင်မေး၏။

"သရဲခြောက်တမ်းကစားမယ်လေ"

"ဟင့်အင်း. . . ဟင့်အင်း. . . မကစားချင်ဘူး၊ နင်က ငါတို့ကို တကယ်ကြောက်အောင်ခြောက်တယ်"

အမြွှာနှစ်ကောင်က ထိတ်လန့်တကြားဖြင့် ခါးခါးသီးသီးငြင်းကြသည်။ ကျွန်မက. . .

"ဟင့်အင်း. . . ငါကတော့ သရဲခြောက်တန်းပဲကစားမယ်"

"ဟင့်အင်း. . . ဟင့်အင်း ငါတို့ကိုမခြောက်နဲ့"

အမြွှာနှစ်ကောင်က ဧည့်ခန်းထဲသို့ပြေးဝင်သွားကြပြီး ကုလားထိုင်နောက်တွင် အလုအယက်ဝင်ပုန်းကြသည်။ သူတို့ကိုယ်သူတို့ တော့ လုံလှပြီဟုထင်နေပေလိမ့်မည်။

www.foreverspace.com.mm

ကျွန်မက အခန်းသို့ပြန်ကာ ဗီရိုအံဆွဲကိုဖွင့်လိုက်၏။ ဟိုးအရင် တစ်နှစ် မူဆယ်သို့သွားစဉ်တုန်းက ကျွန်မ ဝယ်လာခဲ့သည့် အလွန်ကြောက်စရာကောင်းသော ရာဘာမျက်နှာဖုံးတစ်ခုရှိသည်။ ကျွန်မက ထိုမျက်နှာဖုံးကိုတပ်ဆင်ပြီး ဧည့်ခန်းထဲသို့ဝင်လိုက်၏။

"ဂရူး. . . ဝါး. . . ဝါး"

ကျွန်မက ကြောက်စရာကောင်းသည့်အသံကို ပေးလိုက်သည်နှင့်တစ်ပြိုင်နက် အမြွှာနှစ်ကောင်စလုံး ငယ်သံပါအောင်အော်ကာ ကုလားထိုင်နောက်မှထပြီး ပြေးတော့သည်။ မေမေတို့ အခန်းထဲပြေးဝင်သွားသည်ကို တွေ့လိုက်ရ၏။

ထိုအခန်းထဲသို့ ကျွန်မ လိုက်သွားသောအခါ သူတို့ နှစ်ယောက်စလုံး ကုတင်ပေါ်ရောက်နေပြီး မျက်နှာကို ခေါင်းအုံးဖြင့်ကွယ်ထားကြ၏။ ကျွန်မက. . .

"ဂရဲ. . . ရဲ. . . ရဲ နင်တို့ကို. . . ဂုတ်ချိုးပြီးစားပစ်မယ်"

"အား. . ."

"အမယ်လေး. . ."

သူတို့ညီအစ်ကိုနှစ်ယောက် ကုတင်ပေါ်မှ တစ်ကိုယ်လုံးလိုမ့်ကာဆင်းရင်း ခြေထောက်နှင့် ကြမ်းပြင်ထိသည်နှင့်တစ်ပြိုင်နက် သုတ်ခြေတင်ပြေးသွားကြသည်ကို ကြည့်ရသည်မှာ အလွန်ပျော်စရာကောင်းလေသည်။ သည်တစ်ကြိမ်တွင်တော့ အမြွှာညီနောင်က သူတို့အိပ်သော အခန်းထဲသို့ ဝင်ပြေးကြခြင်းဖြစ်သည်။

သူတို့အခန်းတံခါးကို အတွင်းမှ သော့ချပြီးပိတ်မထားနိုင်ခင်ရောက်သွားအောင် ကျွန်မက အသံမျိုးစုံအော်မြည်လျက် နောက်မှခပ်သုတ်သုတ်လိုက်သွားသည်။ အမြွှာညီနောင်ကတော့ တံခါးသော့ပိတ်ဖို့ပင်သတိမရ။ တိုးဝေ၏ကုတင်ပေါ်သို့ နှစ်ယောက်စလုံး အလုအယက်တက်ပြီး စောင်ကိုခေါင်းမြီးခြုံဖို့ နှစ်ယောက်အပြိုင်လုနေကြ၏။

ထူးတော့ထူးဆန်းတယ်. . .။

www.foreverspace.com.mm

မနေ့ကပင် ဒီစောင်ကို နံရံမှာသံဖြင့်ရိုက်ပစ်ခဲ့တာ မဟုတ် လား။ အခု ဘယ်လိုဖြစ်ပြီး တိုးဝေရဲ့ကုတင်ပေါ် ပြန်ရောက်နေတာပါ လိမ့်။ မေမေက ပြန်ဖြုတ်ပေးခဲ့တာများလား။

ကျွန်မ စဉ်းစားနေချိန်မှာပင် အမြွှာနှစ်ကောင်စလုံး စောင်အောက်သို့ရောက်သွားကြပြီဖြစ်သည်။ သူတို့နှစ်ယောက်စလုံးကုတင်ပေါ်တွင် ငုတ်တုတ်ထိုင်ရင်း ခေါင်းဖျားမှခြေဖျားအထိ တစ်ကိုယ်လုံးလုံအောင် စောင်ကြီးဖြင့်ရစ်ပတ်ထားရသည်ကိုကြည့်ကာ ကျွန်မ ရယ်ချင်လာသည်။

ကြာကြာနေလျှင် စောင်အောက်မှာ နှစ်ယောက်စလုံးမွန်းပြီး အသက်ရှူကြပ်မှာကိုပင် စိုးရိမ်ရသည်။ အခုလည်း နှစ်ကောင်သား အကြောက်လွန်ပြီး တဆတ်ဆတ်တုန်နေသောကြောင့် အဝတ်ပုံကြီး တစ်ခု တလှုပ်လှုပ်တရွရွ ဖြစ်နေသည်နှင့်တူနေ၏။

ကျွန်မက. . .

"နင်တို့. . . ငါ့ကိုကြောက်ပြီလား"

"ကြောက်ပါပြီ. . . ကြောက်ပါပြီ"

"နင်တို့ တကယ်ကြောက်တာဟုတ်လို့လား"

"တကယ်ကြောက်တာပါ၊ ငါတို့ကို မခြောက်ပါနဲ့တော့"

ကျွန်မက ပြုံးလိုက်မိ၏။ ထို့နောက်. . .

"အေး ဒါဆိုလည်းပြီးရော၊ နောက်ဆို ဆူညံဆူညံလုပ်မယ် စိတ်မကူးနဲ့၊ ဒီ့ထက်ပိုဆိုးမယ်မှတ်"

ရုတ်တရက်ဆိုသလို သူတို့ထံမှငိုသံကြားရ၏။ ကျွန်မလုပ် တာ တော်တော်လွန်သွားပြီထင်သည်။ ထို့ကြောင့် ကျွန်မက မျက်နှာဖုံးကိုချွတ်လိုက်ရင်း. . .

"ကဲ. . . ကဲ တော်ပြီ၊ နင်တို့နှစ်ကောင် ထွက်လာခဲ့ကြတော့"

သူတို့ ထွက်မလာကြချေ။

www.foreverspace.com.mm

"ဟဲ့. . . ဘာလုပ်နေကြတာလဲ၊ နင်တို့ တစ်နေကုန် စောင်ခေါင်းမြီးခြုံပြီး ပုန်းနေကြမလို့လား"

သူတို့က ငိုသံပါကြီးဖြင့် . . .

"ငါတို့. . . ငါတို့ ပုန်းနေတာမဟုတ်ဘူး၊ ဒီ စောင်အောက်က ထွက်လို့မရတော့ဘူး"

"ဘာ!"

စောင်ကိုဖယ်မပြီးထွက်ဖို့ ရုန်းကန်နေကြသည့်ဟန်ကို ကျွန်မ မြင်နေရသည်။ သို့သော် ဘာကြောင့်မှန်းမသိ။ စောင်က ကွာမသွား။ ကျွန်မက. . .

"ဟဲ့. . . ဘာဖြစ်နေကြတာလဲ"

ပြောပြောဆိုဆိုဖြင့် ကျွန်မက သူတို့ကိုယ်ပေါ်မှစောင်ကို ဆွဲယူရန်လက်လှမ်းလိုက်သည်။ သို့သော် ကျွန်မမျက်စိအောက်မှာပင် စောင်က သူ့အလိုအလျောက် တစ်ပတ်ပတ်ကာ တင်းတင်းကြပ်ကြပ်ကြီး ရစ်ပတ်လိုက်သည်ကိုမြင်ရ၏။

"အား. . . လုပ်ပါဦး၊ သေတော့မယ်"

"ကယ်ကြပါ. . . ကယ်ကြပါ"

ဒါ. . . နောက်ပြောင်နေခြင်းမဟုတ်။ အမြွှာနှစ်ကောင်၏အသံက သွေးပျက်တော့မတတ် ဇောကပ်နေသည်။ ကျွန်မက အထိတ်တလန့်ဖြင့် စောင်ကိုလှမ်းဆွဲသည်။ မရ။

စောင်က အသက်ဝင်နေသော သတ္တဝါတစ်ကောင်လို တိုးဝေနှင့်မိုးဝေကို တစ်ပတ်ပြီးတစ်ပတ် ချုပ်နှောင်ရစ်ပတ်နေ၏။

စောင်ဖြင့်ထုပ်ပိုးခံထားရသော မိုးဝေနှင့်တိုးဝေတို့၏ ကိုယ်လုံးများမှာ တဖြည်းဖြည်း ကျုံ့ဝင်နေသလို အောက်မေ့ရသည်။ စောင်ထုပ်က တင်းကြပ်သထက်တင်းကြပ်၊ ကျစ်သထက် ကျစ်လစ်ကာ အရွယ်အစား သေးငယ်လာသောကြောင့်ဖြစ်သည်။

"မဖြစ်နိုင်ဘူး. . . မဖြစ်နိုင်ဘူး"

www.foreverspace.com.mm

ကျွန်မက သွေးရူးသွေးတန်းပြောရင်း စောင်ကိုအတင်းဆွဲခွာဖို့ကြိုးစားနေသည်။

“အား. . .”

“အီး. . . ဟီး. . . ဟီး”

မိုးဝေနှင့်တိုးဝေတို့၏ ငိုသံများက တဖြည်းဖြည်း တိုးဖျော့လာလေပြီ။ မကြားရတော့သလောက် ငွေ့ငွေ့သာကျန်တော့၏။

နောက်ဆုံးတွင် ကျွန်မက စောင်၏အစွန်းတစ်ဖက်ကို မိမိရရဆုပ်ကိုင်မိသွားပြီး ကုတင်ကိုခြေဖြင့်ပြန်ကန တအားဆောင့်ဆွဲယူလိုက်သည်။

“ဟင်. . .”

စောင်က ကျွန်မလက်ထဲသို့ ပေါ့ပါးစွာပါလာသောကြောင့် အရှိန်လွန်ပြီး နောက်ပြန်လဲကျတော့မတတ် ဖြစ်သွား၏။

သို့သော် ကျွန်မလက်ထဲတွင် စောင်ချည်းသက်သက် ပါလာခြင်း ဖြစ်သည်။ အမြွှာနှစ်ကောင်ကား ကုတင်ပေါ်တွင် ရှိမနေကြတော့။

သူတို့ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားလေပြီ. . .။

ကျွန်မ သွေးရူးသွေးတန်း အော်ဟစ်ငိုယိုရင်း စောင်ကိုတဖြန်းဖြန်းခါကာ လက်ထဲတွင် ဆုပ်ချေမိနေသည်။

ကျွန်မ မောင်လေးနှစ်ယောက် ဘယ်ရောက်သွားပြီလဲ. . .။

အသိစိတ်တွေကင်းမဲ့ကာ ကျွန်မ ဆောက်တည်ရာမရသူတစ်ယောက်လိုဖြစ်သွား၏။ မေ့မေ့စားပွဲပေါ်မှ ကတ်ကြေးတစ်လက်ကို ကမန်းကတန်းသွားပြေးပြီးယူလာခဲ့သည်။ ထို့နောက် ကြမ်းပြင်ပေါ်ပြစ်ချထားခဲ့သောစောင်ကို ကောက်ယူပြီး အစိတ်စိတ်အမွှာမွှာဖြစ် အောင်ကတ်ကြေးဖြင့် ညှပ်ပစ်လိုက်မည်ဟုရွယ်လိုက်၏။

“ဟာ. . .”

ကျွန်မ မြင်လိုက်ရသောမြင်ကွင်းကြောင့် လက်ထဲမှကတ် ကြေးလွတ်ကျသွားသည်။

www.foreverspace.com.mm



စောင်၏အနားထောင့်စွန်းမှ လေးထောင့်ကွက်တစ်ကွက်ကို ကြက်သေသေကာ စိုက်ကြည့်နေမိ၏။

အရင်တစ်ခါကြည့်တုန်းက အနားထောင့်စွန်းအကွက်တိုင်းသည် ရုပ်ပုံမပါသော အရောင်သက်သက်နှင့် ဇလာကွက်များဖြစ်ကြောင်း ကျွန်မ သေသေချာချာမှတ်မိနေခဲ့သည်။

အခု. . . အခုတော့. . . ။ စောင်၏ အနားထောင့်စွန်းကွက်တစ်ကွက်ထဲတွင် လူမျက်နှာပုံနှစ်ခုရောက်နေသည်ကို တွေ့လိုက်ရသည်။

တိုးဝေနှင့်မိုးဝေတို့၏မျက်နှာတွေမှန်း ကျွန်မ ချက်ချင်းမှတ်မိလိုက်သည်။

ရုပ်ပုံထဲတွင် သူတို့နှစ်ယောက်သည် ပါးစပ်များကိုအစွမ်းကုန်ဟကာ ထိတ်လန့်တကြားအော်ဟစ်နေကြ၏။

●

အခုတော့ ကျွန်မတို့အိမ်ရှေ့တွင် ဖေဖေနှင့်မေမေတို့က တစ်ပတ်ရစ်ပစ္စည်းအဟောင်းရောင်းသည့် အိမ်ဆိုင်လေးဖွင့်ထားသည်။

“မောင်ရေ. . . ကြည့်စမ်း၊ ဒီဆိုင်မှာ ကလေးပစ္စည်းတွေ များတယ်နော်”

ကျွန်မတို့ဆိုင်တွင် ဈေးလာဝယ်သည့်အမျိုးသမီးကြီးက သူမ၏ခင်ပွန်းဖြစ်သူကို လှမ်းပြောလိုက်၏။ သူတို့လင်မယား၏နောက်တွင် သူတို့သမီးဖြစ်ဟန်တူသည့် ကလေးမလေးတစ်ဦးရပ်နေသည်ကို တွေ့ရသည်။

ဈေးဝယ်သူအမျိုးသားက ကျွန်မမေမေကို လှမ်းပြောနေသံကြားရ၏။

“ဟော. . . ဒီမှာ ကလေးအဝတ်အစားတွေက ဆင်တူနှစ်စုံ

www.foreverspace.com.mm

စီပါလား၊ ဧကန္တ အစ်မကြီးတို့မှာ ကလေးအမွှာရှိပုံရတယ်၊ အခုကော သူတို့တွေ တော်တော်ကြီးကုန်ကြပြီလား"

မေမေက နားမလည်သလိုပြန်ကြည့်ရင်း . . .

"ဟင့်အင်း. . . ကျွန်မမှာ သားသမီး အမွှာမရှိပါဘူး"

"ဟင်. . . ဒါဆို ဟောဒီကလေးဝတ်စုံတွေအားလုံးက ဘာဖြစ်လို့ ဆင်တူနှစ်စုံစီဖြစ်နေရတာလဲ"

စျေးဝယ်သူအမျိုးသားက ထပ်မေးနေပြန်သည်။ မေမေက ခေါင်းကိုလေးလေးပင်ပင် ခါယမ်းရင်း. . .

"ကျွန်မလည်းမပြောတတ်ဘူး၊ ကျွန်မတို့ ဒီအိမ်ကို မဝယ်ခင်ကတည်းက အရင်အိမ်ပိုင်ရှင်က သူ အသုံးမလိုတာတွေ ထားပစ်ခဲ့တယ်ထင်တာပဲ"

တကယ်တော့ ဖေဖေရောမေမေပါ သူတို့မှာ တိုးဝေနှင့်မိုးဝေဆိုသည့် သားအမွှာနှစ်ယောက်ရှိခဲ့ဖူးကြောင်းကို ထူးဆန်းစွာပင် လုံးဝမေ့လျော့သွားပြီဖြစ်၏။

သူတို့ဦးနှောက်ထဲတွင် တိုးဝေနှင့်မိုးဝေသည် ဗလာဟင်းလင်းဖြစ်သော ကွက်လပ်တစ်ခုအဖြစ်သာ ကျန်ရစ်ခဲ့တော့သည်။

ကျွန်မရင်ထဲတွင် နာကျင်စွာဖြင့် ငေးကြည့်နေမိသည်။

ထိုစဉ် စျေးဝယ်သူလင်မယား၏သမီးဖြစ်သူက ကျွန်မရှေ့တွင်ချထားသော စောင်ကို ကောက်ကိုင်ကြည့်လိုက်သည်။

"မေမေ ဒီမှာကြည့်စမ်း၊ ဟောဒီစောင်က ပိတ်စအကွက်တွေကွက်ပြီးချုပ်ထားတာ၊ အရမ်းလှတာပဲနော်"

"သမီး မုန့်ဖိုးထဲကနေ မောင်လေးအတွက်ဝယ်ပေးလိုက်ပါလား"

သူမအမေဖြစ်သူစကားကြောင့် ကောင်မလေး၏နှုတ်ခမ်းက အနည်းငယ်ပြုံးသွား၏။ ထို့နောက် ကျွန်မဘက်သို့လှည့်ပြီး. . .

"ဒီစောင်က ဘယ်လောက်လဲဟင်"

www.foreverspace.com.mm

ကျွန်မ သူ့ကို ကြာမြင့်စွာကြည့်နေမိသည်။ ပြီးတော့မှ. . .

"ယူလိုက်ပါ၊ ပိုက်ဆံမပေးပါနဲ့"

ထိုသို့ပြောပြီး ကျွန်မ အနည်းငယ်ခြောက်ကပ်စွာ ရယ်မောလိုက်မိလေသည်။

■

www.foreverspace.com.mm

## အခန်း (၁)

ရှေးဟောင်းပစ္စည်းအရောင်းဆိုင်တစ်ဆိုင် . . . ။

ည(၇)နာရီကျော်ပြီဖြစ်သောကြောင့် ‘ဆိုင်ပိတ်သည်’ ဟူသော ဆိုင်းဘုတ်ကို အပြင်ဘက်မှာချိတ်ဆွဲထား၏။ သို့သော် စေ့ထားသော တံခါးများကြားမှ ဖြာထွက်နေသော ဝါကျင့်ကျင့်မီးအလင်းရောင်ကြောင့် ဆိုင်အတွင်းမှာ လူရှိနေမှန်း တွက်ဆ၍ရ၏။

အပြင်ဘက်ကားလမ်းမပေါ်တွင် လူသူကင်းရှင်းနေသည်။ တစ်ခါတစ်ရံမှသာ ဖြတ်သန်းမောင်းနှင်သွားသော လော်ရီကားကြီးတစ်စင်းတလေ၏ စက်သံနှင့်တုန်ခါမှုကို ခံစားရ၏။

ထိုစဉ် ငှက်ဆိုးတစ်ကောင် တစ်ဂစ်ဂစ်အော်မြည်လျှက် ဆိုင်ပေါ်မှဖြတ်ကာ ပျံသန်းသွားလေသည်။

www.foreverspace.com.mm

"ကျုပ်ဆီမှာ ခင်ဗျားလိုချင်တဲ့ ပစ္စည်းပါလာပြီ"

နှုတ်ခမ်းမွှေးထူထူနှင့် ကျောက်ပေါက်မာအနည်းငယ်ရှိသော 'စိန်ကြီး'ဆိုသူက အသံပြတ်ပြတ်ဖြင့်ပြောလိုက်၏။ စိန်ကြီး၏မျက်လုံးများကလည်း ရှေးဟောင်းပစ္စည်းဆိုင် အတွင်းခန်းကျဉ်းကျဉ်းလေး အနှံ့ ကျီးကန်းတောင်းမှောက် အလွတ်မပေးဘဲ အကဲခတ်နေ၏။

ဆိုင်အတွင်း၌ကား စိန်ကြီးအပြင် အခြားသူဟူ၍ ဆိုင်မန်နေဂျာ ဦးလှကြိုင်နှင့် ဦးလှကြိုင်၏လက်ရုံးတပည့် သာဒွန်းဦးတို့နှစ်ယောက်တည်းသာရှိ၏။

ကျီးကန်းတောင်းမှောက်ဖြစ်နေသည့် စိန်ကြီး၏မျက်လုံးများ က တစ်ချက်ကျဉ်းမြောင်းသွားကြသည်။

'ငါ့ကို တစ်ပတ်ရိုက်မယ်ကြံလို့ကတော့ ဒီလူနှစ်ယောက် လောက်ကို ငါ ကောင်းကောင်းနိုင်ပါတယ်' ဟူသောအတွေးဖြင့် သူ့ ဂျာကင်အင်္ကျီ အိတ်ထဲတွင်ပါလာသော ခြောက်လုံးပြူးကို မသိမသာ ဖိစမ်းလိုက်၏။

ဦးလှကြိုင်ဆိုသူက အသက်(၆၀)နားနီးနေသော ပိန်ပိန်ကိုင်း ကိုင်း လူအိုတစ်ယောက်။ သူ့တပည့် သာဒွန်းဦးကတော့ အသက်(၂၀) ပင်မပြည့်သေးသော မလောက်လေးမလောက်စား ချာတိတ်မျှသာ ဖြစ်သည်။ ထို့ကြောင့် စိန်ကြီးက သူ့ကိုသူလုံခြုံပြီဟု အပိုင်တွက် လိုက်၏။

ဦးလှကြိုင်က . . .

"ပစ္စည်းပါရင်လည်း ပြလေကွာ"

စိန်ကြီးက သူ့လက်ထဲတွင်ကိုင်လာသည့် အနက်ရောင် လက်ဆွဲသေတ္တာကို ဦးလှကြိုင်ရှေ့ရှိစားပွဲပေါ်သို့ အသာအယာ တင်လိုက်သည်။ ထိုအချိန်တွင် ဦးလှကြိုင်က မျက်ရိပ်ပြလိုက်သော ကြောင့် သာဒွန်းဦးက စိန်ကြီးနှင့် မျက်စောင်းထိုးသာသာလောက် တွင်ရှိသော ပန်းပုရုပ်တစ်ရုပ်များတင်ထားသည့်စင်အနီးသို့ ရွှေ့ပြီး

www.foreverspace.com.mm

ရပ်နေလိုက်၏။ ပန်းပုရုပ်၏နောက်ကျောဘက်တွင်တော့ (ပွိုင့် 303) အမဲလိုက်ရိုင်ဖယ်တစ်လက်ကို ဝှက်ပြီးထောင်ထားသည်။

စိန်ကြီးက သူယူဆောင်လာသော လက်ဆွဲသေတ္တာကို ဖြည်းဖြည်းချင်းဖွင့်လိုက်သည်။

ကျန်နှစ်ဦးစလုံးက အသက်ရှူရန်ပင်မေ့လျော့နေကြပြီး လက်ဆွဲသေတ္တာထဲတွင် ပါလာသည့်ပစ္စည်းကို မျက်တောင်မခတ် ငေးစိုက်ကြည့်နေကြ၏။

လက်ဆွဲသေတ္တာထဲတွင်ကား အနက်ရောင်ကတ္တီပါစပေါ်တွင် တင်ထားသည့် သော့တစ်ချောင်း. . .။

သော့၏ပုံသဏ္ဌာန်က ဘာမှမထူးခြားပါ။ သာမာန်မြင်တွေ့နေကျ အခန်းတံခါးလက်ကိုင်ဘုသော့ အိမ်အတွင်းသို့ ထိုးသွင်းလှည့်ဖွင့်ရသည့် သော့တစ်ချောင်းပင်ဖြစ်သည်။ သော့နှင့်ချိတ်တွဲထားသည့် အနီရောင်ပလတ်စတစ်သော့တွဲပြား အပေါ်တွင်ကား လက်သုံးလုံးခန့်ရှိသော ဆယ့်သုံး(13)ဂဏန်းကို အင်္ဂလိပ်အက္ခရာဖြင့် ရွှေရောင်ဖောင်းကြွရိုက်နှိပ်ထား၏။ ဟော်တယ်တစ်ခုခုမှယူလာသည့် အခန်းသော့တစ်ချောင်းဖြစ်ပေလိမ့်မည်။

စိန်ကြီးက သော့ကိုပြလိုက်ပြီးနောက် သူ့နှဖူးပေါ်တွင်စို့နေသည့်ချွေးစက်များကို လက်ခုံဖြင့်သုတ်လိုက်၏။ သူတင်မကပါ။ ဦးလှကြိုင်နှင့် သာဒွန်းဦးတို့နှစ်ယောက်ကလည်း လက်ဆွဲသေတ္တာထဲရှိ သော့ကို စိုက်ကြည့်ရင်း ချွေးပြန်နေကြ၏။

ဦးလှကြိုင်က သူ့ငွေသိမ်းကောင်တာဘောင်တွင်ထောင်ထား သော တစ်စုံတစ်ရာကိုထုတ်ယူပြီး စားပွဲပေါ်တင်လိုက်၏။ ထိုပစ္စည်းမှာ နှစ်တောင်သာသာခန့် အမြင့်ရှိသော သစ်သားဘောင်ခွေထားသည့် တံခါးတစ်ချပ်. . .။ ကလေးကစားစရာ သစ်သားအိမ်ကလေးများတွင် တပ်လေ့ရှိသည့် အရွယ်အစားမျိုးဖြစ်နေသောကြောင့် ကြည့်ရသည်မှာ ရယ်စရာပင်ကောင်းနေသေးတော့၏။ သို့သော် တကယ်တော့ ရယ်စရာ

www.foreverspace.com.mm

မဟုတ်။ အဲသည့် ပုံစံတူတံခါးလေးအသေးစားလေးမှာ လက်ကိုင်ဘုပါသော တကယ့်သောအစစ်တစ်လုံးကို အခိုင်အမာတပ်ဆင်ထား၏။

ဦးလှကြိုင်က လေးထောင့်သစ်သားဘောင်တွင်တပ်ဆင်ထားသည့် ထိုတံခါးချပ်သေးလေးကို စားပွဲပေါ်တွင်ထောင်ထားလိုက်သည်။ ထို့နောက် တံခါးလက်ကိုင်ဘုကိုလှည့်ပြီး တွန်းဖွင့်လိုက်၏။ တံခါးရွက်ကို ဘေးရှိသစ်သားဘောင်နှင့် ပတ္တာဖြင့်ချိတ်ဆက်ထားပြီးဖြစ်သော ကြောင့် တံခါးက ကျွီခနဲမြည်ကာ သစ်သားဘောင်၏ဟိုဘက်သို့ ပွင့်ဟသွား၏။ ဦးလှကြိုင်က လက်ကိုင်ဘုရှိခလုတ်ကိုနှိပ်ကာ သော့ ပိတ်ပြီး တံခါးဘောင်အတွင်းသို့ အံဝင်အောင်ပြန်ဆွဲပိတ်လိုက်သည်။

ကစားစရာ သစ်သားတံခါးတစ်ချပ်ကို စားပွဲပေါ်ထောင်ပြီး တွန်းဖွင့်လိုက် ပြန်ဆွဲပိတ်ကြည့်လိုက်လုပ်နေသော ဦးလှကြိုင်ကို စိန်ကြီးက မျက်မှောင်ကုတ်ကာစိုက်ကြည့်နေ၏။ ထိုစဉ် ဦးလှကြိုင်က စိန်ကြီး၏လက်ဆွဲသေတ္တာထဲရှိသော့ကိုယူဖို့ လက်လှမ်းလိုက်ရာ. . .

"မကိုင်နဲ့၊ သေသွားချင်လို့လား"

စိန်ကြီးက ပြောပြောဆိုဆိုနှင့် သူ့ဂျာကင်အိတ်ထဲမှ ခြောက်လုံးပြူးကို ဆတ်ကနဲဆွဲထုတ်ပြီး ဦးလှကြိုင်၏။ နဖူးတည့်တည့်ဆီသို့ ချိန်ထားလိုက်၏။

ထိုအခိုက်တန့်မှာပင် သာဒွန်းဦးကလည်း ပန်းပုရုပ်နောက်ကျောတွင် ဝှက်ထားသည့်ရိုင်ဖယ်ကို လျင်မြန်စွာကောက်ယူပြီး စိန်ကြီးဆီသို့ ထိုးချိန်လိုက်သည်။

"ဟေ့. . . ဟေ့ နေဦး"

ဦးလှကြိုင်က နှစ်ယောက်စလုံးကို လက်ပြ၍တားလိုက် ရင်း. . .

"ဟေ့ကောင်စိန်ကြီး မင်းယူလာတဲ့သော့က အတုလားအစစ်လားဆိုတာကိုတော့ အရင်စမ်းရဦးမှာပေါ့"

စိန်ကြီးက သံသယတော့ လုံးဝပျောက်ကင်းဟန်မတူသေး။ သို့သော် သူက သဘောတူလိုက်လျောဟန်ဖြင့် ခေါင်းကိုမသိမသာ

www.foreverspace.com.mm

ဆတ်ပြလိုက်သည်။

ဦးလှကြိုင်က လက်ဆွဲသေတ္တာထဲမှ အခန်းနံပါတ်ဆယ်သုံး အမှတ်အသားပါသော့ကို တုန်ယင်နေသောလက်များဖြင့် ကောက်ယူလိုက်သည်။ ထို့နောက် စောစောက သူ စားပွဲပေါ်တွင်တင်ထားသည့် ပုံစံငယ်တံခါးချပ်အသေးလေး၏ သော့ပေါက်ထဲသို့ထည့်ပြီး လှည့်ဖွင့်လိုက်သည်။

"ကလစ်. . ."

သော့ဖွင့်သံ ခပ်တိုးတိုးကိုကြားရ၏။ ဦးလှကြိုင်က ပုံစံငယ်တံခါးကလေးကို တွန်းဖွင့်လိုက်သည်။

"ဟာ. . ."

ဦးလှကြိုင်ရော သာဒွန်းဦးပါ နှစ်ယောက်စလုံးပြိုင်တူ တအံ့တသြ ရေရွတ်လိုက်မိကြသည်။

ပုံစံတူ တံခါးလေး၏နောက်ကွယ်တွင် မည်သည့်အခန်းမှရှိမနေဘဲ တံခါးရွက်နှင့် ဘောင်ချည်းသက်သက် စားပွဲပေါ်တွင်ထောင်ထားခြင်းဖြစ်ကြောင်း အားလုံးသိကြပါလျှက် ယခုတော့ ဦးလှကြိုင်၏မျက်နှာပေါ်သို့ တံခါးရွက်နောက်ကွယ်မှလာသော ထူးဆန်းနွေးထွေးသည့် အလင်းရောင်တစ်ခု လာရောက်ထင်ဟပ်နေသည်။

တံခါးရွက်ကို ကိုယ်တိုင်တွန်းဖွင့်ခဲ့သူ ဦးလှကြိုင်ကတော့ တံခါးအတွင်းပိုင်းမှာ ကြောက်မက်ဖွယ်ရာမြင်ကွင်းတစ်ခုကို မြင်လိုက်ရသလိုမျိုး ပါးစပ်အဟောင်းသားဟကာ ကြက်သေသေနေ၏။

နောက်မှ ချက်ချင်းသတိပြန်ဝင်လာပြီး တံခါးကို ဗြုန်းကနဲပြန်ပိတ်ကာလက်ကိုင်ဘူသော့အိမ်တွင် ထည့်ထားဆဲဖြစ်သော နံပါတ်ဆယ့်သုံးဂဏန်းပါသော့ကို အလျင်အမြန်ဖြုတ်ယူလိုက်၏။

စိန်ကြီးကတော့ သူ့ကို သေနတ်ဖြင့်ချိန်ထားရင်း စိန်းစိန်းကြီးစိုက်ကြည့်နေသည်။

ဦးလှကြိုင်က သူ့စားပွဲပေါ်ရှိ တယ်လီဖုန်းခွက်ကို ကောက်ယူ

www.foreverspace.com.mm

လိုက်ပြီး ဂဏန်းများကို လျင်မြန်စွာနှိပ်လိုက်၏။ တစ်ဖက်မှ ထူးသံထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ဦးလှကြိုင်က အနည်းငယ်တုန်ယင်သောအသံဖြင့် . . .

"ကျွန်တော်တို့ သော့. . .သော့ကိုရထားပါပြီ၊ တကယ့်အစစ်ပါပဲ"

တစ်ဖက်မှ ဘာပြန်ပြောသည်မသိ။ ဦးလှကြိုင်က ခေါင်းတညိတ်ညိတ်ဖြင့်နားထောင်နေစဉ် စိတ်မရှည်တော့သောစိန်ကြီးက သူ့သေနတ်ပြောင်းဝဖြင့် ဦးလှကြိုင်၏ နားထင်ကိုဖိကပ်လိုက်ရင်း. . .

"ကျန်တာတွေနောက်မှပြော၊ ကျုပ်အတွက်ပိုက်ဆံအရင်ပေး"

ထိုစကားကြောင့် ဦးလှကြိုင်က တယ်လီဖုန်းထဲသို့ . . .

"ရောင်းတဲ့လူက သူ့အတွက်ပိုက်ဆံအရင်ပေးရမယ်လို့ တောင်းနေပါတယ်"

တစ်ဖက်မှ ညွှန်ကြားနေသူ၏စကားကို နားထောင်ပြီးနောက် ဦးလှကြိုင်က . . .

"ဟုတ်ကဲ့. . .ဟုတ်ကဲ့"

ဖုန်းကိုပြန်ချလိုက်ပြီး မနီးမဝေးတွင်ရပ်နေသည့် သာဒွန်းဦး ကို ပိုက်ဆံထုပ်ယူလာဖို့ အချက်ပြလိုက်၏။

သာဒွန်းဦးက ကတ်ထူစက္ကူပုံးခပ်ကြီးကြီးတစ်ပုံးဖြင့် အပြည့်ထည့်ထားသည့် ငွေစက္ကူများကိုယူကာ စိန်ကြီးရှေ့တွင်ချပေးရင်း အဖုံးနှစ် ဖက်ကိုမြင်သာအောင် ဖွင့်ပြလိုက်သည်။

စိန်ကြီးက တစ်ချက်မျှကြည့်ပြီးနောက် အဖုံးကိုချက်ချင်းပြန်ပိတ်လိုက်၏။ ဦးလှကြိုင်က. . .

"ပိုက်ဆံစေ့မစေ့ ရေသွားဦးလေ"

"ဒီပိုက်ဆံတွေကို တစ်ညလုံးထိုင်ရေနေဖို့ ကျုပ်မှာ အချိန်မရှိဘူး၊ ပိုက်ဆံမစေ့ရင်လည်း ခင်ဗျားတို့ကို လာသတ်ရုံပဲပေါ့"

www.foreverspace.com.mm

စိန်ကြီးက ပြောပြောဆိုဆိုနှင့် ကတ်ထူပုံးကို လက်နှစ်ဖက်ဖြင့် မကာ ဆိုင်ရှေ့တံခါးပေါက်ဆီသို့ လှည့်ထွက်သွားသည်။ ထိုအခါကျမှပင် ဦးလှကြိုင်နှင့် သာဒွန်းဦးတို့ ဆရာတပည့်နှစ်ယောက်လည်း စိတ်ပေါ့ ပါးသွားဟန်ဖြင့် သက်ပြင်းကိုပြိုင်တူချလိုက်ကြ၏။

ထိုစဉ် . . . မမျှော်လင့်သောဖြစ်ရပ်တစ်ခု ဖြုန်းကနဲပေါ်ပေါက် လာသည်။ စိန်ကြီးက ဆိုင်ရှေ့တံခါးကို ကိုယ်လုံးဖြင့်တွန်းပြီး ဖွင့်တော့ မည့်ဆဲဆဲမှာပင် တံခါးက ဝုန်းကနဲပွင့်သွားကာ လျင်မြန်သောလူရိပ် တစ်ရိပ်က စိန်ကြီး၏လက်နှင့်လည်ပင်းတို့ကို ပိုင်နိုင်စွာလိမ်ချုပ် ထားလိုက်၏။

"ဒုန်း . . ."

ကတ်ထူပုံးလွတ်ကျသံက အတော်ပင်ကျယ်လောင်သွား သည်။ ထိုအသံကြောင့် ဦးလှကြိုင်နှင့်သာဒွန်းဦးတို့နှစ်ယောက်စလုံး ဆိုင်ရှေ့တံခါးဆီသို့ လှမ်းကြည့်မိလိုက်ကြသည်။

အနက်ရောင်ဝတ်စုံနှင့် စိန်ကြီးကို လက်လိမ်ချုပ်ပြီးလည်ပင်း မှသိုင်းချုပ်ကာ ဆိုင်ထဲသို့ တရွေ့ရွေ့တွန်းခေါ်လာသည်။

"ရှေ့ဆုံးမှ နှုတ်ခမ်းမွေးရေးရေးနှင့်လူကတော့ အနောက်တိုင်း ဝတ်စုံကို သပ်ရပ်စွာဝတ်ဆင်ထားပြီး မျက်နှာက နှစ်လိုဖွယ်ပြုံးနေ ၏။ တခြားလူနှစ်ယောက်၏လက်ထဲတွင် သေနတ်ကိုယ်စီကိုင်ထား သော်လည်း ထိုသူကတော့ မည်သည့်လက်နက်မျှမပါ၊ သူ့ညာဘက်လက် ထဲတွင် ပတ်ကားဖောင်တိန်တစ်ချောင်းကိုသာ လက်ချောင်းများကြား လှည့် ပတ်ဆော့ကစားနေလေသည်။

"ဟော့ . . . ဘယ်သူတွေလဲ"

ဦးလှကြိုင်က ကြောက်လန့်တကြားအော်ဟစ်မေးလိုက်သည်။ သာဒွန်းဦးကလည်း သူ့လက်ထဲမှ အမဲပစ်ရိုင်ဖယ်ကို ဦးလှကြိုင်ဆီသို့ ပစ်ပေးလိုက်ရင်း ဆိုင်ဘေးကမလွယ်ပေါက်တံခါးကို ခြေဦးဖြင့်ထိုး

www.foreverspace.com.mm

ကော်ကာ အသံမကြားအောင်ဖွင့်လိုက်၏။

ဦးလှကြိုင်က လက်ထဲရောက်လာသောရိုင်ဖယ်ဖြင့် မချိန်ရွယ်နိုင်ခင်မှာပင် နှုတ်ခမ်းမွေးရေးရေးနှင့်လူက သူ့ရှေ့လက်တစ်ကမ်းအကွာတွင်ရပ်လိုက်ရင်း. . .

"စိတ်မကောင်းပါဘူး ဦးလှကြိုင်၊ ဟောဒီက စိန်ကြီးက ကျုပ်ရဲ့ပစ္စည်းတစ်ခုကိုခိုးလာပြီး ခင်ဗျားဆီမှာလာရောင်းတယ်လို့ သတင်းကြားတာနဲ့ လိုက်လာခဲ့တာပါ"

ထိုသူက ပြောပြောဆိုဆိုနှင့် သူ့လက်ထဲမှဖောင်တိန်ကို အဖုံးချွတ်လိုက်၏။ ရွှေရောင်တောက်ပသော ကလောင်သွားချွန်ချွန်ကလေးက မီးအလင်းရောင်အောက်တွင် လက်ကနဲဖြစ်သွား၏။ ယင်းကိုမြင်လိုက်သည်နှင့်တစ်ပြိုင်နက် စိန်ကြီး၏မျက်နှာတစ်ခုလုံး သွေးဆုတ်ကာ ဖြူဖတ်ဖြူလျော်ဖြစ်သွားပြီး ကြောက်လန့်တကြားဖြင့် . . .

"မလုပ်. . . မလုပ်ပါနဲ့ ကိုသက်ဦး၊ မလုပ်လိုက်ပါနဲ့ဗျာ"

ဦးလှကြိုင်က ဘာကိုမှနားမလည်နိုင်သည့်အလား မျက်မှောင်ကုတ်ကာကြည့်နေရင်း . . .

"မင်းတို့ဘယ်သူတွေလဲ၊ ဒီဆိုင်ထဲက အခု ထွက်သွားစမ်း"

ကိုသက်ဦးဆိုသူက ဘာမှမပြောဘဲ တစ်ချက်ပြုံးလိုက်သည်။ ထို့နောက်

"အားတော့နာပါရဲ့ ဦးလှကြိုင်၊ ခင်ဗျားလက်ထဲရောက်နေတဲ့ပစ္စည်းကို ကျုပ်ပြန်ယူရလိမ့်မယ်၊ ကဲ. . . ဒီတော့"

ဦးလှကြိုင်က လက်ထဲမှအမဲပစ်ရိုင်ဖယ်ဖြင့် ထိုးချိန်ရန်ဟန်ပြင်လိုက်စဉ်မှာပင် ထိုသူ၏လက်ထဲမှ ဖောင်တိန်ကလောင်သွားလေးက ဦးလှကြိုင်၏ကိုယ်ပေါ်သို့ လက်ကနဲ. . .။

"ဝုန်း. . ."

"အား. . ."

"မလုပ်နဲ့. . . အား"

www.foreverspace.com.mm

မှုန်ရီငြိမ်ကုပ်နေသော ရှေးဟောင်းပစ္စည်းဆိုင်လေးအတွင်းမှ သေလုမျောပါးဝေဒနာဖြင့် အော်ဟစ်လိုက်သံများ ဝုန်းကနဲလောင်ကျွမ်းသွားသော မီးတောက်မီးလျှံများ မီးခိုးငွေ့များကြောင့် အနီးပတ်ဝန်းကျင်ရှိ လမ်းသွားလမ်းလာများအားလုံး အထိတ်တလန့်ဖြစ်ကာ အော်ဟစ်ပြေးလွှားရင်း ဆူညံ ရှုပ်ရှက်ခတ်သွားလေတော့သည်။

■

www.foreverspace.com.mm

## အခန်း (၂)

အမှုစစ်အရာရှိမိုးဟိန်းက ရုပ်ပွကာ ပရမ်းပတာဖြစ်နေသော ရေးဟောင်းပစ္စည်းအရောင်းဆိုင်လေးအတွင်းဘက်သို့ ခြေချလိုက်မိသည်နှင့် ထူးဆန်းသောအနံ့တစ်မျိုးကို ရှူရှိုက်မိသလို ခံစားလိုက် ရသည်။ ကျန်ရဲတစ်ဖွဲ့ဝင်တွေကတော့ လက်နှိပ်ဓါတ်မီးတဝင်းတဝင်း ဖြင့် မသင်္ကာစရာသဲလွန်စများကို စစ်ဆေးရှာဖွေကြည့်နေကြသည်။

မိုးဟိန်းနှင့်တွဲဘက် အမှုစစ်အရာရှိဦးအေးဆောင်က သူ၏ ကိုယ်လုံးဝဝဖိုင့်ဖိုင့်ကြီးကို မနိုင့်တနိုင်သယ်ကာ ဆိုင်ထဲသို့ဝင်လိုက်လာ ရင်း. . .

"ဓါးမြတိုက်သွားတာများဖြစ်နေမလား ကိုမိုးဟိန်း"

"ဟင့်အင်း. . . မဖြစ်နိုင်ဘူး၊ ငွေသိမ်းတဲ့ အံဆွဲထဲမှာရှိတဲ့

www.foreverspace.com.mm

ပိုက်ဆံတွေကို လက်ဖျားနဲ့တောင်တို့မသွားဘူး”

မိုးဟိန်းကပြောရင်း ငွေသိမ်းစားပွဲ၏ဟိုဘက်သို့ လှမ်းကြည့်လိုက်ရာ ကြမ်းပြင်ပေါ်တွင် ရုပ်ပျက်ဆင်းပျက်လဲကျသေဆုံးနေသော ဦးလှကြိုင်၏အလောင်းကိုတွေ့လိုက်ရသည်။

ထိုစဉ် နောက်မှဝင်လာသော ဦးအေးဆောင်က . . .

“ကျုပ် နှာခေါင်းထဲမှာတော့ အသားကင်ရနံ့ရနေသလိုမျိုးပဲဗျို့”

“အစစ်ပေါ့ ကိုအေးဆောင်ရာ၊ ဟောဒီမှာ ခင်ဗျားမိတ်ဆွေကြီး ကိုလှကြိုင်တစ်ယောက်တော့ လူစစ်စစ်ကနေ အသားကင်ဖြစ်သွားရှာပြီဗျို့”

ဦးအေးဆောင်က ကိုမိုးဟိန်းညွှန်ပြရာဆီသို့ လှမ်းကြည့်လိုက်ရာ ကြမ်းပြင်ပေါ်တွင် တစ်ကိုယ်လုံးမီးလောင်ကျွမ်းထားပြီး မရှုမလှသေဆုံးနေသော ဦးလှကြိုင်၏အလောင်းကို မြင်လိုက်ရသည်။

“ဟာ. . . အဖြစ်ဆိုးလှချည်လားဗျို့”

ဦးအေးဆောင်က စိတ်မကောင်းစွာဖြင့်ရေရွတ်လိုက်သည်။ မိုးဟိန်းက မျက်မှောင်ကုတ်ထားရင်း. . .

“ဒီလောက်နဲ့တင် မပြီးသေးဘူးထင်တယ် ကိုအေးဆောင်၊ ဟောဟိုနားမှာလည်း အလေင်းတစ်လောင်းဗျ၊ နေဦး ကျွန်တော်သွားကြည့်လိုက်ဦးမယ်”

မိုးဟိန်းက ပြောပြောဆိုဆိုဖြင့် ရှေးဟောင်းပန်းပုရုပ်များဖြင့်ကွယ်ကာ လဲကျသေဆုံးနေသည့်အလောင်းဆီသို့ လျှောက်သွားလိုက်သည်။ ထို့နောက် ဓါတ်မီးဖြင့်ထိုးကြည့်ကာ စေ့စပ်သေချာစွာ အကဲခတ်လိုက်၏။

သည်အလောင်းသည်လည်း ဦးလှကြိုင်လိုပင် တစ်ကိုယ်လုံးမီးလောင်ကျွမ်းပြီး သေဆုံးနေခြင်းဖြစ်သည်။ မျက်နှာကတော့ ပုံပျက်ပန်းပျက်ဖြစ်ရလောက်အောင် ကျွမ်းမသွား။ အတော်အသင့်ပုံဖမ်း၍

www.foreverspace.com.mm

ရနိုင်သေး၏။ ထိုစဉ် ဦးအေးဆောင်က မိုးဟိန်း၏အနားတွင်ရပ်ကာ အလောင်းကိုငုံ့ကြည့်ရင်း . . .

"ဟာ. . . ဒီကောင်ကို ကျုပ်သိတယ်ဗျို့၊ ဒါ စိန်ကြီးဆိုတဲ့ ကောင်ပဲ၊ ဒီကောင် ကိုလှကြိုင်ဆီမှာ ရေးဟောင်းပစ္စည်းသေးသေးမွှား မွှားတွေ လာလာပြီးရောင်းတတ်တာ ကျုပ်မြင်ဖူးတယ်"

မိုးဟိန်းက သူ့လက်ဖဝါးနှစ်ဖက်ကို ဖြည်းဖြည်းချင်းပွတ် လျှက် အချိန်ယူစဉ်းစားရင်း . . .

"နေစမ်းပါဦး ကိုအေးဆောင်ရဲ့၊ ခင်ဗျားမိတ်ဆွေကြီး ကိုလှကြိုင်က ဟောဒီဆိုင်ရဲ့ပိုင်ရှင်လား"

"မဟုတ်ဘူးဗျ၊ မန်နေဂျာပါဗျာ၊ ဒီဆိုင်ကိုတကယ်ပိုင်တာ သူဌေးကြီးဦးရွှေဇံအောင်လေ၊ ခင်ဗျားလည်းကြားဖူးမှာပါဗျာ၊ ချမ်းသာ တဲ့နေရာမှာ နာမည်ကြီးပဲ၊ သူ့မှာ လုပ်ငန်းတွေကများလွန်းတော့ ဒီလိုဆိုင်ပမွှားလောက်ကို လှည့်ကြည့်နိုင်ပုံမရဘူး၊ ဦးလှကြိုင်နဲ့ပဲ အစစအရာရာလွှဲထားတာ"

ဦးအေးဆောင်၏စကားကြောင့် မိုးဟိန်းက ခေါင်းကိုတဆတ် ဆတ်ညိတ်ရင်း ဦးရွှေဇံအောင်ဆီ သွားရောက်စုံစမ်းမေးမြန်းဖို့ စိတ်ထဲ မှာ တေးမှတ်ထားလိုက်၏။

ထိုစဉ် မှုခင်းဆရာဝန်ဒေါက်တာထွန်းအံ့နှင့် မှတ်တမ်းစု ဆောင်းထိန်းသိမ်းရေးအဖွဲ့ရောက်လာပြီး အလောင်းများကို စစ် ဆေးဓာတ်ပုံရိုက်ကာ သဲလွန်စများကို စနစ်တကျသိမ်းဆည်းနေ ကြသည်။

မိုးဟိန်းက အလောင်းကိုစစ်ဆေးနေသည့် ဒေါက်တာထွန်း အံ့အနီးသို့ လျှောက်သွားလိုက်ရင်း . . .

"ဘယ့်နှယ့်လဲဒေါက်တာ၊ သေရတဲ့အကြောင်းအရင်းက ဘာများလဲ"

ဒေါက်တာထွန်းအံ့က သူ့လက်နှစ်ဖက်မှ လက်အိတ်များကို

www.foreverspace.com.mm

ချွတ်ပစ်ရင်း. . .

“နည်းနည်းစဉ်းစားရခက်နေတယ်ဗျ၊ ကျုပ်လည်း သေချာတပ်အပ်တော့မပြောနိုင်သေးဘူး”

ထိုစဉ် ဦးအေးဆောင်က လှမ်း၍ . . .

“မီးလောင်ခံရပြီး သေတာမဟုတ်လား ဒေါက်တာရဲ့”

“မဖြစ်နိုင်တာဗျာ၊ မီးလောင်ခံရတာဆိုရင် သူတို့ကိုယ်ပေါ်က အဝတ်အစားတွေအကုန်လုံး မီးကျွမ်းနေရမှာပေါ့ဗျ။ အခုကြည့်ပါလား သူတို့ဝတ်ထားတဲ့ အဝတ်အစားတွေမှာ မီးလောင်ပေါက်ရာတွေ မတွေ့ရ ဘူး၊ အတွင်းပိုင်းခန္ဓာကိုယ်ကသာ မြင်မကောင်းရှုမကောင်းအောင် မီးလောင်ထားတာ”

ဒေါက်တာထွန်းအံ့စကားကြောင့် မိုးဟိန်းက မျက်နှာကြက်ဆီသို့မော့ကြည့်ကာ စဉ်းစားရင်း . . .

“ဒါဆို ဓါတ်လိုက်ခံရတာများဖြစ်နေမလား ဒေါက်တာ”

ဒေါက်တာထွန်းအံ့က အတန်ကြာအောင် တွေဝေနေပြီးမှ. . .

“အင်း. . . ကိုမိုးဟိန်းပြောတာ နီးတော့နီးစပ်ပါတယ်”

ဦးအေးဆောင်က ဆိုင်အတွင်းခန်းတစ်ခုလုံးကို လှည့်ပတ်ကြည့်ရှုနေရင်း . . .

“ဒီအမှုမှာ မျက်မြင်သက်သေတစ်ယောက်တော့ ကျုပ်တို့ရနိုင်ကောင်းပါရဲ့”

“ဘာဖြစ်လို့လဲ ကိုအေးဆောင်”

“ဒီဆိုင်မှာ ကိုလှကြိုင်တစ်ယောက်တည်းမဟုတ်ဘူးဗျ၊ လက်တိုလက်တောင်းခိုင်းဖို့ခေါ်ထားတဲ့ ကောင်လေးတစ်ယောက်ရှိသေး တယ်၊ သူ့နာမည်က သာဒွန်းဦးတဲ့၊ ချာတိတ်ကလေးက သနားဖို့ကောင်းပါတယ်ဗျာ၊ သူ့အမေကြီးက နာတာရှည်လူမမာကြီးဗျ၊ အဲဒါကိုသနားတာနဲ့ ကိုလှကြိုင်က ခေါ်ပြီးအလုပ်ပေးထားတာ”

www.foreverspace.com.mm

ဦးအေးဆောင်၏စကားကြောင့် မိုးဟိန်းရင်ထဲမှာ တာဝန်ပေါ့ပါးသွားသလို ခံစားလိုက်ရသည်။

"အဲဒီချာတိတ်ရဲ့အိမ်ကို ခင်ဗျားသိတယ်မဟုတ်လား ကိုအေးဆောင်၊ သူ့ကိုရှာတွေ့ရင် အမှုက တစ်ဝက်လောက်ပေါ်ပြီပဲ"

ဦးအေးဆောင်က သူ့ဝမ်းဗိုက် ဆူဆူဖြိုးဖြိုးကြီးကို လက်ဖြင့်ပွတ်ရင်း . . .

"ဒါပေါ့ ကိုမိုးဟိန်းရယ်၊ လောလောဆယ်မှ အရေးကြီးဆုံးကတော့ သာဒွန်းဦးကို တွေ့အောင်ရှာဖို့ပဲ"

■

www.foreverspace.com.mm

## အခန်း (၃)

ညအမှောင်ရိပ်ကိုခိုကာ ရပ်နားထားသော ကားနက်ကြီးတစ်စင်း၏ဘေးတွင် လူသုံးယောက်. . .။

လူရှေ့သူရှေ့တွင် အမြဲတမ်းပြုံးချိုနေသယောင် ဟန်ဆောင်ထားတတ်သော နှုတ်ခမ်းမွှေးရေးရေးနှင့် ချိုမြိန်သည့်အပြုံးသည် သက်ဦး၏မျက်နှာပေါ်မှာမရှိတော့။ သူ့ပင်ကိုယ်ဗီဇအတိုင်း ကောက်ကျစ်ခက်ထန်မှုတို့သည် မျက်လုံးအိမ်ကျဉ်းကျဉ်းလေးထဲမှာ အရောင်လက်နေသည်။

သက်ဦးက သူ့လက်ထဲမှဖောင်တိန်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း လက်ရုံးတပည့်နှစ်ယောက်ဖြစ်သည့် မောင်ကြီးနှင့်မောင်ငယ်ကို ဆဲဆိုကြိမ်းမောင်းနေ၏။

www.foreverspace.com.mm

"ထွီ. . . အသုံးမကျတဲ့ကောင်တွေ၊ မင်းတို့ညံ့လို့ သော့ကို မရလိုက်တာပေါ့၊ ဒီ မလောက်လေးမလောက်စားချာတိတ်လေးကို များ မိအောင်မဖမ်းနိုင်ကြဘူး၊ တောက်. . . ငါလုပ်လိုက်ရ သေတော့ မယ်"

မောင်ငယ်က . . .

"ဆိုင်ဘေးမှာ မလွယ်ပေါက်တံခါးရှိမှန်း ကျွန်တော်တို့မှ မသိဘဲဆရာရယ်၊ ကျွန်တော်တို့ ပြေးလိုက်သွားတော့ အဲ့ဒီကောင်က တံခါးကို အပြင်ကနေပိတ်ပစ်ခဲ့. . ."

"ဟော့ကောင်. . . တိတ်စမ်း"

သက်ဦးက ဖောင်တိန်အဖုံးကိုချွတ်ကာ မောင်ငယ်လည်ပင်း ကို လှမ်းထောက်လိုက်သည်။ မောင်ငယ်၏မျက်နှာတစ်ခုလုံး ဖြူဖတ် ဖြူလျော်ဖြစ်သွား၏။ မောင်ကြီးကလည်း အထိတ်တလန့်ဖြင့် နောက် သို့ ခြေတစ်လှမ်းဆုတ်သွားသည်။

သက်ဦးက . . .

"တိတ်စမ်း ဘာဆင်ခြေမှမကြားချင်ဘူး၊ အခုလောလော ဆယ် ငါတို့လုပ်ရမှာက ဟိုသော့ကိုရသွားတဲ့ ကောင်လေးနောက်ကို မျက်ခြေမပြတ်အောင်လိုက်ရမယ်၊ အိုကွာ ငါ ကုန်ကုန်ပြောလိုက် မယ်၊ အဲဒီသော့ ဘယ်သူ့လက်ထဲကိုပဲ ရောက်သွားရောက်သွား ရေကုန်ရေခမ်းလိုက်ရမှာက ငါတို့အလုပ်ပဲ ရှင်းပြီလား"

■

www.foreverspace.com.mm

## အခန်း (၄)

လမ်းပေါ်တွင် ယာဉ်ကြောရှင်းနေသော်လည်း ဦးအေးဆောင်က ကားကို ဖြည်းဖြည်းမှန်မှန်သာမောင်းလာ၏။ မိုးဟိန်းကတော့ ဘေးခုံမှာ ခြေပစ်လက်ပစ်ထိုင်ရင်း အမှုအကြောင်းစဉ်းစားကာ လိုက်ပါလာသည်။ ထိုစဉ် ဦးအေးဆောင်က ကားမောင်းနေရာမှ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် မိုးဟိန်းဘက်သို့လှည့်ပြီး . . .

“ဟော့လူ ကိုမိုးဟိန်း. . . လာမယ့်ဒီဇင်လာလောက်ကျရင် ကျွန်တော် တစ်ပတ်လောက်ခွင့်ယူဖို့စဉ်းစားထားတယ်ဗျ၊ ကျွန်တော့်မိန်းမ မဝေက ပုဂံဘုရားဖူးလိုက်ပို့ရမယ်ဆိုပြီး ပူဆာနေလို့၊ အဲဒါ ခင်ဗျားသမီးလေး ခြူးခြူးကို ကျွန်တော်နဲ့ထည့်လိုက်ပါလား၊ ခြူးခြူး လည်း တစ်နေ့တစ်နေ့ ကျောင်းနဲ့အိမ်ကလွဲရင် ဘယ်မှသွားရ

www.foreverspace.com.mm

ရှာတာ မဟုတ်ဘူး၊ သနားပါတယ်ဗျာ"

ဂရုဏာသံပါသော ဦးအေးဆောင်၏စကားကြောင့် မိုးဟိန်းက ပြုံးလိုက်သည်။ ထို့နောက် ခေတ္တမျှစဉ်းစားပြီး ခေါင်းကိုခါယမ်းပစ်လိုက်၏။ ပြီး. . .

"နေပါစေ ကိုအေးဆောင်ရယ်၊ ကလေးတစ်ယောက်ရဲ့ တာဝန်ကကြီးပါတယ်၊ ခင်ဗျားတို့လင်မယားပဲ လွတ်လွတ်လပ်လပ် သွားကြပါ"

"ဘာလဲဗျ. . . ကိုမိုးဟိန်း၊ ခင်ဗျားက အားနာလို့လား၊ အဓိပ္ပါယ်မရှိတာဗျာ၊ ကျွန်တော့မိန်းမဝေဝေက ခြူးခြူးကို ဘယ်လောက်ချစ်တယ်ဆိုတာ ခင်ဗျားသိရဲ့သားနဲ့၊ ပြီးတော့ ကလေးဘက် က ပြန်တွေးကြည့်စမ်းပါဦး၊ သူ့မှာတွယ်တာစရာဆိုလို့ အဖေဖြစ်တဲ့ ခင်ဗျားကလွဲရင် တခြားဘယ်သူမှရှိတာမဟုတ်ပါဘူး၊ ပြီးတော့ ခင်ဗျား ကလည်း တစ်ချိန်လုံး အလုပ်ထဲမှာပဲစိတ်ရောက်နေတာ"

မိုးဟိန်းက သက်ပြင်းချလိုက်ရင်း . . .

"ကျွန်တော် အရင်လိုမဟုတ်တော့ပါဘူး ကိုအေးဆောင်၊ အလုပ်ကိုလျှော့ပြီး ကိုယ်ပိုင်အချိန်တွေမှာ သမီးလေးနဲ့အချိန်ပြည့်နေပေးပါတယ်၊ အဓိကကတော့ သမီး စိတ်အားမငယ်အောင်ပေါ့ဗျာ"

ဦးအေးဆောင်က ကားကိုဂီယာပြောင်းကာ လီဗာကိုအနည်းငယ်ဖိနင်းလိုက်ရင်း . . .

"ဟုတ်တယ် ကိုမိုးဟိန်း၊ ကလေးတစ်ယောက်မှာ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုက အရေးကြီးဆုံးပဲ"

"ကျွန်တော်လည်း အဲဒါကိုပဲစိုးရိမ်နေတာ၊ သမီးမျက်စိရှေ့မှာတင် သူ့အမေက ဖြန်းဆို အက်ဆီးဒင့်ဖြစ်ပြီး ပုံပျက်ပန်းပျက်နဲ့ ဆုံးသွားတော့ စိတ်နုနုနယ်နယ်မှာ ခံနိုင်ရည်မရှိဘဲ တစ်ခုခုချွတ်ယွင်းသွားမှာစိတ်ပူတယ်၊ လာမယ့်ဗုဒ္ဓဟူးနေ့တောင် စိတ်အထူးကုဒေါက်တာ စိန်လွင်နဲ့ သမီးလေးကိုကြည့်ဖို့ ရက်ချိန်းယူထားသေးတယ်"

www.foreverspace.com.mm

"ချုံးချုံးစိတ်မှာ တစ်ခုခုချွတ်ယွင်းနေမယ်လို့ ခင်ဗျားကထင်လို့လား ကိုမိုးဟိန်း"

မိုးဟိန်းက နှုတ်ခမ်းကိုကိုက်လိုက်ရင်း မီးခိုးရောင်မှိုင်းသော မျက်ဝန်းအစုံဖြင့် အပြင်သို့ငေးကြည့်နေရာမှ . . .

"ဘာရယ်တော့ မဟုတ်ပါဘူး ကိုအေးဆောင်၊ လိုရမယ်ရ ကြိုတင်စစ်ဆေးကြည့်တဲ့သဘောပါ၊ အခုထိတော့ သမီးက အားလုံး အိုကေပါပဲ၊ ကျောင်းစာလည်းလိုက်နိုင်တယ်၊ ကျွန်တော့်ကိုလည်း အရမ်းချစ်တာ၊ ပြီးတော့. . ."

"ဟား. . . ဟား. . ."

စကားမဆုံးခင်မှာပင် ကားမောင်းလာသော ဦးအေးဆောင်၏ မျက်လုံးများက ညာဘက်လမ်းချိုးလေးတစ်ခုဆီသို့ ရောက်သွားပြီး စိတ်လှုပ်ရှားစွာအော်ဟစ်ရင်း ယောင်ယမ်းကာ ဘရိတ်ကိုနင်းလိုက်၏။

"ကျွီ. . . ကျွီ. . ."

"ဘာလဲ. . . ကိုအေးဆောင်. . . ဘာလဲ"

"ဟိုမှာ ဟိုမှာ လမ်းကြားထဲကိုဝင်သွားတဲ့ကောင်၊ မိုးကာအင်္ကျီခြုံထားတာ. . . တွေ့လား၊ အဲဒါ. . . သာဒွန်းဦးပေါ့. . ."

ဦးအေးဆောင်၏ လက်ညှိုးဝတုတ်တုတ်ကြီးဖြင့် ညွှန်ပြရာဆီသို့လှမ်းကြည့်ရင်း မိုးဟိန်းစိတ်ထဲတွင် ထိတ်ခနဲ ဝမ်းသာသလို စိတ်လှုပ်ရှားသလို ဖြစ်သွားမိသည်။ သူ့ဂျာကင်အင်္ကျီအောက်မှ ပစ္စတို သေနတ်ကို လိုရမယ်ရ အဆင်သင့်ပြင်ထားလိုက်ချိန်မှာပင် ဦးအေးဆောင်က ကားကိုဂီယာပြန်ထိုးကာ ညာဘက်ရှိလမ်းကျဉ်းကလေးဆီသို့ ခေါင်းတည့်ချိုးကွေ့လိုက်ပြီဖြစ်သည်။

"လိုက်. . . လိုက်. . . အမြန်လိုက် ကိုအေးဆောင်၊ ဒီကောင့်ကို မလွတ်စေနဲ့"

လမ်းက ကျဉ်းရသည့်အထဲ ချိုင့်ကွက်ကြီးတွေရှိနေသော ကြောင့်

www.foreverspace.com.mm

ခရီးမတွင်။

သာဒွန်းဦးကလည်း လူလည်လူပါးပင်။ သူ့နောက်မှ ကား စက်သံကြားရသည်နှင့် တစ်ပြိုင်နက် မလုံမလဲဖြစ်ကာ ချာကနဲလှည့် ကြည့်သည်။

"ဟေ့. . .ဟေ့ သာဒွန်းဦး"

ကားထဲမှ ခေါင်းပြူကာလှမ်းခေါ်လိုက်သော ဦးအေးဆောင် ၏မျက်နှာကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် သာဒွန်းဦးချာကနဲ လှည့်ကာ ရှေ့တူရှုသို့ ခြေကုန်သုတ်ပြေးတော့သည်။

မိုးဟိန်းကလည်း ကားတံခါးဖွင့်ပြီးခုန်ဆင်းကာ နောက်မှပြေး လိုက်သည်။

"ဟေ့. . . သာဒွန်းဦး. . . မပြေးပါနဲ့ကွ၊ ငါတို့ မင်းကိုဘာမှ မလုပ်ပါဘူး"

သာဒွန်းဦးကား နောက်သို့ငဲ့စောင်း၍ပင်မကြည့်။ တစ်ဟုန် ထိုးဆက်ပြေးနေသည်။ သို့သော် သည်လမ်းက တစ်ဖက်ပိတ်လမ်း ဖြစ်သောကြောင့် လွတ်စရာတော့အကြောင်းမရှိချေ။ သူပြေးနေသော ရှေ့တည့်တည့်တွင် အများသုံးအိမ်သာတစ်လုံးသာရှိသည်။

"ဟေ့ကောင် သာဒွန်းဦး၊ ငါ. . . မင်းဆရာရဲ့မိတ်ဆွေပါကွ"

ဦးအေးဆောင်ကလည်း ကားရပ်ကာ ကမန်းကတန်းပြေးလာ ရင်း လှမ်းအော်ခေါ်သည်။ မိုးဟိန်းကတော့ သာဒွန်းဦးတစ်ယောက် ဘယ်နည်းနဲ့မှ အဖမ်းခံမည်မဟုတ်ကြောင်းတွေးမိကာ ကျားရဲလိုခြေ လှမ်းများဖြင့် ပြေးလိုက်သွား၏။

ရုတ်တရက် . . .

သာဒွန်းဦးက အများသုံးအိမ်သာ၏တံခါးရှေ့တွင်ရပ်ပြီး သူ့မိုး ကာအင်္ကျီအိတ်ထဲမှ သော့တစ်ချောင်းကိုဆွဲထုတ်လိုက်သည်။

ထို့နောက်. . . အဲသည့်သော့ဖြင့် အိမ်သာတံခါးကိုဖွင့်လိုက်၏။ နွေးထွေးသော အခန်းတစ်ခု၏အလင်းရောင်က သာဒွန်းဦး၏မျက်နှာ

www.foreverspace.com.mm

ပေါ်သို့ လာဟပ်သည်။

“ဟော့ကောင်. . . သာဒွန်းဦး မပြေးနဲ့”

မိုးဟိန်း၏လက်က သူ့ပုခုံးကို မီလုမီခင် စက္ကန့်ပိုင်းအတွင်း မှာပင် သာဒွန်းဦးကအိမ်သာထဲသို့ ဖျတ်ကနဲဝင်ပြီး တံခါးဆောင့်ပိတ် လိုက်၏။

မိုးဟိန်းက မချင့်မရဲဖြစ်သွားပြီး အိမ်သာတံခါးကို လက်သီး ဆုပ်ဖြင့် တဒုန်းဒုန်းမြည်အောင် ထုလိုက်သည်။

“ဟော့ကောင် သာဒွန်းဦး၊ အိမ်သာထဲက ပြန်ထွက်ခဲ့စမ်း”

အော်ဟစ်အမိန့်ပေးရင်းနှင့် ထိုချာတိတ်၏အပြုအမူကို မိုး ဟိန်းတစ်ယောက် ဘယ်လိုမှနားမလည်နိုင်သလို ခံစားရ၏။

လေးဘက်လေးတန် အလုံပိတ်ထားသော အိမ်သာအခန်း ကျဉ်းကလေးထဲသို့ ဝင်ပြေးခြင်းဖြင့် မည်သို့လွတ်မြောက်နိုင်မည် နည်း။ သူ့အတွက် ချောင်ပိတ်မိရုံသာ ရှိမည်မဟုတ်ပါလား။

မိုးဟိန်းက အိမ်သာတံခါးကို ထပ်မံထုရိုက်လိုက်ရင်း. . .

“ဟော့ကောင် ခုချက်ချင်းထွက်ခဲ့လို့ပြောနေတာ မကြားဘူး လား”

ထိုစဉ် မျှော်လင့်မထားသော တုံ့ပြန်သံကိုကြားရ၏။

“ဒီမှာ သန့်ရှင်းရေးလုပ်နေတယ်ကွ၊ နားမလည်ဘူးလား”

ပြောပြောဆိုဆိုဖြင့် အိမ်သာတံခါးက ဂုန်းကနဲပွင့်သွားပြီး အသက်ငါးဆယ်ကျော်အရွယ် ကုလားကပြားအဘိုးကြီးတစ်ဦးက ရေပုံးတစ်ဖက် တံမြက်စည်းတစ်ဖက်ကိုင်ကာ ခါးကိုင်းကိုင်းဖြင့် ထွက်လာ၏။

မိုးဟိန်းရော ဦးအေးဆောင်ပါ အံ့အားသင့်လွန်းသဖြင့် ကြက်သေသေကာ ငေးကြည့်နေမိကြသည်။ ကုလားအဘိုးကြီး ကတော့ သူတို့နှစ်ယောက်ကို ရိုင်းလှချည်လားဟူသည့်အကြည့် မျိုးဖြင့် မကျေမနပ်ကြည့်သွား၏။

www.foreverspace.com.mm

မိုးဟိန်းက ပစ္စတိုကိုဆွဲထုတ်ရင်း အိမ်သာထဲသို့ လှစ်ကနဲ ဝင်လိုက်သည်။ အိမ်သာထဲတွင် ဘယ်သူမှမရှိ။ ရှင်းလင်းနေသည်။

အုတ်ဖြင့်ကာထားသည့် နံရံလေးဘက်လေးတန်မှာလည်း ကြောင်တစ်ကောင်ပင် ဝင်လောက်ထွက်လောက်စရာ အပေါက်မရှိချေ။

"ဟင်. . . သာဒွန်းဦး ဘယ်ရောက်သွားပြီလဲ"

ဦးအေးဆောင်က တအံ့တသြဖြင့်မေးသည်။ မိုးဟိန်းက ခေါင်းကိုသာခါယမ်းပြလိုက်၏။

ဘာဖြစ်သွားတာလဲ. . .။

စက္ကန့်ပိုင်းအတွင်းမှာ အသက်နှစ်ဆယ်အရွယ် သန်သန်မာမာလူငယ်တစ်ယောက်အဖြစ်ကနေ သန့်ရှင်းရေးသမား ကုလားအဘိုးကြီးတစ်ယောက်လို ရုပ်ပြောင်းရုပ်လွှဲလုပ်ပြီး ထွက်သွားဖို့ ဆိုသည်မှာလည်း လုံးဝမဖြစ်နိုင်။

ဒါဆို သာဒွန်းဦး ဘယ်ရောက်သွားပြီလဲ။

အဲသည့်အဖြေကို မိုးဟိန်းသိပ်သိချင်နေသည်။

●

ထိုအဖြစ်အပျက်ကို လမ်းထောင့်တွင်ရပ်ထားသော ကားနက်ကြီးတစ်စင်းထဲမှနေ၍ မမိုတ်မသုန်အကဲခတ်နေသော လူသုံးယောက်ရှိသည်။

မောင်ကြီးမောင်ငယ်ဆိုသော လူမိုက်ညီနောင်နှင့် သူတို့၏ ဆရာ သက်ဦးပင်ဖြစ်သည်။

သက်ဦးက မိုးဟိန်း၏လှုပ်ရှားမှုများကို မျက်တောင်မခတ် စိုက်ကြည့်နေရာမှ . . .

"အဲဒီကောင် ဘယ်သူလဲ၊ သူ့နာမည်ကို ငါသိချင်တယ်"

www.foreverspace.com.mm

ဟု သူ့တပည့်နှစ်ယောက်ကို အမိန့်ပေးလိုက်၏။

■

www.foreverspace.com.mm

## အခန်း (၅)

သမီးလေးခြူးခြူးက နောက်ဆုံးလက်ကျန် ကြက်ဥကြော် ဖတ်ကိုပါးစပ်ထဲသို့ထည့်ကာ ပလုပ်ပလောင်း ဝါးလိုက်ပြီးနောက်. . .

"ဖေဖေကြီး သမီးဗိုက်ဝသွားပြီ၊ စားလို့ပြီးသွားပြီနော်"

မိုးဟိန်းက သမီးဖြစ်သူ၏ပန်းကန်ဆီသို့ လှမ်းကြည့်ရင်း. . .

"ကော်ဖီတွေကျန်သေးတယ်လေ သမီးရဲ့၊ မသောက်တော့ ဘူးလား"

မိုးဟိန်းက သူကိုယ်တိုင်ချက်သောမနက်စာကို သမီးလေး ခြူးခြူးက ပလုပ်ပလောင်းဖြင့် ခေါင်းမဖော်တမ်းစားသည်ကို တွေ့ရ သောကြောင့် ရင်ထဲတွင်ကြည်နူးပျော်ရွှင်နေမိသည်။

ဇနီးဖြစ်သူဆုံးပြီးစတုန်းကတော့ ကိုယ်ကိုယ်တိုင်မချက်

www.foreverspace.com.mm

ပြုတ်တတ် သဖြင့် သမီးလေး၏စားရေးသောက်ရေးအတွက် သောက တော်တော် ရောက်ခဲ့ရ၏။ မနက်တိုင်းညတိုင်း သမီးလေးနှင့်အတူတူ လက်ဆုံစားနိုင် ဖို့ မိုးဟိန်းတစ်ယောက် ဒုက္ခခံပြီးကြိုးစား ခဲ့ရသည်။

ခြူးခြူးက . . .

"ကော်ဖီမသောက်ချင်တော့ဘူး ဖေကြီးရဲ့၊ ကြည့်ပါလား သမီးဗိုက်ကလေးတောင်ဖောင်းနေပြီ"

စကားတတ်လှသောသမီးကြောင့် မိုးဟိန်းတစ်ယောက် အသံထွက်အောင်ပင်ရယ်မိသည်။ ပြီးမှ . . .

"မနေ့က မူကြိုမှာ သီချင်းတွေဆိုရသေးလားသမီး"

"ဆိုရတာပေါ့ ဖေကြီးရဲ့၊ ပုံဆွဲတာလည်းသင်တယ်၊ ပြီးတော့ လေ ဆရာမက သမီးကိုမေးတယ်၊ လာမယ့်သီတင်းကျွတ်ကျောင်းကပွဲ ကျရင် မင်းသမီးလေးလိုဝတ်ပြီးကမလားတဲ့"

"ဟင် ဟုတ်လား၊ ဒီတော့ သမီးက ဘယ်လိုပြန်ဖြေလိုက် သလဲ"

"ကမယ်လို့ဖြေလိုက်တာပေါ့ ဖေကြီးရဲ့၊ သမီးက မင်းသမီး ဝတ်စုံလေးနဲ့ အရမ်းကချင်တာ"

မိုးဟိန်းက တစ်ချက်ပြုံးလိုက်ရင်း သမီးလေး၏ပါးဖောင်း ဖောင်းနှစ်ဖက်ကို မနာကျင်အောင် ဖွဖွဆွဲလိမ်ကာ . . .

"ကလို့ဖြစ်ပါ့မလား သမီးရဲ့၊ သမီးက ရွှေသွားလေးတွေ ကျိုးနေတဲ့ ဥစ္စာ၊ ရွှေသွားကျိုးတဲ့သူက မင်းသမီးလုပ်လို့မရဘူးလို့ ဖေဖေတော့ကြားဖူးတယ်"

"ဟင် . . . ဟုတ်ဘဲနဲ့၊ ဖေကြီးလျှောက်ပြောနေတာ"

ခြူးခြူးက သူမ၏သွားကျိုးလေးများပေါ်အောင် ချစ်စဖွယ် ပြုံးရင်း မယုံသလိုမေး၏။ မိုးဟိန်းက တဟားဟားရယ်လိုက်ရင်း. . .

"ဖေဖေ တကယ်ကြားဖူးလို့ပြောတာပေါ့ သမီးရဲ့"

www.foreverspace.com.mm

ဖခင်ဖြစ်သူ ရယ်မောနေသည်ကိုတွေ့ရသောကြောင့် အင်မတန်အကင်းပါးသော ခြူးခြူးက သူမကို ဖခင်ဖြစ်သူက တမင်စနောက်နေမှန်း ချက်ချင်းရိပ်မိသွားပြီး တခစ်ခစ်ရယ်မောရင်း . . .

"ညာတာ. . . ညာတာ ဖေကြီးမျက်နှာမှာ ညာပြောမှန်းပေါ်နေတယ်"

လိမ္မာပါးနပ်လွန်းသော ခြူးခြူးစကားကြောင့် မိုးဟိန်းက သမီးဖြစ်သူကို ကောက်ယူပွေ့ချီရင်း အူလှိုက်သည်းလှိုက် ရယ်မောနေမိသည်။

ထိုစဉ် တယ်လီဖုန်းသံက မြည်လာသည်။

မိုးဟိန်းက ဖုန်းကို ကောက်ကိုင်လိုက်သောအခါ တစ်ဘက်မှ ပြောသူမှာ သူနှင့်တွဲဘက် အမှုစစ်အရာရှိ ဦးအေးဆောင်ဖြစ်နေ၏။

"ကိုမိုးဟိန်းလား၊ ကျွန်တော်တို့ သာဒွန်းဦးကိုမိထားပြီ၊ မနေ့ညက သူ့အမေအိမ်မှ သွားဆွဲလာတာ၊ အခု ရုံးကိုလာခဲ့မလား"

မိုးဟိန်းရင်ထဲမှာ ထိတ်ကနဲဝမ်းသာသွားပြီး . . .

"ဟုတ်ကဲ့၊ ကျွန်တော် အခုချက်ချင်းလာခဲ့မယ်"

ဟုပြောကာ ဖုန်းကိုပြန်ချလိုက်သည်။

■

www.foreverspace.com.mm

## အခန်း (၆)

မိုးဟိန်းက အမှုစစ်အရာရှိရုံးခန်းထဲသို့ ဝင်လိုက်သည်နှင့် ဦးအေးဆောင်နှင့်အတူ အခြားအရာရှိနှစ်ယောက်ကိုပါ တွေ့လိုက်ရသည်။ ဦးအေးဆောင်က . . .

"ဟော. . . ကိုမိုးဟိန်း ရောက်လာပြီကိုး၊ ဘယ်လိုလဲ. . . သာဒွန်းဦးကိုစစ်တော့မလား၊ ဟောဒီက ကိုတင်ထွဋ်ကတော့ ဒီကောင့်ကိုယ်ရေးမှတ်တမ်းကို ယူထားပြီးပြီ"

အခြားအမှုစစ်အရာရှိတစ်ဦးဖြစ်သူ ကိုတင်ထွဋ်က စားပွဲပေါ်မှ ဖိုင်တွဲတစ်ခုကို မိုးဟိန်း၏လက်ထဲသို့ပြန်ပေး၏။

မိုးဟိန်းက သာဒွန်းဦး၏ကိုယ်ရေးမှတ်တမ်းကို အကြမ်းဖျင်းဖတ်ကြည့်လိုက်သည်။ ဖတ်နေရင်းမှာပင် မိုးဟိန်း၏မှတ်ဉာဏ်ထဲ၌

www.foreverspace.com.mm

လက်ကနဲဖြစ်သွားစေသည့် အချက်အလက်တချို့ကိုတွေ့လိုက်ရသည်။

ဦးအေးဆောင်က . . .

"ဘယ်မှာအလုပ်လုပ်ကြမလဲ ကိုမိုးဟိန်း၊ သာဒွန်းဦးကို စစ်ကြောရေးအခန်းထဲ ထည့်လိုက်ရမလား"

"နေပါစေ ကိုအေးဆောင်၊ ဒီကောင့်ကို ကျွန်တော့်ရုံးခန်း ထဲမှာပဲ စစ်ကြည့်ချင်တယ်၊ ဒီကောင်က မျက်မြင်သက်သေပဲဥစ္စာ၊ နောက်ပြီး ကိုအေးဆောင်အခန်းနဲ့ ကျွန်တော့်အခန်းနဲ့က ကပ်လျက်ဆို တော့ ကျွန်တော် ဟိုဘက်မှာမေးနေတာတွေကို ကိုအေးဆောင်တို့က ဒီဘက်အခန်းကနေ နားထောင်လို့ရတာပေါ့"

"အိုကေ. . . ကိုမိုးဟိန်း"

မိုးဟိန်း၏ရုံးခန်းနှင့် ဦးအေးဆောင်၏ရုံးခန်းက ကပ်လျက်ဖြစ်သည်။ ပြီးတော့ ဟိုဘက်အခန်းနှင့်ဒီဘက်အခန်း အလွယ်တကာဖြတ်သန်းသွားလာနိုင်အောင် နံရံတွင် တံခါးပေါက်တစ်ပေါက်ရှိ၏။

မိုးဟိန်း၏အခန်းထဲသို့ သာဒွန်းဦးကိုခေါ်လာသောအခါ စင်္ကြံလမ်းမှ တိုက်ရိုက်ဝင်သောတံခါးကို မသုံးဘဲ ဦးအေးဆောင်၏အခန်းထဲသို့ အရင်ခေါ်လာပြီး နံရံတွင်ရှိသော အတွင်းတံခါးမှတဆင့် ဝင်စေသည်။

သာဒွန်းဦးက ခေါင်းကိုငုံ့လာ၏။ မိုးဟိန်းက . . .

"ဟေ့ကောင်သာဒွန်းဦး မကြောက်ပါနဲ့ကွ၊ ဒီအခန်းထဲမှာ မင်းနဲ့ငါ နှစ်ယောက်တည်းရှိတယ်၊ ငါ့ကို ရဲရဲမော့ကြည့်စမ်းပါကွ"

သာဒွန်းဦး၏ မျက်လုံးအကြည့်က ဖြည်းဖြည်းချင်း အပေါ်သို့ မော့လာ၏။ မိုးဟိန်းက . . .

"မင်း ငါ့ကိုမှတ်မိလားသာဒွန်းဦး၊ လွန်ခဲ့တဲ့(၁၀)နှစ်လောက်တုန်းက မင်းနဲ့ငါ တစ်ခေါက်ဆုံဖူးပါတယ်ကွာ"

သာဒွန်းဦး၏မျက်နှာက တွေတွေငေးငေးဖြစ်သွား၏။ အနည်းငယ်ကြေကွဲ ချောက်ချားသွားဟန်ဖြင့် . . .

www.foreverspace.com.mm

"ဟို. . . ဟို ကျွန်တော့်ပုထွေး အသတ်ခံရတုန်းက. . ."

"အေး. . . ဟုတ်တယ်၊ အဲဒီတုန်းက မင်းအမေကို မသင်္ကာမှုနဲ့ ဖမ်းထားရာကနေ လွှတ်အောင်လုပ်ပေးခဲ့တာ ငါပဲ၊ မှတ်မိပြီလား"

သာဒွန်းဦးက ခေါင်းကို ဖြည်းညင်းစွာညိတ်သည်။ မိုးဟိန်းက . . .

"ငါ ဘယ်လိုလူစားလဲဆိုတာ မင်းအသိပဲသာဒွန်းဦး၊ ဒီတော့ အပိုတွေ ရှည်ရှည်ဝေးဝေးမပြောချင်ဘူး၊ မင်းဆရာဦးလှကြိုင်နဲ့ စိန် ကြီးဆိုတဲ့လူ ဘယ်လိုဖြစ်ပြီး မီးရှို့အသတ်ခံရတာလဲဆိုတာ ပြောပြစမ်း"

သာဒွန်းဦးက အထိတ်တလန့်ဖြင့် . . .

"မဖြစ်. . . မဖြစ်ဘူးထင်တယ် ဆရာ"

"ဘာလို့မဖြစ်ရမှာလဲ"

မိုးဟိန်းကဟောက်လိုက်၏။ ထိုအခါတွင်မှ သာဒွန်းဦးက ပို၍ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး . . .

"ကျွန်တော်ပြောလိုက်ရင် ကျွန်တော့်အမေကို သူတို့ ဒုက္ခပေးကြလိမ့်မယ်ဆရာ"

အမေကိုချစ်လွန်းသော သာဒွန်းဦးကို မိုးဟိန်းက စိတ်မကောင်းစွာစိုက်ကြည့်ရင်း . . .

"မင်းအမေ ဘာမှမဖြစ်စေရဘူးကွာ၊ ငါ တာဝန်ယူတယ်"

သာဒွန်းဦးက သက်ပြင်းချသည်။ ပြီး. . .

"ဆရာ့ကိုရော ဘာမှမဖြစ်စေရဘူးလို့ ဘယ်သူတာဝန်ယူ မှာလဲ ဆရာ"

သာဒွန်းဦး၏စကားဆန်းကြောင့် မိုးဟိန်းစိတ်ထဲတွင် ထင့်ကနဲဖြစ်သွား၏။ ဒီကောင်ပြောပုံအရဆိုလျှင် အန္တရာယ်ကို လျှော့တွက်ထား၍မရ။

စားပွဲပေါ်မှာတင်ထားသော စာအိတ်အညိုရောင်ခပ်ကြီးကြီး

www.foreverspace.com.mm

တစ်လုံးကို မိုးဟိန်းကကောက်ယူလိုက်၏။ သာဒွန်းဦးကိုဖမ်းမိစဉ်က သူနှင့်အတူ သိမ်းဆည်းရမိခဲ့သော သက်သေခံပစ္စည်းများကို စာရင်းပြုစုပြီး ထည့်သွင်းထားသည့်စာအိတ်ဖြစ်သည်။ မိုးဟိန်းက ထိုစာအိတ်ထဲမှပစ္စည်းများကို စားပွဲပေါ်သို့သွန်ချလိုက်၏။

ခါးပတ်တစ်ချောင်း၊ အိတ်ဆောင်နာရီတစ်လုံး၊ လက်စွပ်တစ်ကွင်း၊ ငွေစက္ကူအနည်းငယ်ပါသော ပိုက်ဆံအိတ်ခပ်စုတ်စုတ်တစ်လုံးနှင့်အတူ ဟိုတယ်အခန်းသော့ဟုယူဆရသည့် နံပါတ်(၁၃) လေဘယ်ချိတ်ထားသော သော့တစ်ချောင်းတို့က စားပွဲပေါ်သို့ ထွက်ကျလာ၏။

မိုးဟိန်းက နာရီကိုကောက်ယူလိုက်ပြီး . . .

"မင်းနာရီက တယ်ကောင်းပါလားကွ"

သာဒွန်းဦးကတော့ ဘာပြောပြော စိတ်ဝင်စားပုံမပြ။ သူက. . .

"ကျွန်တော်. . . ကျွန်တော် အိမ်သာသွားချင်တယ်"

"မသွားရဘူး. . . ကိုယ့်လူ"

မိုးဟိန်းက ခပ်မာမာပြောလိုက်ပြီး ဟိုတယ်အခန်းသော့ကို ကောက်ယူလိုက်သည်။ ထို့နောက် သာဒွန်းဦးရှေ့တွင် ထောင်ပြလိုက်ရင်း . . .

"အောင်မယ်. . . မင်းက ဟိုတယ်မှာတောင် တည်းနေတယ်ပေါ့လေ၊ ဒီမှာ အခန်းနံပါတ်ကဆယ့်သုံးတဲ့၊ ပြောစမ်း၊ ဟိုတယ်ကဘယ်နားမှာလဲ"

သာဒွန်းဦးက သော့ကိုရဲရဲမကြည့်၊ မျက်နှာလွှဲထားရင်းက . . .

"ဟင့်အင်း ဘယ်နေရာမှာမှမရှိဘူး"

မိုးဟိန်းက စိတ်ပျက်စွာ အနည်းငယ်ရယ်မောလိုက်ရင်း သော့ကို သာဒွန်းဦးရှေ့စားပွဲအစွန်နားဆီသို့ ပစ်ချလိုက်သည်။ ထို့ နောက် . . .

www.foreverspace.com.mm

"ဘယ်နေရာမှာမှမရှိတဲ့ ဟိုတယ်တစ်ခုကအခန်းရဲ့သော့ကို ဘာကိစ္စနဲ့ မင်းကကိုင်ထားရမှာလဲ၊ မင်းဆီက အဓိပ္ပါယ်ရှိတဲ့အဖြေကို ပဲ ကြားချင်တယ်ကွာ၊ ငါ့ကိုလိမ်မနေနဲ့"

"ကျွန်တော် အိမ်သာခဏသွားချင်တယ်"

ပြောပြောဆိုဆိုဖြင့် သာဒွန်းဦးက ထိုင်နေရာမှ ဖြုန်းကနဲ ထရန်ဟန်ပြင်လိုက်သည်။ မိုးဟိန်းက . . .

"ပြန်ထိုင်စမ်း ဟော့ကောင်၊ ပြန်ထိုင်၊ မင်းဘယ်မှမသွား ရဘူး၊ မင်းတို့ဆိုင်ထဲမှာ ဟိုညက ဘာတွေဖြစ်ခဲ့သလဲဆိုတာ ငါ့ကို လုံးစေ့ပတ်စေ့ပြောလို့မပြီးမချင်း ထိုင်ရာကထဖို့ မစဉ်းစားနဲ့"

မိုးဟိန်းက စိတ်ခါတ်စစ်ဆင်ရေးလုပ်သည့်သဘောဖြင့် ခပ် မာမာဖိဟောက်လိုက်၏။ သာဒွန်းဦး၏မျက်လုံးများက ဂနာမငြိမ်၊ ကျိုးကန်းတောင်းမှောက်ဖြစ်နေကြ၏။ ပြီးတော့မှ သူက . . .

"အဲဒီနေ့ညက ဆိုင်ထဲကို လူသုံးယောက်ဝင်လာတယ်၊ လူစိမ်းတွေပဲ သူတို့ကို ကျွန်တော် တစ်ခါမှမမြင်ဖူးဘူး၊ ခေါင်းဆောင် လုပ်တဲ့လူရဲ့နာမည်ကို သက်ဦးလို့ခေါ်တာ ကြားလိုက်တယ်"

"အဲဒီလူက မင်းဆရာဦးလှကြိုင်ကို ဘယ်လိုမီးရှို့သတ် လိုက်တာလဲ"

သာဒွန်းဦးဆီမှ အဖြေစကားမကြားရ။ လက်ချောင်းတွေကို ဆုပ်နယ်ကာ ဂနာမငြိမ်ဖြစ်နေသည်ကို မြင်ရ၏။ မိုးဟိန်းက ထပ်၍ . . .

"ဟော့ကောင် . . . ပြောလေကွာ၊ အဲဒီလူက ဘယ်လိုလုပ်ပြီး မီးရှို့သတ်လိုက်တာလဲ"

မေးရင်း မိုးဟိန်း၏အကြည့်က အမှုတွဲဖိုင်ကြားမှာ ညှပ်ထား သည့် မီးလောင်ကျွမ်းထားသော အကောင်များ၏ပုံဆီသို့ ဖျတ်ကနဲ ပျံ့လွင့်သွားသည်။

အဲသည့်အခိုက်တန့်လေးမှာပင် . . .

www.foreverspace.com.mm

သာဒွန်းဦး၏မျက်လုံးများက တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်သလိုမျိုး အရောင်လက်သွားပြီး သူ့ရှေ့စားပွဲပေါ်မှ ဟိုတယ်အခန်း သော့ကို ဆတ်ကနဲကောက်ယူကာ ထရပ်လိုက်သည်။ တစ်ပြိုင်တည်း မှာပင် သူ့ကိုယ်လုံးက တရပ်လိုက်သောအရှိန်ဖြင့် စာပွဲအစွန်း တွင်ထိုင်နေသော မိုးဟိန်းကို တိုက်ချလိုက်၏။

အမှတ်တမဲ့ မိုးဟိန်းတစ်ယောက်ဟန် ချက်ပျက်ကာ စားပွဲအစွန်းမှ ယိုင်လဲပြီး ကြမ်းပြင်ပေါ် ခြေပစ်လက်ပစ်ကျသွားသည်။ ရုတ်ချည်းပင် ပြန်ထဖို့ကြိုးစား၏။ စက္ကန့်ပိုင်းအတွင်းမှာပင် သာဒွန်းဦးက တံခါးဆီသို့ တစ်ဟုန်ထိုးပြေးထွက်သွားသည်ကို မြင်ရသည်။

သူဦးတည်နေသည့်တံခါးက ဦးအေးဆောင်၏ အခန်းဘက် သို့ ကူးသည့်တံခါး. . . ။

ကိစ္စမရှိ။ ဟိုဘက်ခန်းက ဦးအေးဆောင်နှင့် ကိုတင်ထွဋ်တို့ အဖွဲ့က ဆီးပြီးဖမ်းထားကြလိမ့်မည်ဟုတွေးရင်း မိုးဟိန်းက လဲကျနေရာမှထရပ်လိုက်၏။

သာဒွန်းဦးက သူ့လက်ထဲတွင်ကိုင်ထားသည့် ဟိုတယ်အခန်း သော့ဖြင့် ရုံးခန်းနှစ်ခန်းကြားကူးသည့်တံခါးကို ထိုးလှည့်ဖွင့်လိုက်သည်။

မိုးဟိန်းက . . .

"ဟေ့ကောင်. . . သာဒွန်းဦး. . . မပြေးနဲ့"

အော်ဟစ်လိုက်သည့်အချိန်မှာပင် သာဒွန်းဦး သော့ကိုနှိုက်ယူလျက် တစ်ဖက်အခန်းထဲသို့လှမ်းဝင်ကာ တံခါးပြန်ပိတ်လိုက်ပြီ ဖြစ်သည်။

မိုးဟိန်းက တံခါးဆီသို့ပြေးသွားပြီး လက်ကိုင်ဘုကိုဆွဲလှည့်ကာ ဦးအေးဆောင်၏ရုံးခန်းထဲသို့ အလောတကြီးလိုက်ဝင်သွားသည်။

"ဟင်. . . "

ဦးအေးဆောင်နှင့် အခြားအမှုစစ်အရာရှိနှစ်ယောက်က စားပွဲ

www.foreverspace.com.mm

တွင်ဝိုင်းဖွဲ့လျက် သက်တောင့်သက်သာထိုင်နေရာမှ နားမလည်သလို လှမ်းကြည့်နေကြသည်။

ဦးအေးဆောင်က . . .

“ဘာဖြစ်တာလဲ ကိုမိုးဟိန်းရဲ့”

မိုးဟိန်းက ပါးစပ်အဟောင်းသားဖြစ်သွားပြီး . . .

“ဟိုကောင် သာဒွန်းဦး. . . ခင်ဗျားအခန်းထဲကို ပြေးဝင် လာတယ်လေ၊ မတွေ့လိုက်ဘူးလား”

“ဟာ. . . တောက်တီးတောက်တဲ့ဗျာ၊ ကျုပ်တို့သုံးယောက် စလုံး ဒီမှာထိုင်နေကြတာပဲ၊ ဟောဒီတံခါးကိုဖွင့်ပြီးဝင်လာတာဆိုလို့ ခင်ဗျားပဲရှိတယ် ကိုမိုးဟိန်းရဲ့”

မိုးဟိန်း ဘာပြောရမှန်းမသိတော့။ သူ့အဖို့ နားမလည်နိုင် စရာဖြစ်နေလေပြီ။ မိုးဟိန်းက ခေါင်းကိုခါယမ်းလိုက်ရင်း . . .

“တစ်ခုခုတော့ ထူးဆန်းနေပြီ ကိုအေးဆောင်၊ သာဒွန်းဦး ဟာ သူ့အိတ်ထဲမှာပါတဲ့သော့နဲ့ ကျုပ်မျက်စိရှေ့မှာတင် ဟောဒီတံခါး ကိုဖွင့်ပြီး ဒီဘက်အခန်းကိုဝင်သွားတာဗျ၊ အဲ. . . ခင်ဗျားတို့ကတော့ ဒီအခန်းထဲကို ဘယ်သူမှဝင်လာတာမတွေ့ဘူးဆိုတော့ စဉ်းစားစရာပဲ”

ဦးအေးဆောင်နှင့် အခြားအမှုစစ်အရာရှိနှစ်ယောက်စလုံး ကြောင်ထဲ စိမ့်ကနဲဖြစ်သွားကြသည်။

သရဲတစ္ဆေအကြောင်းကို ကြားလိုက်ရသလိုမျိုး အံ့သြခြင်း၊ ထိတ်လန့်ခြင်း၊ မယုံကြည်နိုင်ခြင်းတို့ကို တစ်ပြိုင်တည်းခံစားလိုက်ရ၏။

■

www.foreverspace.com.mm

## အခန်း (၇)

ညနေပိုင်းရုံးဆင်းခါနီးတွင် မိုးဟိန်း၏ရုံးထဲသို့ ဦးအေးဆောင် ရောက်လာသည်။ သူက လက်ထဲတွင်ကိုင်လာသောဖိုင်တွဲကို မိုးဟိန်း၏စားပွဲပေါ်သို့ ချလိုက်ရင်း . . .

"ဒါ အခင်းဖြစ်ပွားတဲ့ ရှေးဟောင်းပစ္စည်းအရောင်းဆိုင်ရဲ့ ဖုန်းအဝင်အထွက်မှတ်တမ်းတွေပဲ ကိုမိုးဟိန်း၊ ကျုပ် ဆက်သွယ်ရေးရုံးမှာသွားပြီး စုံစမ်းလာခဲ့တာ"

"ဘာများထူးခြားသေးလဲ"

"ထူးခြားတာကတော့ အဲဒီဆိုင် မန်နေဂျာဦးလှကြိုင်ဟာ သူမသေခင် မိနစ်ပိုင်းလို့ယူဆရတဲ့အချိန်လောက်က အပြင်ကိုဖုန်းတစ်ချက်ဆက်ခဲ့တယ်ဗျ"

www.foreverspace.com.mm

"ဘယ်သူ့ဆီကိုလဲ"

မိုးဟိန်း၏စကားကြောင့် ဦးအေးဆောင်က သူ့လက်ချောင်းတုတ်တုတ်ကြီးများဖြင့် စားပွဲမျက်နှာပြင်ကို တဒေါက်ဒေါက်ခေါက်လိုက်ပြီး . . .

"သူ့ သူဌေး ဦးရွှေဇံအောင်ဆီကိုပဲဗျ၊ အဲဒီ ရှေးဟောင်းပစ္စည်းဆိုင်ကို ပိုင်လျက်သားနဲ့ သူနဲ့မဆိုင်သလို မျက်နှာလွှဲထားတဲ့ တကယ့်ကျိကျိတက်လူချမ်းသာကြီး ဦးရွှေဇံအောင်ပေါ့"

ဦးအေးဆောင်က ထိုသို့ပြောပြီး မိုးဟိန်း၏မျက်နှာကို တစ်ချက်လှမ်းကြည့်သည်။ သူတို့နှစ်ယောက် အကြည့်ချင်းဆုံနေကြ၏။

ဦးရွှေဇံအောင်ဆီသွားဖို့ အရေးတကြီးလိုအပ်နေပြီမှန်း နှစ်ယောက်စလုံးနားလည်လိုက်ကြသည်။

●

ဦးရွှေဇံအောင်၏နှစ်ထပ်တိုက်အိမ်ကြီးကား ခမ်းနားကျယ်ဝန်းလှသည်။ ဦးအေးဆောင်က သူ့ကားကို အိမ်ရှေ့ဆင်ဝင်အောက်အထိမောင်းဝင်လာခဲ့၏။

မိုးဟိန်းနှင့် ဦးအေးဆောင်တို့ကိုမြင်လိုက်သောအခါ တံခါးဝတွင်ရပ်နေသော ဦးရွှေဇံအောင်၏တပည့်တစ်ယောက်က ပျာပျာသလဲတားဆီးပြီး . . .

"ကျွန်တော်တို့သူဌေးက သူ့သားအတွက် မွေးနေ့ပွဲလုပ် နေလို့ ဘယ်ဧည့်သည်ကိုမှ မတွေ့ချင်ဘူးလို့ မှာထားပါတယ်ခင်ဗျာ"

ဦးအေးဆောင်က သူ့အင်္ကျီအိတ်ထဲမှ စီအိုင်ဒီအရာရှိကတ်ပြားကို ထုတ်ပြလိုက်ရင်း . . .

"ငါတို့ တာဝန်အရလာတာကွ၊ မင်းဆရာနဲ့ စကားပြောရမှဖြစ်မယ်"

www.foreverspace.com.mm

အစောင့်က ကတ်ပြားကိုကြည့်ပြီး . . .

"ဟာ. . . မသိလိုပါခင်ဗျာ၊ ကျွန်တော့်သူဌေးကို အခု ချက်ခြင်း သွားပြောလိုက်ပါ့မယ်၊ အပေါ်ထပ်ကို ကြွကြပါခင်ဗျာ"

မိုးဟိန်းနှင့်ဦးအေးဆောင်တို့ မြင့်မားခမ်းနားသော ကျွန်းသား ပွတ်လုံးတပ်လှေကားကြီးအတိုင်း အပေါ်ထပ်သို့ တက်ခဲ့ကြသည်။ လှေကားတစ်လျှောက်ခင်းထားသော ကော်ဇောမှာလည်း အရှေ့အလယ် ပိုင်းဒေသမှထွက်သည့် အဖိုးတန်ကော်ဇောတစ်ချပ်ဖြစ်ပြီး ကိုက်(၃၀) မျှရှည်လျား၏။

မိုးဟိန်းက မျက်စိရှင်ရှင်ထား၍ အိမ်အတွင်းပိုင်းကိုကြည့်ရှု အကဲခတ်လိုက်သည်။ ကြီးမားကျယ်ဝန်းသောအခန်းတွေ အတော်များ များ ဖွဲ့ထားသည်ကိုတွေ့ရ၏။ စင်္ကြံတစ်လျှောက်မှာလည်း တရုတ် ပြည်ဖြစ် ရှားပါးကြွေပန်းအိုးကြီးများကို ချထားသည်။

အပေါ်ထပ်အလည်တည့်တည့်ရှိ ခန်းမကျယ်ကြီးထဲသို့ ဝင် သွားသောအခါ ကိုးနှစ်ဆယ်နှစ်အရွယ်ကလေး (၁၅)ယောက်ခန့် အလယ်တွင် ကြီးမားသောကိတ်မုန့်တစ်လုံးကို တွေ့ရ၏။ အခန်း တစ်ခုလုံးကိုလည်း များပြားလှသောရောင်စုံဘောလုံးများ၊ ရွှေရောင် ငွေရောင်ပန်းလိပ်များ၊ ရောင်စုံမီးသီးနှင့် ဖယောင်းတိုင်များတို့ဖြင့် လှကုံထန်တစ်ယောက်၏ သားသမီးမွေးနေ့ပွဲမှန်း သိသာစေသော အဆင်အပြင်များကို တွေ့ရလေသည်။

အခန်းထိပ်ဆုံးတစ်နေရာမှာတော့ အဖြူနုရောင်အဝတ်စဖြင့် ဖုံးအုပ်ထားသည့် အဆောက်အအုံသဏ္ဍာန်ငယ်တစ်ခု. . .။

ထိုအနီးတွင် ရပ်နေသူကတော့ သူဌေးကြီးဦးရွှေဖံအောင်။

မိုးဟိန်းနှင့်ဦးအေးဆောင်တို့ အခန်းထဲဝင်သွားကြသည့် အချိန်တွင် ဦးရွှေဖံအောင်က ဖုံးအုပ်ထားသောအပြာရောင်ဝတ်စကို ဖယ်ရှားလိုက်၏။ ဘွားကနဲပေါ်လာသည်ကား ဒစ္စနေးရဲတိုက်ပုံစံ ငယ်တစ်ခု၊ ခြောက်ပေခန့်မြင့်မားပြီး ဆယ့်လေးငါးပေခန့် ရှည်လျား

www.foreverspace.com.mm

မည်ဟု ခန့်မှန်းရ၏။

ဟောင်ကောင်မှ ဒစ္စနေရဲတိုက်ပုံစံအတိုင်း အသေးစိတ်တူအောင်ဆောက်ထားသော လက်ရာဖြစ်သည်။

မျှော်စင်တွင် တံတိုင်းတွေပါ တစ်သဝေမတိမ်းတူညီပြီး ရဲတိုက်အဝင်တံခါးကလည်း ကလေးတစ်ယောက် ကောင်းစွာဝင်ထွက်နိုင်အောင် တံခါးရွက်နှင့်တကွ ကျကျနနဆောက်လုပ်ထားခြင်းဖြစ်၏။

ကာတွန်းထဲမှာသာမြင်တွေ့ရသော အဆောက်အအုံမျိုးကို အပြင်မှာ ဘွားကနဲ လက်တွေ့မြင်လိုက်ရသောကလေးများက 'ဟာ' 'ဟင်' 'လှလိုက်တာ' 'အကြီးကြီးပဲနော်' စသဖြင့် အာမေဋိတ်မျိုးစုံ လွှတ်ကနဲရေရွတ်မိပြီး တအံ့တသြဖြစ်ကုန်ကြသည်။

ဦးရွှေဇံအောင်က ကြည်နူးပီတိဖြစ်စွာဖြင့် သူ့သားဘက်ကို လှည့်ပြီး . . .

"ဟောဒီရဲတိုက်က သားကစားဖို့ ဖေဖေ့ရဲ့ မွေးနေ့လက်ဆောင်ပေါ့"

အသက်(၇)နှစ်အရွယ် ဖြူဖတ်ဖြူရော်ချာတိတ်လေးကတော့ ရဲတိုက်ငယ်ကိုတလှည့် သူ့ဖခင်၏မျက်နှာကိုတလှည့် ကြည့်ရင်း သူ့မျက်လုံးများကို မယုံနိုင်အောင်ဖြစ်နေသည်။

ဦးရွှေဇံအောင်ကား သူ့သားကို ပြုံးပြုံးကြီးစိုက်ကြည့်နေ သည်။ ဖခင်တစ်ယောက်၏ အဆုံးစမရှိကျယ်ပြန့်သော ချစ်ခြင်းမေတ္တာ၏ထုထည်ကို သူက မျက်ဝန်းညိုညိုတွေထဲမှာ မြင်ရလေသည်။

"သား. . ."

ခေါ်လိုက်သော သူ့အသံကပင် ကြည်နူးမြတ်နိုးမှု အပြည့် ဖြင့် တုန်ယင်နေ၏။ ပြီးတော့ သူက သားဖြစ်သူ၏ဦးခေါင်းမှ ဆံပင် များကို ဖွဖွပွတ်သပ်ပေးရင်း . . .

"ဟတ်ပီးဘတ်ဒေး"

www.foreverspace.com.mm

ကလေးငယ်လေးက စကားတစ်ခွန်းမှမဆိုဘဲ ခေါင်းညိတ်ပြသည်။ ဦးရွှေဖံအောင်က . . .

"ကဲ . . . သားရေ၊ မွေးနေ့ကိတ်ပေါ်က ဖယောင်းတိုင်မီးတွေ မှုတ်လိုက်ဦး၊ ပြီးရင် သားလိုချင်တဲ့ဆုကိုတောင်းနော်"

ချာတိတ်လေးက သူ့ဖခင်ပြောသည့်အတိုင်း မွေးနေ့ကိတ်မုန့်ဆီသို့ တရွေ့ရွေ့လျှောက်သွားပြီး ဖယောင်းတိုင်များကို မှုတ်ငြိမ်းသတ်လိုက်သည်။ ဘေးမှကလေးငယ်များက အားပါးတရ လက်ခုပ်တီးကြ၏။

ဦးအေးဆောင်က ဦးရွှေဖံအောင်၏အနီးသို့ကပ်သွားပြီး သူ၏စီအိုင်ဒီကတ်ပြားကိုပြကာ မိတ်ဆက်သည့်အခါ ဦးရွှေဖံအောင်က ဖော်ဖော်ရွေရွေပင်တုံ့ပြန်သည်။ ဦးရွှေဖံအောင်ကိုကြည့်ရသည်မှာ အသက်(၅၀)ကျော်အရွယ်ရှိပြီဖြစ်သော်လည်း သန်သန်မာမာဖျတ်ဖျတ်လတ်လတ် ရှိနေဆဲပင်။ အရပ်က ပုပြတ်ပြတ်ဖြစ်ပြီး ခန္ဓာကိုယ်တုတ်ခိုင်၏။ ထိပ်ပြောင်နေသော ဦးခေါင်းနှင့်ရွှေကိုင်းမျက်မှန်တို့သာမရှိလျှင် ဦးရွှေဖံအောင်ကို အတော်ပင်နုပျိုပြီး အရွယ်တင်သူ ဟုဆိုရပေလိမ့်မည်။ သူက မိုးဟိန်းတို့ကိုရှင်းပြ၏။

"အမှန်က အဲဒီရှေးဟောင်းပစ္စည်းဆိုင်ကို ကျွန်တော့်အဘိုး ဆီက အမွေရလိုက်တာပါ၊ ကျွန်တော့်အဘိုးက ရှေးဟောင်းပစ္စည်း တွေကို အရမ်းစွဲလန်းတာဗျ၊ သူသေတော့ သူ အင်မတန်မြတ်နိုးတဲ့ အဲဒီဆိုင်လေးကို ကျွန်တော့်ကိုအမွေပေးခဲ့တယ်။

ရိုးရိုးသားသားဝန်ခံရရင် အဲဒီဆိုင်ကိုပိတ်ပစ်ဖို့ ကျွန်တော် စဉ်းစားပါသေးတယ်၊ သိတဲ့အတိုင်းပဲလေ၊ ကျွန်တော့်မှာ ဝင်ငွေကောင်းတဲ့ စီးပွားရေးလုပ်ငန်းတွေအများကြီးပဲ၊ ဒီဆိုင်လေးက ဝင်ငွေလည်း ဟုတ်တိပတ်တိမရဘူး၊ အလုပ်ရှုပ်တာသက်သက် ပိုနေတာပဲ၊ ဒါပေမဲ့ ဗျာ အဘိုးမြတ်နိုးတဲ့ဆိုင်လေးဆိုပြီး မရောင်းရက်တာနဲ့ ဒီအတိုင်း ထားထားရတာ၊ ကျွန်တော့်အနေနဲ့ကတော့ အဲဒီဆိုင်ကို တစ်နှစ်မှ

www.foreverspace.com.mm

တစ်ခေါက်တောင် မရောက်ဖြစ်သလောက်ပါပဲ''

မိုးဟိန်းက . . .

''ဒါဆို အဲဒီနေ့ကဖြစ်သွားတဲ့ အမှုနဲ့ပတ်သက်ပြီး ဘာမှ ထင်မြင်ချက်မပေးနိုင်ဘူးပေါ့ ဟုတ်လား''

''ဟုတ်ပါတယ်ဗျာ၊ စောစောကပြောသလိုပဲ ကျွန်တော်က အဲဒီဆိုင်နဲ့ အဆက်အသွယ်ပြတ်နေတာကိုး၊ နောက်ပြီး ကျွန်တော် ပိုင်တဲ့လုပ်ငန်းတွေထဲမှာ ဘယ်တုန်းကမှ အခုလို အလုပ်သမား တစ်ယောက် သေတာကြေတာမဖြစ်ဘူးတော့ စိတ်လည်းမကောင်း ဘူး၊ ဒေါသလည်းဖြစ်တယ်၊ တရားခံကို မြန်မြန်မိပါစေလို့သာ ဆုတောင်းနေရာတော့တာပဲ''

မိုးဟိန်းက ချောင်းတစ်ချက်ဟန့်လိုက်ရင်း . . .

''မန်နေဂျာဦးလှကြိုင်က အဲဒီ့ညက သူမသေခင်မှာ ခင်ဗျား ဆီကိုဖုန်းဆက်ထားတဲ့ တယ်လီဖုန်းမှတ်တမ်းကိုတွေ့ရတယ်၊ ဘာ တွေများပြောဖြစ်ကြသေးလဲ''

ထိုသို့မေးရင်း မိုးဟိန်းက ဦးရွှေဇံအောင်၏မျက်နှာကို သေ သေချာချာအကဲခတ်ကြည့်နေ၏။ ဦးရွှေဇံအောင်က မည်သို့မှ အမူ အရာပြောင်းလဲခြင်းမရှိဘဲ . . .

''သြော်. . . ဒါက၊ အရောင်းအဝယ်ပါးလို့ သူ ဆိုင်စောစော ပိတ်ချင်တဲ့အကြောင်း လှမ်းပြီးခွင့်တောင်းတာပါ၊ ဘာမှထွေထွေထူးထူး မဟုတ်ပါဘူး၊ သိတဲ့အတိုင်းပဲလေ၊ ရှေးဟောင်းပစ္စည်းဆိုတာက အရောင်းအဝယ်ဖြစ်တာ ခဲယဉ်းတယ်မဟုတ်လား''

ထိုအဖြေကြောင့် ဦးအေးဆောင်က သူ့ပါးဖေါင်းဖေါင်းကြီး နှစ်ဖက်ကို ပါးစံကြီးများပေါ်သည်အထိ အားပါးတရပြုံးလိုက်ရင်း ခေါင်းတညိတ်ညိတ်လုပ်နေ၏။ ပြီးမှ အမှတ်တမဲ့မေးသလိုလိုဖြင့်. . .

''ဒါနဲ့ သေသွားတဲ့ ခင်ဗျားမန်နေဂျာဦးလှကြိုင်မှာ သာဒွန်း ဦးဆိုတဲ့ တပည့်လေးတစ်ယောက်ရှိသေးတယ်၊ သူ့ကိုရောသိလား''

www.foreverspace.com.mm

ဦးရွှေဖံအောင်က ချက်ချင်းပင်ခေါင်းခါပြီး . . .

"ဆိုင်ကိစ္စအားလုံး မန်နေဂျာနဲ့ပဲ လွှတ်ထားတာဆိုတော့ အလုပ်သမားကိုလည်း မန်နေဂျာကပဲ စိတ်ကြိုက်ရွေးပြီးခန့်တာပါ၊ ကျွန်တော်မသိပါဘူး"

ဦးရွှေဖံအောင်ကား အမှန်တကယ်ပင် ဘာမှမသိလေရော့ သလား။ သို့မဟုတ် အကွက်စေ့စေ့စဉ်းစားထားပြီး ပိပိရိရိဟန်ဆောင် လိမ်ညာနေသလား ခွဲခြားမရနိုင်။ လောလောဆယ်အထိတော့ သူက အဖြေတွေအားလုံးက ရှေ့နောက်ညီညွတ်ပြီး အကြောင်းကျိုး ဆီလျော်နေ၏။ သူ့အပေါ် ဘာမှသံသယဝင်စရာမရှိ။

မိုးဟိန်းက အရေးကြီးဆုံးမေးခွန်းတစ်ခုမေးဖို့အတွက် ဦးရွှေ ဖံအောင်၏မျက်နှာကို စိန်းစိန်းကြီးစိုက်ကြည့်လိုက်၏။ ပြီးမှ . . .

"ဒါနဲ့ ခင်ဗျားမန်နေဂျာက ခင်ဗျားကို သော့တစ်ချောင်းနဲ့ ပတ်သတ်လို့ ဘာများပြောဖူးတာရှိသလဲ"

"ဗျာ. . . သော့. . . ဟုတ်လား"

ဦးရွှေဖံအောင်က မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း မိုး ဟိန်းကိုတစ်လှည့် ဦးအေးဆောင်ကိုတစ်လှည့် ကြည့်လိုက်သည်။ ပြီးမှ ဆက်၍ . . .

"ဟင့်အင်း ဘာသော့အကြောင်းမှမပြောဖူးဘူးဗျ၊ ကဲပါလေ အားတော့နာပါတယ်၊ နှင်တယ်လို့လည်း သဘောမထားပါနဲ့၊ ဒီ ကနေ့က ကျွန်တော့်သားလေးမွေးနေ့ဖြစ်နေလို့ စိတ်ဆင်းရဲစရာတွေ စိတ်ရှုပ်စရာတွေ မစဉ်းစားပါရစေနဲ့တော့၊ အဲ. . . တကယ်လို့ ကျွန် တော့် အကူအညီလိုလာတယ်ဆိုရင် အချိန်မရွေးသာဖုန်းဆက်လိုက် ပါ၊ တရားခံကိုမိဖို့ လိုအပ်တာမှန်သမျှ ကျွန်တော်ကူညီပါ့မယ်"

သူ့စကားကြောင့် မိုးဟိန်းနှင့်ဦးအေးဆောင်တို့က တစ် ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ပြိုင်တူခေါင်းညိတ်လိုက်ကြ သည်။ ဦးအေးဆောင်က . . .

www.foreverspace.com.mm

“ကောင်းပါပြီလေ၊ ကျွန်တော်တို့ပြန်လိုက်ပါဦးမယ် ဦးရွှေဖုံ အောင်”

■

www.foreverspace.com.mm

## အခန်း (၈)

ညနေခင်းနေရောင်ခြည်က ကားလမ်းမအလယ်တွင် စီတန်းစိုက်ပျိုးထားသည့် ရေတမာပင်တို့၏အရိပ်တွေကို ကတ္တရာလမ်းပေါ် ရှည်လျားစွာ လဲလျောင်းကျဆင်းနေသည်။

လူပြတ်သောနေရာဖြစ်သောကြောင့် လမ်းမပေါ်တွင် ကားတွေကလည်း တစ်စီးနှင့်တစ်စီးအလာကျဲလှ၏။ လမ်းမကြီးနှင့်လမ်းသွယ်ကလေးတစ်ခုထောင့်ရှိ အကြွေစေ့ထည့်ကာဆက်ရသော မှန်လုံကာတယ်လီဖုန်းကလေးတစ်ခုအတွင်းတွင် သာဒွန်းဦးတစ်ယောက် ဂနာမငြိမ်ဖြစ်နေသည်။

စကားပြောနေရင်းတန်းလန်းက သူ့အနီးမှ ကားတစ်စီး တလေဖြတ်သွားသည်ကို မြင်လိုက်တိုင်း စကားပြောလက်စကိုရပ်ပြီး

www.foreverspace.com.mm

ခေါင်းကို အောက်သို့ငုံ့ငုံ့ထားလိုက်သဖြင့် ပြောနေသည့်အကြောင်း အရာက ပျောက်ပျောက်သွားသည်။

တဖြည်းဖြည်းနှင့် သာဒွန်းဦးက စိတ်မရှည်ဖြစ်လာပြီး. . .

"ဒီမယ် ရွှေစင်မမ၊ ပိုက်ဆံက အရေးမကြီးဘူးဗျသိလား၊ ကျုပ် ပိုက်ဆံမက်လို့ ဒီပစ္စည်းကိုရောင်းနေတာမဟုတ်ဘူး"

တစ်ဖက်မှ ဘာပြန်ပြောသည်မသိ။ သာဒွန်းဦးက . . .

"ဘယ်ဈေးနဲ့ပဲရရဗျာ၊ ဒီပစ္စည်း ကျုပ်လက်ထဲမှာမရှိတော့ဘူးဆိုတာ အားလုံးသိသွားရင်ပြီးတာပဲ"

". . ."

"ဝယ်မယ်ဆိုရင် ခင်ဗျားကိုယ်တိုင်လာယူပါ ရွှေစင်မမ၊ ကျုပ်အခုရောက်နေတဲ့နေရာက. . .ဟာ. . .ဟိုမှာလာကုန်ကြပြီ"

အနက်ရောင်ကားကြီးတစ်စင်းက တယ်လီဖုန်းရုံဆီသို့ ဂငယ်ကွေ့ကွေ့ကာ မောင်းလာသည်ကို တွေ့လိုက်သည်နှင့်တစ်ပြိုင်နက် သာဒွန်းဦးတစ်ကိုယ်လုံး ဆောက်တည်ရာမရ ကြောက်လန့်သွားပြီး ဖုန်းကိုလွှတ်ချပစ်ကာ တဟဲဟုန်ထိုးထွက်ပြေးသည်။

ကားနက်ကြီးကလည်း သာဒွန်းဦးနောက်သို့ တရကြမ်း မောင်းလိုက်လာ၏။

သာဒွန်းဦးက ကားမောင်းဝင်၍မရသော လမ်းကြားထဲသို့ ပြေးဝင်သည်။ သူ့မျက်လုံးများက ကျီးကန်းတောင်းမှောက်ကြည့်ရင်း အနီးဆုံးတွေ့နိုင်မည့် တံခါးတစ်ချပ်ကို ရှာဖွေနေ၏။

တံခါး. . .တံခါး ဘယ်မှာလဲ။

တံခါးတစ်ချပ်ချပ်ကိုသာတွေ့လျှင် သူ မုချလွတ်မြောက်ပြီဟု ယုံကြည်ထားသည်။ ကားနက်ကြီးထဲမှ လူနှစ်ယောက်ကလည်း လမ်း ထိပ်တွင်ကားကိုရပ်ပစ်ခဲ့ပြီး သာဒွန်းဦးနောက်သို့ အပြေးလိုက်လာသည်။

ထိုစဉ် သာဒွန်းဦးက သူ့ညာဘက်ဘေးရှိ တိုက်တစ်ခု၏

www.foreverspace.com.mm

အဆုံးတွင် လက်ကိုင်ဘုပါသော တံခါးချပ်တစ်ချပ် ပိတ်ထားသည်ကို တွေ့လိုက်ရ၏။

သူက ဝမ်းသာအားရဖြင့်ပြေးသွားသည်။ အိတ်ထဲမှ အခန်းနံပါတ်(၁၃)လေဘယ်ပါသော့ကို ထုတ်ယူပြီး တံခါးလက်ကိုင်ဘုအတွင်းသို့ထိုးသွင်းကာ လှည့်ဖွင့်ရန်ဟန်ပြင်လိုက်၏။

နောက်မှလိုက်လာသော လူနှစ်ယောက်ကလည်း သာဒွန်းဦးတံခါးဖွင့်နေမှန်းမြင်သည်နှင့်တစ်ပြိုင်နက် ဆက်မလိုက်ကြတော့ဘဲ အင်္ကျီအောက်တွင်ဝှက်ယူလာသည့် ပစ္စတိုသေနတ်များကိုထုတ်ကာ ပြိုင်တူပစ်ခတ်လိုက်ကြတော့သည်။

ယမ်းပေါက်ကွဲသံများက ချောက်ချားဖွယ်ရာဆူညံသွား၏။

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

"အား. . . "

သာဒွန်းဦး၏ကျောပြင်ထဲသို့ ကျည်ဆံ(၃)တောင့်နစ်ဝင်သွားသည်။ သေအံ့မူးမူးအချိန်မှာပင် သာဒွန်းဦးက သူ့စိတ်ကိုအားတင်းစုစည်းကာ တံခါးကိုတွန်းဖွင့်လိုက်သည်။

ဟော. . . နွေးထွေးသော အလင်းရောင်ကိုမြင်ရပြီ။

သူ. . . အခန်းအတွင်းသို့လှမ်းဝင်ပြီးနောက် တံခါးကိုပြန်ပိတ်လိုက်လေသည်။

သူ ဘယ်ကိုသွားမည်လဲ။

●

ညနေစာစားပြီးပြီဖြစ်သဖြင့် အိုးခွက်ပန်းကန်များ ဆေးကြောနေသည့်မိုးဟိန်းကို သမီးလေးချြုချြုက တတ်သလောက်မှတ် သလောက်ဝိုင်းကူလုပ်ပေးနေသည်။

မိုးဟိန်းက ဆပ်ပြာရည်ဖြင့်ဆေးကြောပြီးသွားသည့် ပန်းကန်

www.foreverspace.com.mm

များကို အဝတ်ခြောက်သန့်သန့်တစ်စဖြင့် ရေစင်အောင်သုတ်နေရင်း သမီးလေးချူးချူးကို လှမ်းမေးလိုက်၏။

"သမီးလေးကို ဒီနေ့ကျရင်ကော ဖေဖေကြီးက ပုံပြောပြ ရဦးမှာလား"

"ပြောရမှာပေါ့ ဖေဖေကြီးရဲ့"

"ဒါဆို သမီးလေးက ဘယ်ပုံပြင်နားထောင်ချင်သလဲ ပြော"

မိုးဟိန်းက သမီးလေးပြန်ဖြေမည့်အဖြေကို သိထားလျက် ကပင် တမင်မေးလိုက်၏။ ချူးချူးက . . .

"အိမ်လည်လွန်တဲ့ငါးကလေးပုံပြင် ပြောပြ"

သည်အတိုင်းပြောလိမ့်မည်ဟု ကြိုတင်မှန်းဆထားပြီးသား ဖြစ်နေသောမိုးဟိန်းက တဟားဟားရယ်လိုက်ရင်း . . .

"သမီးကလည်းကွာ၊ ညတိုင်း ဒီပုံပြင်ချည်းပဲပြောခိုင်းနေ တာပဲ၊ ဒီတစ်ခါ တာဖဲအကြောင်းပြောပြမယ်လေ"

"ဟင့်အင်း. . . ငါးကလေးပဲ"

သမီးလေးချူးချူးက ကျိုးနေသောရှေ့သွားကလေးများပေါ် သည်အထိ ပြုံးရယ်ပြီးပြောသည်။ မိုးဟိန်းက . . .

"တာဖဲနဲ့စူပါမင်း သူငယ်ချင်းဖြစ်သွားတဲ့ပုံပြင်ဆိုရင်ကော"

"ဟင့်အင်း၊ ငါးကလေးပုံပြင်ပဲ ကြိုက်တယ်"

မိုးဟိန်းက ချစ်စရာကောင်းသောသမီးလေးကို ပွေ့ချီနမ်း တော့မည့်ဟန်ပြင်နေစဉ် အိမ်ရှေ့တံခါးကို တစ်စုံတစ်ယောက်က တွန်း ဖွင့်သံလိုလို ကြားလိုက်ရသည်။

မိုးဟိန်း၏အာရုံကြောတွေ သတိဖြင့်နိုးကြားသွားသည်။

"ဘယ်သူလဲ. . . ဘယ်သူလဲ"

"မိုးဟိန်းက သမီးလေးချူးချူးကို တိုးတိုးလေးကပ်ပြောလိုက် သည်။

"သမီး. . . ဒီနေရာမှာပဲနေခဲ့နော်"

www.foreverspace.com.mm

အကင်းပါးသော ချူးချူးက အသံမထွက်ဘဲ ခေါင်းညိတ်သည်။

မိုးဟိန်းက အိမ်ရှေ့ဆီသို့ ခြေသံမကြားရအောင် တိုးကပ်သွား၏။ ရန်သူဖြစ်နေလျှင် အဆင်သင့်တိုက်ခိုက်နိုင်အောင် အသင့်ပြင်ထားပြီး တံခါးကို ရုတ်တရက်ဆွဲဖွင့်လိုက်သည်။

"ဝုန်း"

"ဟင်. . ."

တံခါးအပွင့်တွင် အိမ်ထဲသို့ သွေးအလိမ်းလိမ်းနှင့်ခန္ဓာကိုယ်ကြီးတစ်ခု ပြိုလဲကျဆင်းလာသည်။ မိုးဟိန်းက လျင်မြန်စွာပွေ့ထူချီ မပြီးကြည့်လိုက်ရာ . . .

"ဟာ. . . သာဒွန်းဦး. . . ဒဏ်ရာတွေနဲ့ပါလား"

သာဒွန်းဦးကား စကားပင်မပြောနိုင်တော့၊ သူ့လက်ထဲမှ တစ်စုံတစ်ရာကို မိုးဟိန်းဆီသို့ကမ်းပေးနေသည်။

သူ ပေးသည့်အရာက သော့တစ်ချောင်း။

အခန်းနံပါတ်(၁၃) လေဘယ်ကတ်ချိတ်ထားသည့်သော့။

"ဒီ. . . ဒီသော့ကို. . . ယူ. . . ယူလိုက်ပါ"

သာဒွန်းဦးက စကားကိုပင် အနိုင်နိုင်ပြောနေရသည်။ အခြေအနေကား မကောင်းတော့ပြီ။ မိုးဟိန်းက . . .

"ဟော့ကောင်. . . သာဒွန်းဦး. . . စိတ်တင်းထား၊ မင်းကို ငါ ဆေးရုံပို့ပေးမယ်"

သာဒွန်းဦးက တစ်ချက်တစ်ချက် မျက်ဖြူလန်သွားသည်။ သည်ကြားထဲက မနည်းအားတင်းကာ သော့ကို မိုးဟိန်းလက်ထဲသို့ အတင်းထိုးထည့်ပေးရင်း . . .

"ဒီ. . . ဒီသော့က တံခါး. . . တံခါးအားလုံးကိုဖွင့်လို့ရတယ်"

"ဘာ. . . မင်း ဘာပြောတယ်"

www.foreverspace.com.mm

"တံခါး. . . အား. . . လုံး. . . ကို. . . ဖွင့်. . ."

စကားမုံးမီမှာပင် သာဒွန်းဦး၏ဦးခေါင်းက ဇက်ကျိုးကာ လည်ကျသွား၏။ သူ အသက်မရှိတော့။

●

ချက်ခြင်းလိုလိုပင် မိုးဟိန်း၏အိမ်သို့ မှုခင်းစုံစမ်းစစ်ဆေးရေး အဖွဲ့မှ တာဝန်ရှိသူတွေ ရောက်လာကြသည်။ မိုးဟိန်း၏မိတ်ဆွေကြီး အမှုစစ်အရာရှိဦးအေးဆောင်ပါ ပါလာ၏။

မှုခင်းဆေးပညာ (FORENSIC MEDICINE) ဆရာဝန် ဒေါက်တာထွန်းအံ့ကတော့ . . .

"အမြဲတမ်း စုံထောက်ကချည်းပဲ အမှုဖြစ်တဲ့ဆီကိုသွားနေရတာ၊ တစ်ခါတစ်လေကျတော့လည်း ဟောဒီဟိုမျိုး စုံထောက်ဆီကို အမှုကလာပေးဦးမှပေါ့"

"မကြားတကြားပြောရင်း နောက်ဖြစ်အောင်နောက်သွားသေး၏။

ဦးအေးဆောင်ကတော့ ခြုံးခြုံးအတွက်စိတ်ပူနေသည်။

"ကိုမိုးဟိန်း. . . ခင်ဗျားသမီးလေးကို ဒီတစ်ညတော့ ကျုပ် တို့အိမ်မှာပြောင်းသိပ်ပါလားဗျာ၊ ကလေးက သူ့အိမ်ရှေ့ခန်းမှာတင် လူတစ်ယောက်သေသွားတာ မြင်ထားရတော့ စိတ်ချောက်ချားနေပါ့မယ်"

မိုးဟိန်းကပြုံးရင်း ခေါင်းခါ၏။ ပြီး . . .

"ရပါတယ်ဗျာ၊ ကျွန်တော့်သမီးက သတ္တိကောင်းပြီးသားပါ၊ ကဲ. . . သမီး ကြောက်နေလားသမီးရဲ့"

"ဟင့်အင်း. . . သမီးကြောက်ဘူး"

ခြုံးခြုံးအပြောကြောင့် ဦးအေးဆောင်တစ်ယောက် သူ့ပါး

www.foreverspace.com.mm

ကြီးတွေဖောင်းကားသွားသည်အထိ ပြုံးလိုက်၏။

ထိုစဉ် မိုးဟိန်းက သာဒွန်းဦးမသေခင်ပေးသွားသော သော့အကြောင်းကို သတိရသွားပြီး . . .

"သြော် . . . ဒါနဲ့ကိုဆေးဆောင်၊ခင်ဗျားကို ကျွန်တော် ပြောစရာတစ်ခုရှိသေးတယ်"

"နေဦး . . . နေဦး . . . ကိုမိုးဟိန်းရေ၊ ဟိုမှာ ဒေါက်တာထွန်းအုံ့လှမ်းခေါ်နေလို့"

ဦးအေးဆောင်က သူ့ခန္ဓာကိုယ်ကြီး တလိမ့်လိမ့်ဖြင့် အနားမှပြေးထွက်သွား၏။

■

www.foreverspace.com.mm

## အခန်း (၉)

ည. . . ။

ထုံးစံအတိုင်း သမီးလေးခြုံးခြုံးအလွန်ကြိုက်သော အိမ်လည်လွန်သည့်ငါးကလေးအကြောင်းပုံပြင်ကို မိုးဟိန်းက ပြောပြရပြန်သည်။ သမီးက သည်ပုံပြင်ကို ထပ်ခါထပ်ခါနားထောင်နေကျဖြစ်သော်လည်း သူ့အတွက် ဘယ်တော့မှမရိုးနိုင်သလို ဖြစ်နေ၏။

ငါးကလေးက အလည်လွန်ပြီးလျှောက်သွားနေစဉ် တံငါသည်များနှင့်တွေ့ကာ ဖမ်းမိသွားပုံ၊ တံငါသည်များက ငါးအလှမွေးချင်သူများထံသို့ တဆင့်ထပ်မံရောင်းချလိုက်ရာမှ အလည်လွန်သောငါးကလေးသည် အပြန်လမ်းမမှတ်မိတော့သည်အထိ အလွန်ခရီးဝေးကွာသောမြို့ကြီးဆီသို့ရောက်သွားပုံ၊ ငါးကလေး၏ဖခင်ဖြစ်သူက စိတ်

www.foreverspace.com.mm

ပူပြီး နောက်မှ တကောက်ကောက်လိုက်ရှာပုံတို့ကို ပြောပြသည့်အခါ တိုင်း သမီးလေးခြူးခြူးက မျက်လုံးကလေးပေကလပ်ပေကလပ်ဖြင့် စိတ်ဝင်တစားနားထောင်ရင်း 'နောက် ဘာဆက်ဖြစ်မှာလဲဟင် . . . ဖေကြီး' ဟု အမြဲမေးတတ်သည်။

ခါတိုင်းဆိုလျှင် ပုံပြင်ဆုံးသည်အထိ နားထောင်ပြီးမှ အိပ်လေ့ရှိသော်လည်း ဒီနေ့တော့ ငါးကလေးကို သူ့အဖေက လိုက်ရှာနေသည့်နေရာလောက်အရောက်မှာပင် သမီးလေးခြူးခြူးက စောစောစီးစီး အိပ်မောကျသွားသည်။

မိုးဟိန်းကတော့ အိပ်မပျော်နိုင်သေး။ ကုတင်ပေါ်တွင် ပက်လက်လှန်နေလျက်က မျက်နှာကြက်ကို ငေးစိုက်ကြည့်နေမိသည်။ ခေါင်းထဲတွင် အဖြေမဲ့သောမေးခွန်းတွေ အဆုံးသတ်ရခက်သော အတွေးတွေက ဆောင်းနှင်းတိမ်တွေလို အုံ့မှိုင်းနေကြ၏။

ကုတင်ဘေးရှိစားပွဲပေါ်သို့ သူ စောင်းငဲ့ကြည့်လိုက်သည်။

စားပွဲပေါ်တွင် သော့တစ်ချောင်း။

သာဒွန်းဦးသေခါနီးဆဲဆဲတွင် သူ့လက်ထဲသို့ထည့်ပေးသွားသည့်သော့ ဖြစ်သည်။ မိုးဟိန်းက လဲလျောင်းနေရာမှထထိုင်ကာ သော့ကို သေသေချာချာကြည့်လိုက်၏။

သာမန်သော့တစ်ချောင်းပင်ဖြစ်သည်။ သော့ခလောက်ကို ဖွင့်ရသည့်သော့မျိုးမဟုတ်ဘဲ တံခါးလက်ကိုင်ဘုထဲတွင် တပ်ဆင်ထားသည့်သော့အိတ်ထဲသို့ ထိုးလှည့်ဖွင့်ရသည့်သော့မျိုး။

နောက်ပြီး . . . သော့နှင့်တွဲထားသည်က ရိုးရိုးကီးချိန်းသံကွင်း မဟုတ်ဘဲ လက်သုံးလုံးခန့်ဖြက်ကျယ်သော အနီရောင်ပလတ်စတစ် အပြားထူထူအမာစား ဖြစ်သည်။ ဟိုတယ်အခန်းတစ်ခုခု၏ ကီးချိန်း ပုံစံမျိုး။

အဲသည်ပလတ်စတစ်ပြားပေါ်တွင် အင်္ဂလိပ်အက္ခရာ(13) ဆိုသောနံပါတ်နှင့် 'အိပ်မက်ရွာ' ဟူသောစာလုံးတို့ကို ရွှေရောင်ဖြင့်

www.foreverspace.com.mm

ရိုက်နှိပ်ထား၏။ ဒီအတိုင်းဆိုလျှင် ဟိုတယ်အမည်က အိပ်မက်ရွာ ဖြစ်ပြီး ဒီသော့ကို ထိုဟိုတယ်၏အခန်းနံပါတ်(၁၃)ကိုဖွင့်သည့် သော့ ဖြစ်ပေလိမ့်မည်။

ခက်နေသည်က အိပ်မက်ရွာဟူသောဟိုတယ်သည် ဘယ်မှာ ရှိသနည်း။

သူလည်းမသိ။

"ဒီသော့က တံခါးအားလုံးကို ဖွင့်လို့ရတယ်"

ဟု သာဒ္ဒန်ဦးကပြောသွားခဲ့သည်။ သွေးရူးသွေးတန်းပြော သွားခဲ့ခြင်းမဟုတ်လျှင် တစ်ခုခုတော့ ထူးခြားချက်ရှိပေလိမ့်မည်။

မိုးဟိန်းက သော့ကိုကိုင်ရင်း အိပ်ရာပေါ်မှအသာဆင်းလိုက် ၏။ ထို့နောက် သမီးလေးနိုးမသွားအောင် ခြေဖွနင်းရင်း အိပ်ခန်း အပြင်ဘက်သို့ထွက်ခဲ့သည်။

ဒီသော့ကို သူ အခုညမှာပင် စမ်းသပ်ရပေလိမ့်မည်။

●

မိုးဟိန်းက စတိုခန်းရှေ့တွင်ရပ်လိုက်၏။ ထို့နောက် တံခါး ကို အသာဆွဲဖွင့်လိုက်သည်။ အထဲမှာမှောင်မည်းနေပြီး ကြမ်းပြင်ပေါ် ၌လည်း ကတ်ထူစက္ကူပုံးခွံတွေပုံနေသည်ကို တွေ့ရသည်။ နံရံတွင် ထောင်ထားသည့် တံမြက်စည်းများနှင့် ခြုံးခြုံး၏ စကားစရာအဟောင်း များကိုလည်း တွေ့ရသည်။

မိုးဟိန်းက တံခါးကိုပြန်ဆွဲပိတ်လိုက်၏။ ထို့နောက် သူ့လက် ထဲမှ အိပ်မက်ရွာဟိုတယ်၏ နံပါတ်ဆယ့်သုံးသော့ကို စတိုခန်းတံခါး လက်ကိုင်ဘုအတွင်းသို့ ထိုးသွင်းလိုက်၏။

အံ့သြစရာကောင်းလောက်အောင်ပင် သော့သည် စတိုခန်း သော့အိမ်အတွင်းသို့ အံဝင်ခွင်ကျဝင်ရောက်သွားလေသည်။

www.foreverspace.com.mm

မိုးဟိန်းက သော့ကိုလှည့်ဖွင့်လိုက်သည်။ 'ဂျလောက်' ကနဲ မြည်ကာ ပွင့်သွားသံကို ထူးဆန်းစွာကြားရ၏။ ထို့နောက် . . .

"ကျွီ"

တံခါးကိုတွန်းဖွင့်လိုက်သောအခါ မြင်လိုက်ရသောမြင်ကွင်းက မယုံနိုင်စရာ။ သူ့မျက်နှာပေါ်ကို နွေးထွေးသောအလင်းရောင်တစ်ခုက လာရောက်ထင်ဟပ်နေ၏။

"ဟာ"

သူ အထိတ်တလန့်ဖြင့် လွှတ်ကနဲအော်လိုက်မိသည်။ သူ့မျက်စိရှေ့တွင် ပဉ္စလက်တစ်ခိုးဖြင့်ဖန်ဆင်းထားသည်ဟု အောက်မေ့ရလောက်သည့် ဟိုတယ်အခန်းတစ်ခန်း။

မိုးဟိန်းက ထိုအခန်းထဲသို့ တန်းဝင်လိုက်၏။

ဟိုတယ်အခန်းက သပ်ရပ်လှန်းနေ၏။ နှစ်ယောက်အိပ်ကုတင်ကြီးတစ်လုံးပေါ်တွင် ဖြူဆွတ်ရှင်းသန့်သောခေါင်းအုံးနှစ်လုံး။ ကုတင်ဘေးတွင် စာရေးစားပွဲနှင့်အဝတ်အစားထည့်သည့် မတ်တတ် ဗီရိုကြီးတစ်လုံးရှိသည်။ ဗီရိုကိုဖွင့်ကြည့်လိုက်တော့ လောင်းကုတ်အင်္ကျီရှည်တစ်ထည်ကို ချိတ်မှာ ချိတ်လျက်သားတွေ့ရ၏။

အိမ်သာနှင့်ရေချိုးခန်းဟာ တစ်ပေါင်းတည်းဖြစ်ပြီး အနံ့အသက်မရှိ ခြောက်သွေ့ပြောင်စင်ကာ တစ်ခန်းလုံး ကြွေရောင်အဖြူထည် ဖိတ်ဖိတ်လက်နေသည်။

မိုးဟိန်းက တစ်ခန်းလုံး အံ့သြတကြီးဖြင့် လျှောက်ကြည့်ရင်း. . .

"ငါ့အိမ်က စတိုခန်းမဟုတ်ဘဲ ဘယ်အခန်းထဲကိုရောက်လာတာပါလိမ့်"

ဟု တွေးနေမိ၏။

ထို့နောက် သူက အခန်းမျက်နှာစာရှိ ပြတင်းပေါက်ဆီသို့ သွားပြီး ခန်းဆီးလိုက်ကာစကို ဖွင့်ကြည့်လိုက်သည်။

www.foreverspace.com.mm

အပြင်ဘက်က မြင်ကွင်းက သူနှင့်သူစိမ်းဆန်လွန်းသည်။ အေးစိမ့်သည့်ဒေသဖြစ်ဟန်တူသောကြောင့် မြူနှင်းတွေဆိုင်းနေသည် ကို မြင်ရ၏။ ဟိုးခပ်လှမ်းလှမ်းက မော်တော်ကားလမ်းမအလွန်မှ ထင်းရှူးပင်တွေကိုလည်း မြင်ရ၏။

ယခု သူရောက်နေသောအခန်းက မြေညီထပ်မှာဖြစ်သော ကြောင့် ရှေ့တည့်တည့်မြေပြင်ပေါ်တွင် စိုက်ထူထားသောဆိုင်း ဘုတ်ကို လှမ်းမြင်နေရသည်။ ဆိုင်းဘုတ်ပေါ်တွင် ရေးထားသည့် ကတော့. . .

"အိပ်မက်ရွာဟိုတယ်"

ဒါ. . . ဒါဆို ငါ အခုရောက်နေတဲ့အခန်းက ဒီဟိုတယ်ရဲ့ အခန်းနံပါတ်ဆယ့်သုံးပေါ့ဟု မိုးဟိန်းက တုန်လှုပ်စွာတွေးလိုက်မိ၏။

သူ နည်းနည်းတော့ သဘောပေါက်စပြုလာသည်။ သူ့လက် ထဲမှသော့သည် သာမန်သော့တစ်ချောင်းမဟုတ်။ ဂမ္ဘီရသော့တစ်ချောင်း ဖြစ်ပေလိမ့်မည်။

အခု သူ စတိုခန်းတံခါးကိုဖွင့်လိုက်သလိုမျိုး မည်သည့် တံခါး ကိုမဆို ဒီသော့ဖြင့်ဖွင့်လိုက်ပါက ယခုအတိုင်း အိပ်မက်ရွာဟိုတယ် ၏ အခန်းနံပါတ်ဆယ့်သုံးထဲသို့ ရောက်သွားစေနိုင်သောအစွမ်း ရှိ ပုံရ၏။ (သာဒွန်းဦးက ဒီနည်းကိုသုံးပြီး တံခါးပေါက်တစ်ခုမဟုတ် တစ်ခုကို ဒီသော့ဖြင့်ဖွင့်ဝင်ကာ ထွက်ပြေးလွတ်မြောက်သွားခဲ့သည် ကိုလည်း သူပြန်မြင်ယောင်လာ၏။)

မိုးဟိန်းက ပြတင်းပေါက်မှတဆင့် ဟိုတယ်မျက်နှာစာရှိ ထင်းရှူးတောမြင်ကွင်းကိုလှမ်းပေးကြည့်ရင်း 'ဒါ ဘယ်ဒေသဖြစ်မလဲ' ဟု စဉ်းစားကြည့်သည်။ မရ။ ထို့ကြောင့် သူက ဟိုတယ်ရှေ့ဘက် ဆီသို့ ဦးတည်နေသော အခန်းတံခါးကိုဖွင့်ကာ အပြင်သို့ လှမ်းထွက် လိုက်သည်။

"ဟင်"

www.foreverspace.com.mm

သူ အံ့သြသွားရပြန်သည်။ တံခါးကိုဖွင့်ပြီး အပြင်ထွက်လိုက်သောအခါ သူသည် ပင်လယ်ကမ်းစပ်တစ်ခုတွင် ရပ်လျက်သားဖြစ်နေသည်ကို အံ့သြဖွယ်တွေ့လိုက်ရ၏။ သူ့ရှေ့တွင် သူမျှော်လင့်ထားသလို ထင်းရှူးတောအုပ်နှင့် အဝေးပြေးကားလမ်းမကိုမတွေ့ရ။ မျက်စိတစ်ဆုံးကျယ်ပြန့်သော ပင်လယ်ပြင်ကြီးကိုသာ မြင်ရသည်။

မိုးဟိန်းက အခန်းထဲသို့ပြန်ဝင်ပြီး တံခါးကိုပိတ်လိုက်၏။ နောက်တစ်ကြိမ်ထပ်စမ်းသပ်ဖို့ သူ စိတ်ကူးလိုက်သည်။ ထို့ကြောင့် သူက ဟိုတယ်အခန်းရှေ့တံခါးကို ထပ်မံဆွဲဖွင့်ပြီး အပြင်သို့ထွက်လိုက်သည်။

ဒီတစ်ခါတော့ သူသည် ဘုရားပွဲကျင်းပနေသော ညဈေးတန်းတစ်ခုထဲတွင်ရောက်နေသည်ကို သူ့ကိုယ်သူတွေ့ရှိရပေသည်။ မြင်းလှည်းတွေထိုးဆိုက်ထားရာ သစ်ပင်ဝိုင်းမှ ရွာခံလူမိုက်ရပ်ပေါက်နေသော မြင်းလှည်းသမားအချို့က မျက်လှည့်ရုံတစ်ခု၏ နောက်ဖက်တံခါးကို ဗြုန်းခနဲဖွင့်ကာထွက်လာသော သူ့ကို ဘုကြည့်ကြည့်နေကြ၏။

"ဟဲ. . . ဟဲ"

မိုးဟိန်းက ကြောင်တောင်တောင်ဖြင့် သွားကိုဖြီးကာ ပြုံးပြနှုတ်ဆက်လိုက်ပြီးနောက် အခန်းထဲသို့ အလျင်အမြန်ပြန်ဝင်၍ တံခါးပိတ်လိုက်သည်။

မလွယ်။ ဒီအတိုင်း တံခါးတစ်ချပ်ဖွင့်ရုံမျှနှင့် ရောက်ချင်သည့်နေရာ ဟိုရောက်ဒီရောက်ဖြစ်နေလျှင် တော်တော်ပင်ခက်ကုန်လိမ့်မည်။

ထို့ကြောင့် မိုးဟိန်းက ပိတ်ထားသောတံခါးရှေ့တွင်ရပ်ကာ စိတ်ကိုညွှတ်၍ အာရုံပြုလိုက်သည်။

"ငါ. . . အိမ်ကိုပြန်ရောက်ချင်တယ်"

ထို့နောက် တံခါးကိုဆွဲဖွင့်ပြီး အပြင်သို့ထွက်လိုက်၏။ သူ့

www.foreverspace.com.mm

အိမ်စတိုခန်းရှေ့ကြမ်းပြင်ပေါ် ခြေစုံရပ်လျက်သား ပြန်ရောက်နေလေသည်။

"ဟူး"

စိတ်ပေါ့ပါးစွာဖြင့် သက်ပြင်းကိုမှုတ်ထုတ်လိုက်၏။ ထို့နောက် စတိုခန်းတံခါးကို ပြန်ပိတ်လိုက်စဉ်မှာပင် နောက်ကျောဘက်ဆီမှ ခေါ်သံတစ်ခုကိုကြားလိုက်ရပြီး တုန်လှုပ်ချောက်ချားသွားလေသည်။

"ဖေဖေ"

လှည့်ကြည့်လိုက်တော့ သမီးလေးချြူးချြူးက နောက်ဘက်တည့်တည့်မှာရပ်ပြီး သူ့ကိုကျော်ကာ ပိတ်ထားသောအခန်းတွင်းဆီသို့ မျှော်ငေးသောမျက်လုံးအစုံဖြင့် ကြည့်နေသည်။

ဘုရားရေ။ စောစောက စတိုခန်းတံခါးကို ငါပြန်မပိတ်နိုင်ခင် အထဲမှာရှိတဲ့ဟိုတယ်အခန်းကို သမီးလေး မြင်သွားပြီလားမသိဘူး။

သူ စိုးရိမ်မိသည့်အတိုင်းပင် သမီးလေးချြူးချြူးက . . .

"ဖေဖေ. . . ခုနက ဖေဖေထွက်လာတဲ့အခန်းထဲမှာ ဘာဖြစ်လို့ ကုတင်ကြီးရောက်နေတာလဲဟင်"

သမီးဖြစ်သူ၏မေးခွန်းကြောင့် မိုးဟိန်းရင်ထဲတွင် ထင့်ကနဲဖြစ်သွားပြီး ခေါင်းကိုခါယမ်းလိုက်သည်။ ပြဿနာပဲ၊ ငါ့သမီးလေး သိလို့မဖြစ်ဘူး။

မိုးဟိန်းက . . .

"ဒါ စတိုခန်းလေသမီးရဲ့၊ သမီးအရုပ်ဟောင်းတွေနဲ့ တံမြက်စည်းတွေပဲထည့်ထားတဲ့ဥစ္စာ၊ ဘယ်က ကုတင်ကြီးရှိရမှာလဲ၊ သမီး လေး အိပ်မက်မက်နေတာ"

ဖြောင်ပင်ညာပြောလိုက်ရ၏။ ချြူးချြူးကတော့ မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း သူမ၏ဖခင် မိုးဟိန်းကိုတစ်လှည့် စတိုခန်းတံခါးကိုတစ်လှည့် ကြည့်နေသည်။

www.foreverspace.com.mm

မိုးဟိန်းက

"ကဲ. . . ကဲ. . . ဒီမှာ သေသေချာချာကြည့်ထားနော် သမီး"

ပြောပြောဆိုဆိုနှင့် ဂမ္ဘီရသေ့ကို ဘောင်းဘီအိတ်ထဲသို့ ပြန်ထည့်လိုက်ပြီး စတိုခန်းတံခါးကို ရိုးရိုးပင် လက်ဖြင့်ကိုင်ကာ တွန်းဖွင့်ပြလိုက်သည်။

"ကျွီ"

စတိုခန်းတံခါးပွင့်သွားသည့်အထဲတွင် မြင်ရသော စက္ကူပုံးများ၊ ကစားစရာဟောင်းများနှင့် တံမြက်စည်းများသာ။

"ကဲ. . . တွေ့ပြီလား သမီး၊ ဘာမှမရှိဘူးနော်၊ သမီး စောစောကတွေ့လိုက်ရတာက အိမ်မက်ထဲမှာပဲ၊ တကယ်မဟုတ်ဘူး သမီး"

ခြူးခြူးက ခေါင်းညိတ်သည်။ မိုးဟိန်းက သမီးဖြစ်သူကို ပွေ့ချီလိုက်ပြီး . . .

"သမီးလေး အိပ်ရေးပျက်နေပြီမယ်၊ ဖေဖေကြီး ပုံပြင်ပြောပြီး ပြန်သိပ်မယ်နော်"

ပြောပြောဆိုဆိုဖြင့် အိပ်ခန်းဆီသို့ ခေါ်သွားလိုက်တော့သည်။

●

ထိုအချိန်တွင် . . .

မှူခင်းဆရာဝန်ဒေါက်တာထွန်းအံ့ကား အိပ်မပျော်နိုင်သေး။ သူ့စာကြည့်စားပွဲတွင်ထိုင်ကာ POSTMORTEM ခေါ် အလောင်းခွဲ စိပ်မှုမှတ်တမ်းဟောင်းများကို ပြန်လည်သုံးသပ်ရင်း အလုပ်များနေ သည်။ သူ့စားပွဲပေါ်မှာလည်း ရဲမှုခင်း P . C ဆေးမှတ်တမ်းဟောင်းများ တစ်ပုံတစ်ပင်နှင့် ရှုပ်ပွနေ၏။

ဒေါက်တာထွန်းအံ့က ခုနှစ်သက္ကရာဇ်အလိုက်စဉ်ထားသော ဖိုင်တွဲများကို တစ်ခုချင်းစီလှန်လှောရှာဖွေနေရာမှ တစ်နေရာအရောက်

www.foreverspace.com.mm

တွင် . . .

"ဟော. . . တွေ့ပြီ"

လွန်ခဲ့သောနှစ်ပေါင်း(၂၀)ခန့်က ဖိုင်ဟောင်းတစ်ခုကို အသေအချာကြည့်ရင်း နှုတ်မှလွတ်ကနဲပြောလိုက်၏။

ထိုအမှုဟောင်းမှာလည်း မီးလောင်ပြီးသေဆုံးခဲ့ရသော အမှုတစ်ခုပင်ဖြစ်သည်။ ထူးထူးဆန်းဆန်းပင် သေသူ၏ကိုယ်ပေါ်မှ အဝတ်အစားများမှာ လုံးဝ မီးလောင်ကျွမ်းထားခြင်းမရှိဘဲ ခန္ဓာကိုယ်တစ်ခုလုံးသာလျှင် ဓါတ်လိုက်ခံရသကဲ့သို့ ညိုမည်းမီးကျွမ်းနေခြင်းဖြစ်ရာ တစ်နေ့ကမှ ရှေးဟောင်းပစ္စည်းအရောင်းဆိုင်တွင် ဖြစ်ပွားခဲ့သောမှုခင်းနှင့် တစ်ထပ်တည်းတူနေလေသည်။

ဒေါက်တာထွန်းအံ့က ဖိုင်တွဲဟောင်းတွင် ကလစ်ဖြင့်ညှပ်ထားသည့် မှုခင်းမှတ်တမ်းတင်ဓါတ်ပုံများကို လက်ကိုင်မှန်ဘီလူးအသေးကလေးဖြင့် အသေအချာကြည့်လိုက်၏။ အဖြူအမည်းဓါတ်ပုံများဖြစ်ခြင်းကြောင့် အနည်းငယ်ရှုပ်ထွေးမှုရှိသော်လည်း မီးလောင်ကျွမ်းထားသည့်အလောင်း၏ လက်ယာဘက်ညှပ်ရိုးအောက်တွင်ရှိသော ဖောင်တိန်တစ်ချောင်းစာ အရှည်အစားခန့် အပေါက်ငယ်ကိုကား ထင်ထင်ရှားရှားမြင်ရသည်။

"အင်း. . . ငါထင်ထားတဲ့အတိုင်း ဖြစ်နေမလားမသိဘူး"

ဒေါက်တာထွန်းအံ့က တစ်ကိုယ်တည်းရေရွတ်ပြောဆိုရင်း ရင်ခွဲစစ်ချက်မှတ်တမ်းကို ဖတ်ကြည့်လိုက်သည်။

"ဟာ. . ."

ထူးဆန်းနေသော အချက်တစ်ချက်ကို တွေ့လိုက်ရသော ကြောင့် ဒေါက်တာထွန်းအံ့ စဉ်းစားရခက်သွား၏။

"သေဆုံးသူရဲ့အစာအိမ်ထဲမှာ ဟိုတယ်အခန်းသော့တစ်ချောင်း မျိုချထားတယ်ဆိုပါလား၊ ဒါ. . . ဘာသဘောပါလိမ့်"

ဒေါက်တာထွန်းအံ့က ရှေးဟောင်းပစ္စည်းအရောင်းဆိုင်တွင်

www.foreverspace.com.mm

အသတ်ခံရသောအလောင်း၏ကိုယ်ပေါ်မှ ဒဏ်ရာများကို မှတ်တမ်းတင်ဟောင်းများနှင့် နှိုင်းယှဉ်ကြည့်လိုက်သည်။

“အင်း. . . ဒဏ်ရာရပုံနှစ်ခုစလုံးက တစ်ထပ်တည်းပဲ”

ဒေါက်တာထွန်းအံ့က မှတ်ချက်ချလိုက်သည်။

ရှေးဟောင်းပစ္စည်းအရောင်းဆိုင်မှ ဦးလှကြိုင်၏အလောင်းတွင်လည်း ဖောင်တိန်တစ်ချောင်းစာ အရွယ်အစားခန့်ရှိသော အပေါက်ငယ်တစ်ခုကို တွေ့ရသောကြောင့်ပင်ဖြစ်သည်။

ဒေါက်တာထွန်းအံ့က တစ်ယောက်တည်းစဉ်းစားရင်း ခေါင်းကိုခါယမ်းလိုက်၏။

“လူတစ်ယောက်လုံးကို မီးလောင်သွားစေနိုင်လောက်အောင်ပြင်းထန်ပြီး ဖောင်တိန်တစ်ချောင်းစာလောက်ပဲရှိတဲ့ လက်နက်ဟာဘယ်လိုလက်နက်မျိုးပါလိမ့်”

■

www.foreverspace.com.mm

# အခန်း (၁၀)

ဟင်းချိုအေးက ပွက်ပွက်ဆူနေသည်။

မိုးဟိန်းက လက်နှီးအဝတ်ဖြင့် ဟင်းအိုးကိုကိုင်ကာ မီးဖိုပေါ်မှာချလိုက်၏။ ထို့နောက် ဟင်းနုနယ်ရွက်ကြော်ရန် ဒယ်အိုးပြားကို မီးဖိုပေါ်သို့ပြောင်းတင်ကာ ဆီအနည်းငယ်လောင်းထည့်လိုက်သည်။

ဘောင်းဘီအိတ်ထဲမှသော့ကို စားပွဲပေါ်ပစ်တင်ပြီး လက်နှီးဝတ်ကို ဘောင်းဘီအိတ်ထဲထိုးညှပ်ထားလိုက်၏။

ထို့နောက် ဟင်းနုနယ်ရွက်များကို ဒယ်အိုးထဲသို့ထည့်လိုက်သည်။ ထိုစဉ် ခြူးခြူးက မီးဖိုခန်းထဲသို့ပြေးဝင်လာပြီး . . .

"ဖေဖေ. . . ဒီနေ့ သမီး ကြက်သားသုပ်စားချင်တယ်"

ကြဲကြဲဖန်ဖန် ပူဆာတတ်သောသမီးစကားကြောင့် မိုးဟိန်း

www.foreverspace.com.mm

ပြုံးလိုက်မိ၏။ သမီးက သူ့ကို တကယ့်အိမ်ရှင်မကြီးတစ်ယောက်အဖြစ် အောက်မေ့နေသလားမပြောတတ်ပါ။

သနားစရာကောင်းသည့်။ သူ့ခမျာ မိခင်ရှိတုန်းကလို ဟင်း ရံမျိုးစုံ ဖွယ်ဖွယ်ရာရာစားချင်လိမ့်မည်။ မိုးဟိန်းကိုယ်တိုင်က အလုပ် တစ်ဖက်နှင့် အချက်အပြုတ်ကလည်း သိပ်မကျွမ်းကျင်သောကြောင့် ခြူးခြူးအတွက် စားကောင်းသောက်ဖွယ် သိပ်ရှိလှသည့်မဟုတ်။

မိုးဟိန်းက . . .

"အေး. . . အေး. . . ခဏလေးစောင့်နော်သမီး၊ ဒီဟင်းအိုး ကျက်ရင် လမ်းထိပ်ကထမင်းဆိုင်မှာ ဖေဖေသွားဝယ်ပေးမယ်"

ခြူးခြူးကခေါင်းညိတ်ပြရင်း ထမင်းစားစားပွဲရှိ ကုလားထိုင် တစ်လုံးတွင် ငြိမ်ငြိမ်ကလေးထိုင်ကာ သူမ၏ဖခင်လုပ်သမျှကို တငေး တမောကြည့်နေ၏။

ဟင်းနုနွယ်အိုးကျက်သွားသောအခါ မိုးဟိန်းက တိုင်တွင် ချိတ်ထားသော အင်္ကျီအိတ်ကပ်ထဲမှပိုက်ဆံကို နှိုက်ယူပြီး လမ်းထိပ် ထမင်းဆိုင်ဆီသို့ထွက်ခဲ့၏။ ဟင်းဝယ်ပြီး အိမ်သို့ပြန်ရောက်သည့် အခါတွင် ခြူးခြူးကို ထမင်းစားခန်းထဲမှာမတွေ့ရချေ။

မိုးဟိန်းက ထမင်းနှင့်ဟင်းများကို ပန်းကန်တွေထဲမှာထည့် ပြီး သူတို့သားအဖနှစ်ယောက် မနက်စာစားရန် ပြင်ဆင်နေခိုက်မှာ ပင် သမီးလေးခြူးခြူးက ပြေးလာပြီး . . .

"ဖေဖေ. . . ဖေဖေ ဟိုအခန်းထဲကိုထည့်လိုက်တဲ့ဟာတွေက တံခါးပိတ်ပြီး ပြန်ဖွင့်လိုက်တဲ့အခါ ပျောက်သွားကြတယ်နော်"

"ဟင်. . . ဘာကိုပြောတာလဲ သမီး"

ရုတ်တရက်မို့ သမီးပြောသည့်အဓိပ္ပါယ်ကို မိုးဟိန်း နား မလည်လိုက်။ ခြူးခြူးက . . .

"ဟာ. . . ဖေကြီးကလည်း ညတုန်းက ဖေဖေလုပ်သလို မျက်လှည့်ပြတဲ့သော့နဲ့ တံခါးဖွင့်တာလေ"

www.foreverspace.com.mm

'သော့' ဟူသောစကားတစ်လုံးကို သမီးဖြစ်သူ၏နှုတ်မှ ကြားလိုက်ရသည့်အတွက် မိုးဟိန်း၏နှလုံးသားတစ်ခုလုံး တုန်လှုပ်ချောက်ချားသွားသည်။ စားပွဲပေါ်သို့လှမ်းကြည့်လိုက်တော့ သူတင်ထားပစ်ခဲ့သည့်နေရာတွင် သော့ကား မရှိတော့ပြီ။

သမီးလေးခြူးခြူးက သူ့လက်ကိုအတင်းဆွဲခေါ်နေသည်။

"လာပါဖေကြီးရဲ့၊ ညက ဖေဖေလုပ်ပြသလိုမျိုး သမီးက တစ်လှည့်မျက်လှည့်ပြမယ်"

ဘာမှမတတ်နိုင်။ သက်ပြင်းမောတစ်ချက်ကို ရှည်လျားစွာ မှုတ်ထုတ်ရင်း သမီးခေါ်ရာနောက်သို့ လိုက်သွားရတော့၏။

ခြူးခြူးကတော့ ကလေးပီပီ နောက်ဆက်တွဲဖြစ်လာမည့် အကျိုးဆက်များကို စဉ်းစားတတ်မည်မဟုတ်။ လောလောဆယ်မှာ ကစားနည်းအသစ်အဆန်းရသူတစ်ယောက်လို တက်ကြွပျော်ရွှင်နေ၏။

မိုးဟိန်းကတော့ သူ့ပေါ့လျော့မှုကိုသူ အပြစ်တင်၍မဆုံးနိုင်အောင်ဖြစ်နေသည်။ မနေ့ညကတည်းက ခြူးခြူးက အိပ်မပျော်သေးဘဲ သူလုပ်သမျှကို အစအဆုံး တွေ့မြင်သွားခဲ့ဟန်တူ၏။ သမီးဖြစ်သူ၏ဉာဏ်ရည်ကို လျှော့တွက်ပြီး အိပ်မက်တစ်ခုပါဟု ညာပြောလိုက်ရုံနှင့် ပြီးသွားလိမ့်မည်ဟု ထင်မှတ်ထားခဲ့ခြင်းသည် အကြီးဆုံးအမှားဖြစ်လေသည်။

"ဖေဖေ. . . ဒီမှာကြည့်"

ခြူးခြူးက စတိုခန်းရှေ့ကြမ်းပြင်ပေါ်တွင် သူ့ကစားစရာအရုပ်လေးများကို စုပုံချထားသည်။ ထို့နောက် ဂမ္ဘီရသော့ဖြင့် စတိုခန်းတံခါးကို ဖွင့်လိုက်လေသည်။

နွေးထွေးသောအလင်းရောင်နှင့်အတူ ပဉ္စလက်ဆန်သောဟိုတယ်အခန်းသည် ဘွားကနဲပေါ်လာ၏။ ခြူးခြူးက ထိုအခန်းကို တစ်လှည့်၊ ဖခင်ဖြစ်သူ၏မျက်နှာကိုတစ်လှည့်ကြည့်ပြီး အပူအပင်ကင်းမဲ့စွာ သဘောကျရယ်မောနေ၏။ မိုးဟိန်းက သမီးဖြစ်သူ ဘာ

www.foreverspace.com.mm

ဆက်လုပ်မလဲဟု သိချင်သည့်စိတ်နှင့်အတူ ခွင့်လွှတ်ပြုံးပြုံးနေလိုက်သည်။ ခြူးခြူးက . . .

"ဖေဖေ . . . ဟော့ဒီအရုပ်တွေထဲက ကြိုက်တဲ့အရုပ်ယူပြီး အခန်းထဲပစ်ထည့်ကြည့်လိုက်"

သမီးဖြစ်သူ၏စကားကြောင့် မိုးဟိန်းက ကြမ်းပြင်ပေါ်တွင် ချထားသော အရုပ်တွေထဲက ရွှေငါးရုပ်လေးတစ်ရုပ်ကို ကောက်ကိုင်လိုက်သည်။ သို့သော် . . .

"ဟင့်အင်း . . . ဟင့်အင်း . . . ငါးကလေးကိုတော့ မထည့်လိုက်နဲ့ဖေကြီး၊ ငါးကလေးကိုသမီးချစ်တယ်"

ခြူးခြူးက ပျာပျာသလဲတားပြီး ငါးရုပ်ကလေးကိုပြန်တောင်းသည်။ မိုးဟိန်းက . . .

"ဒါဖြင့် ဖေဖေက ဘယ်အရုပ်ကိုပစ်ထည့်ရမှာလဲ"

"ဟော့ဒီဝက်ဝံရုပ်လေးထည့်လိုက်"

မိုးဟိန်းက သမီးဖြစ်သူညွှန်ပြသည့် ဝက်ဝံရုပ်ကလေးကို ပဉ္စလက်အခန်းထဲသို့ ပစ်ထည့်လိုက်သည်။ ဟိုတယ်အခန်းကြမ်းပြင်ပေါ်တွင် ဝက်ဝံရုပ်ကလေးလိမ့်သွားသည်ကို မြင်ရ၏။

ခြူးခြူးက သွားကျိုးလေးများပေါ်အောင်ပြုံးရယ်ရင်း . . .

"ဖေကြီး . . . သေသေချာချာကြည့်ထားနော်"

ဟုပြောကာ အခန်းတံခါးကို ဆွဲပိတ်လိုက်သည်။ နောက်ခဏချင်းပင် သူမ၏လက်ထဲမှ ဂမ္ဘီရသော့ဖြင့် အခန်းတံခါးကို ထိုးဖွင့်လိုက်ရင်း . . .

"တံခါးပြန်ဖွင့်တော့မယ်နော် ဖေကြီး၊ ကြည့် . . . ကြည့်"

"ဟင်"

တံခါးပွင့်သွားသောအခါ ပဉ္စလက်ဆန်သောဟိုတယ်အခန်းကိုပင် ထပ်၍မြင်ရသည်။ ခြူးခြူးက သူ့ပြကွက်အတွက် ဂုဏ်ယူဝင့်ကြွားစွာဖြင့် . . .

www.foreverspace.com.mm

"တွေ့လား. . . ဖေကြီး၊ ဝက်ဝံရုပ်ကလေးမရှိတော့ဘူး၊ ပျောက်သွားပြီ"

မှန်သည်။ စောစောက အခန်းထဲသို့ထည့်လိုက်သည့် ဝက်ဝံရုပ်ကလေးကား ယခုတစ်ကြိမ် တံခါးပြန်အဖွင့်တွင် ပျောက်ခြင်းမလှ ပျောက်ကွယ်သွားလေပြီ။ ဘယ်ဆီကိုရောက်သွားပေသည်မသိ။

မိုးဟိန်းငေးငိုင်တွေဝေနေဆဲမှာပင် သမီးလေးခြူးခြူးက ပဥ္စလက်ဟော်တယ်ခန်းအတွင်းသို့ လှစ်ကနဲ ပြေးဝင်သွား၏။

"ဟေ့. . . ဟေ့. . . သမီးနေဦးလေ၊ မဝင်နဲ့"

မိုးဟိန်းရင်ထဲတွင် ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး သမီးကို လှမ်းတားသည်။

'စောစောက ဝက်ဝံရုပ်ကလေးလို ဟောသည့်အခန်းထဲမှာ ပိတ်မိပြီး သမီးလေးပျောက်ကွယ်သွားရင် ဘယ်လိုလုပ်မလဲ' ဟူသည့် အတွေးက သူ့နှလုံးအိမ်ထဲတွင် မီးလိုဟုန်းကနဲထတောက်၏။

သို့သော် သူတားဖို့မမီလိုက်ခင်မှာပင် ခြူးခြူးက ဟိုတယ်ခန်းထဲကကုတင်ပေါ်ပြေးတက်ပြီး ခေါင်းအုံးနှစ်လုံးကို ကြမ်းပြင်ပေါ်သို့ ပစ်ချ၏။ ပြီးတော့ အိပ်ရာခင်းကိုလည်း ရှုပ်ပွနေအောင်ဖွကာ ကုတင်ခြေရင်းတွင် ပုံချထားလိုက်သည်။

"သမီးလေး. . . လာလာ၊ ခုချက်ချင်း အပြင်ပြန်ထွက်ရအောင်"

သူ့သမီး ဘာရည်ရွယ်ချက်ဖြင့်လုပ်နေမှန်းမသိသော်လည်း မိုးဟိန်းကတော့ သားသမီးဇောဖြင့် တစ်ခုခုဖြစ်မှာကို အစိုးရိမ်ကြီး စိုးရိမ်လျက် ခြူးခြူးကို ဟိုတယ်ခန်းအပြင်ဆီသို့ အတင်းပွေ့ချီထုတ်လာသည်။

"ဖေဖေ"

မျက်နှာရိပ်မျက်နှာကဲကို အလွန်နားလည်သော ခြူးခြူးက သူမ၏ဖခင် စိတ်ပူပန်နေသည်ကို ချက်ချင်းရိပ်မိသွားပြီး ပျော့ရွှင်

www.foreverspace.com.mm

နေသည့်မျက်နှာက တည်တည်ကလေးဖြစ်သွား၏။

နောက် သူမ၏လက်ထဲမှ ဂမ္ဘီရသော့ကို မိုးဟိန်း၏လက်ထဲသို့ထည့်ပေးရင်း ၏

“ရော့. . . ဖေဖေပဲ ဖွင့်ကြည့်လိုက်တော့နော်”

မိုးဟိန်းက သော့ဖြင့် စတီခန်းတံခါးကိုဖွင့်လိုက်သည်။

အံ့သြဖွယ်ရာအဖြစ်ကို မြင်ရပြန်လေသည်။

စောစောက ကြမ်းပြင်ပေါ်ပစ်ချထားသည့်ခေါင်းအုံးများနှင့် ကုတင်ခြေရင်းတွင် စုပုံချေမွထားသည့် အိပ်ရာခင်းတို့သည် နဂိုမူလပကတိအခြေအနေအတိုင်း ပြန်ဖြစ်နေကြလေပြီ။

အိပ်ရာခင်းကလည်း သပ်ရပ်ပြန့်ပျူးစွာခင်းထားလျက် ခေါင်းအုံးနှစ်လုံးကလည်း ကုတင်ပေါ်တွင် ညီညီညာညာစီလျက်။

ပဋ္ဌလက်ဆန်သော ဒီဟိုတယ်အခန်းနံပါတ်ဆယ့်သုံးသည် တစ်ကြိမ်ပိတ်ပြီး နောက်တစ်ခါပြန်ဖွင့်လိုက်တိုင်း နဂိုမူလပကတိအခြေအနေသို့ ပြန်ရောက်သွားတတ်သည့်သဘော ရှိနေပါလား။

မိုးဟိန်း၏ရင်ထဲမှာတော့ တလှပ်လှပ်ရင်ခုန်လျက် သမီး အတွက် စိုးရိမ်စိတ်မပျက်သေးဘဲ ရှိသည်။

မိုးဟိန်းက သမီးလေးချြူးချြူး၏ပုခုံးနှစ်ဖက်ကို ညင်သာစွာပွေ့ဖက်ရင်း မျက်လုံးချင်းတွေတွေဆိုင်ဆိုင်ကြည့်ကာ အညင်သာဆုံးလေသံဖြင့် . . .

“သမီး. . . ဖေဖေ အခုပြောမယ့်စကားက အရမ်းအရေးကြီးတယ်၊ သေသေချာချာနားထောင်နော်၊ ဟော့ဒီသော့အကြောင်း ဟော့ဒီအခန်းအကြောင်း ဘယ်သူ့ကိုမှလျှော့က်မပြောရဘူးနော် သမီး”

ချြူးချြူးက သူမဖခင်၏မျက်နှာကို တွေတွေငေးငေးကလေး စိုက်ကြည့်သည်။ ဖခင်ဖြစ်သူက တကယ်အလေးအနက်ပြောနေမှန်း ချြူးချြူး နားလည်သွား၏။ သူမက ခေါင်းကိုညိတ်ရင်း . . .

“ဟုတ်ကဲ့”

www.foreverspace.com.mm

“ဘယ်သူ့ကိုမှမပြောပါဘူးလို့ ဖေဖေ့ကို ကတိပေးစမ်းပါ သမီးရယ်”

“ကတိပေးပါတယ် ဖေဖေ”

မိုးဟိန်း၏ရင်ထဲတွင် သောကနှင့်စိုးရိမ်စိတ်တို့က ကြယ်စင်တွေလို လင်းတစ်လှည့်မှိတ်တစ်လှည့်။

●

မိုးဟိန်းက ပဥ္စလက်အခန်းတံခါးသော့ကိုဖွင့်ပြီး အပြင်သို့ လှမ်းထွက်လိုက်၏။ သူ့စိတ်က ရည်ရွယ်ထားသည့်အတိုင်း ယခု သူ ရောက်နေသောနေရာသည် သူ့မိတ်ဆွေ အမှုစစ်အရာရှိ ဦးအေးဆောင်၏ထမင်းစားခန်းဖြစ်မှန်း တွေ့လိုက်ရသည့်အတွက် စိတ်ထဲ တွင် ကျေနပ်သွားပြီး ပြုံးလိုက်မိသည်။

ထိုစဉ်မှာပင် အိပ်ရာထနောက်ကျဟန်တူသော ဦးအေးဆောင်က ညဝတ်အင်္ကျီဖားဖားကြီးဖြင့် ထမင်းစားခန်းထဲသို့ အိပ်မှုန်စုန်မွှား နှင့်ဝင်လာသည်။

“ဘယ်လိုလဲ ကိုအေးဆောင်၊ အခုမှ ကော်ဖီသောက်ရမှာလား”

မိုးဟိန်းက ရုတ်တရက်နှုတ်ဆက်လိုက်သည့်အတွက် ဦးအေးဆောင်တစ်ယောက် အလန့်တကြားဖြစ်သွားသည်။ ပြီး. . .

“ဟင်. . . ကို. . . ကိုမိုးဟိန်း၊ အိမ်တံခါးတွေအားလုံး ပိတ်ထားရဲ့သားနဲ့ ဒီအခန်းထဲ ခင်ဗျားဘယ်လိုရောက်နေ”

မိုးဟိန်းက မခိုးမခန့်ပြုံးလိုက်သည်။ ထို့နောက် . . .

“ဘယ်လိုနည်းနဲ့ရောက်လာသလဲဆိုတော့ သာဒွန်းဦးနည်းနဲ့ပေါ့ဗျာ၊ ကျုပ်တို့ရှေ့မှာ သာဒွန်းဦးတစ်ယောက် အခန်းတံခါးဖွင့်ဝင်ပြီး ကိုယ်ရောင်ပျောက်သွားတာ မှတ်မိတယ်မဟုတ်လား၊ ဒီကောင် ဘယ်

www.foreverspace.com.mm

လိုလစ်သွားတယ်ဆိုတာ ကျွန်တော်ရှင်းပြမယ်၊ ကဲ . . . မြန်မြန် အဝတ်အစားလဲဗျာ"

●

ဦးအေးဆောင်တစ်ယောက် အဝတ်အစားလဲပြီးတော့ ထွက်လာသောအခါတွင် မိုးဟိန်းက အကျိုးအကြောင်းစုံကို ရှင်းပြလိုက်၏။ ထို့နောက် ဦးအေးဆောင်၏စာကြည့်ခန်းတံခါးကိုပိတ်ပြီး မိုးဟိန်းက သူ့လက်ထဲရှိဂမ္ဘီရသော့ဖြင့် ဖွင့်ပြလိုက်သည်။

စာကြည့်ခန်းမဟုတ်တော့။ ပဥ္စလက်ဆန်သော ဟိုတယ် အခန်း နံပါတ်ဆယ့်သုံးဖြစ်နေလေပြီ။ ဦးအေးဆောင်က မိုးဟိန်းနှင့် အတူ အခန်းထဲသို့ဝင်ကြည့်ရင်း မီးခလုတ်များ ရေပိုက်ခေါင်းများကို လျှောက်ဖွင့်ကြည့်၏။ ပြီး . . .

"ဘယ်ဆိုးလို့တုန်းဗျ၊ ဒါ စိတ်ကူးနဲ့ဖန်ဆင်းထားတဲ့အခန်း မဟုတ်ဘူး၊ တကယ့်အခန်းစစ်စစ်တစ်ခုပဲဗျ ကိုမိုးဟိန်း၊ ဟောဒီမှာ လျှပ်စစ်မီးရော၊ ရေရော အဆင်သင့်ပဲ၊ ကြည့်ပါလား"

မိုးဟိန်းက အခန်းရှေ့ပြတင်းပေါက်မှနေ၍ အိပ်မက်ရွာ ဟိုတယ်ဆိုသောဆိုင်းဘုတ်ကို ငေးကြည့်နေရာမှ ခေါင်းညိတ်ပြလိုက်သည်။ ဦးအေးဆောင်ကပင် . . .

"အပြင်ကတံခါးပိတ်ပြီး ပြန်ဖွင့်တဲ့အခါ ခင်ဗျားသမီးရဲ့ ဝက်ဝံရုပ်ကလေးပျောက်သွားသလိုမျိုး အခန်းဟာ နဂိုအစအတိုင်း ပြန်ဖြစ်သွားမှာကို ကျုပ်ကြောက်တယ်ဗျာ"

"ဘာဖြစ်လို့လဲ ကိုအေးဆောင်"

"အခုလို အခန်းထဲမှာ ကျုပ်တို့ရှိနေတုန်း အပြင်ကတစ် ယောက်ယောက်က တံခါးပိတ်ပြီး ပြန်ဖွင့်လိုက်ရင်ဒုက္ခဗျ၊ အဲ့ဒီအခါ ကျရင် ကျုပ်တို့က လူ့ဘုံလောကထဲမှာလည်းမရှိ၊ တမလွန်ကိုလည်း

www.foreverspace.com.mm

မရောက်နဲ့၊ ဘာတွေဖြစ်ကုန်ကြမှာလဲ ကိုမိုးဟိန်း"

မိုးဟိန်းကရယ်မောလိုက်ရင်း . . .

"မပူပါနဲ့ကိုအေးဆောင်၊ သော့က ကျွန်တော့်လက်ထဲမှာပါ ကျွန်တော်တို့ဆီမှာ သော့ရှိနေသရွေ့ တခြား ဘယ်သူကမှ အခန်းကို ပိတ်ပြီး ပြန်ဖွင့်လို့မရပါဘူး၊ ကျွန်တော့်အထင်ပြောရရင် ဒီသော့ကို လက်ထဲမှာကိုင်တဲ့သူပဲ ဟောဒီအခန်းရဲ့ နဂိုအခြေအနေကို ထိန်းချုပ်လို့ရမယ်ထင်တယ်"

ဦးအေးဆောင်က အဝတ်ဗီရိုထဲမှ ကုတ်အင်္ကျီရှည်ကိုကိုင်ကြည့်ရင်း ပုခုံးတွန့်ပြ၏။ ထို့နောက် အခန်းရှေ့အဝင်အထွက်တံခါးဆီသို့ လျှောက်လာရင်း . . .

"ဗျို့ . . . ကိုမိုးဟိန်း၊ ဒီတံခါးကထွက်ရင် ဘယ်ကိုရောက်မှာလဲ"

"ခင်ဗျားစိတ်ထဲမှာတွေးလိုက်တဲ့ ဘယ်နေရာကိုမဆို ရောက်နိုင်တယ်၊ စိတ်ကူးပြီးတာနဲ့ အဲဒီတံခါးကိုဖွင့်ပြီး အသာလေးလှမ်းထွက်လိုက်ရုံပဲ"

ထိုစကားကြောင့် ဦးအေးဆောင်က သဘောကျစွာဖြင့် တဟဲဟဲရယ်လိုက်ပြီး သူ့ဝမ်းဗိုက်စူစူဖြိုးဖြိုးကြီးကို လက်ဖြင့်ပုတ်ကာ . . .

"ဟန်ကျတာပဲဗျို့၊ ကောင်းပေ့ဆိုတဲ့ စားသောက်ဆိုင်တွေ မှာ တနင့်တပိုးစားပြီးရင် ပိုက်ဆံရှင်းစရာမလိုဘဲ အိမ်သာတံခါးကို အဲဒီသော့နဲ့ဖွင့်ပြီး တခြားနေရာကို အသာလေးလစ်သွားရုံပဲဗျို့၊ ကျွန် တော် အဲဒီသော့ကိုလိုချင်လာပြီ"

"မလုပ်နဲ့ ကိုအေးဆောင်၊ ဒီသော့အတွက်နဲ့ ကျွန်တော်တို့မျက်စိရှေ့မှာတင် လူသုံးယောက် မရှုမလှသေသွားပြီ၊ ပြဿနာတွေထပ်ရှုပ်မလာခင် စီအိုင်ဒီကို ဟောဒီသော့ မြန်မြန်အပ်လိုက်မှအေးမယ်"

သူတို့နှစ်ဦးသား အခန်းတံခါးရှေ့တွင် ရပ်လိုက်ပြီး စိတ်ထဲမှ

www.foreverspace.com.mm

ရုံးခန်းကိုသွားချင်တယ်ဟု တီးတိုးအာရုံပြုလိုက်၏။

ထို့နောက် မိုးဟိန်းက ဟိုတယ်အခန်းတံခါးကို သော့ဖြင့် လှည့်ဖွင့်လိုက်လေသည်။

●

မျက်စိတစ်မှိတ်အတွင်း သူတို့နှစ်ဦး၏ရုံးခန်းရှေ့စကြံတံခါးကို ဖွင့်ထွက်မိလျက်သားဖြစ်နေသည်။

ဦးအေးဆောင်က တယ်ဟုတ်ပါလားဟူသည့်သဘောဖြင့် မိုး ဟိန်းကို မျက်စပစ်ပြ၏။ ထိုစဉ် အမှုစစ်အရာရှိ ကိုတင်ထွန်းက သတင်း စာတစ်စောင်ကိုကိုင်လျက် ခပ်သုတ်သုတ်လျှောက်လာရင်း . . .

"ဟော. . . ကိုမိုးဟိန်းတို့ ရောက်လာကြပြီကိုး၊ အတော်ပဲဗျ၊ ခင်ဗျားနဲ့တွေ့ဖို့ အမျိုးသမီးတစ်ယောက်ရောက်နေတယ်၊ သာဒွန်း ဦးရဲ့အစ်မလို့ပြောတာပဲ"

"ဘယ်သူတဲ့လဲဗျ"

မိုးဟိန်းက အနည်းငယ်မျက်မှောင်ကုတ်ရင်း မေးလိုက်သည်။ ကိုတင်ထွန်းက . . .

"သူ့နာမည်က ရွှေစင်မမတဲ့၊ ခင်ဗျားအခန်းထဲမှာ စောင့် နေလေရဲ့"

မိုးဟိန်းက သူ၏ရုံးခန်းထဲသို့ဝင်လိုက်သည်နှင့် စားပွဲရှေ့ ကုလားထိုင်တွင် ကိုယ်နေဟန်မတ်မတ်ဖြင့်ထိုင်နေသော အသက်သုံး ဆယ်ခန့် အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရသည်။ အသားအရောင် က မဖြူမညို ခပ်လတ်လတ်၊ မျက်နှာသွင်ပြင်က ချောမောလှလွန်း သည်ဟု မဆိုနိုင်သော်လည်း ထင်ရှားသောမဟာနဖူးနှင့် ထူးထူးခြား ခြား စူးရဲတောက်ပနေသောမျက်ဝန်းအစုံက သူမ၏ရုပ်ရည်ကို ခန့် ညားစေ၏။ နောက်ပြီး သူမ၏နှုတ်ခမ်းတွေကပါးလျပြီး တစ်သက်တာ

www.foreverspace.com.mm

ပတ်လုံး ဝမ်းနည်းကြေကွဲခဲ့ရသူတစ်ယောက်လို အောက်သို့ အနည်းငယ်ကွေးစိုက်နေကြသည်။

သို့သော် အဲသည့်နှုတ်ခမ်းတွေကြောင့်ပင်လျှင် သူမသည် ရင့်ကျက်တည်ငြိမ်သူတစ်ဦး၏ အသွင်မျိုးဆောင်နေလေသည်။

မိုးဟိန်းက စားပွဲတွင်ဝင်ထိုင်လိုက်ရင်း . . .

"ခင်ဗျားရဲ့မောင်လေးအတွက် စိတ်မကောင်းပါဘူးဗျာ"

"မောင်လေးအရင်းတော့မဟုတ်ပါဘူး၊ မအေတူဖအေကွဲပါ"

မျှော်လင့်ထားသည့်အတိုင်း တည်ငြိမ်အေးစက်သောအသံဖြင့် တုံ့ပြန်၏။ မျက်လွှာကို အနည်းငယ်ချထားသည်။ တစ်ကိုယ်လုံးကို ခြုံငုံကြည့်လိုက်တော့ သူမမှာ မည်သည့်လက်ဝတ်ရတနာကိုမှ မဆင်ထားဘဲ အနက်ရောင်သားရေကြိုးနှင့် လက်ပတ်နာရီတစ်လုံးကိုသာ ပတ်ထား၏။

နောက်ပြီး အင်္ကျီရော ထမိန်ပါ အနက်ရောင်ဆင်တူဝတ်ထားသည့်အတွက် တည်တံ့လွန်းသလိုဖြစ်နေသည်။

မိုးဟိန်းက . . .

"မအေတူဖအေကွဲဆိုတော့ ခင်ဗျားတို့မောင်နှမနှစ်ယောက်ကြားမှာ ချစ်ချစ်ခင်ခင်ရော ရှိကြရဲ့လား"

အမျိုးသမီးက ခေါင်းကို အနည်းငယ်မတ်လိုက်ပြီး . . .

"ကျွန်မမိဘတွေက စီးပွားရေးသိပ်အဆင်မပြေတော့ ကျွန်မ ခပ်ငယ်ငယ်ကတည်းက အဘိုးအဘွားတွေနဲ့ သွားနေတာများတယ်ရှင့်၊ တစ်ခါက်တစ်လေ အိမ်ကိုပြန်တဲ့အခါမှပဲ မောင်လေးနဲ့တွေ့ရတာ၊ အခု အလုပ်အကိုင်အဆင်ပြေလာလို့ အိမ်လေးတစ်လုံး သတ်သတ်ဝယ်ပြီး အမေနဲ့မောင်လေးကိုခေါ်ထားမယ်လို့ စိတ်ကူးခါမှ အခုလိုဖြစ်တာပါပဲရှင်"

"ဩော် . . . ဟုတ်လား"

မိုးဟိန်းက သွေးအေးအေးဖြင့်ပြောလိုက်လည်း ရွှေစင်မမ

www.foreverspace.com.mm

က စားပွဲပေါ်တံတောင်ဆစ်ထောက်ရင်း . . .

"အခုလည်း ကျွန်မမောင်လေးကွယ်လွန်တုန်းက သူ့ကိုယ်ပေါ်မှာပါသွားတဲ့ပစ္စည်းတွေနဲ့ ပတ်သက်လို့ပေါ့လေ၊ ရာဇဝတ်မှုကင်းတဲ့ မသက်ဆိုင်တဲ့ ကိုယ်ရေးကိုယ်တာပစ္စည်းတွေဆိုရင် ဒီရုံးမှာပုံစံ ဖြည့်ပြီး တောင်းယူလို့ရတယ်ဆိုလို့ပါ"

"မိုးဟိန်းက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ရွှေစင်မမကို စိုက်ကြည့်နေ၏။ သူမက . . .

"မောင်လေးရဲ့ပစ္စည်းတွေက ဘာမှတော့တန်ဖိုးမရှိပါဘူး၊ ဒါပေမဲ့ မမေ့အတွက် အမှတ်တရဖြစ်အောင်လို့ပါ"

"ဪ. . . ဟုတ်တာပေါ့၊ ဒေါ်ရွှေစင်မမ၊ ကဲ. . . ဟောဒီပုံစံစာရွက်မှာ လက်မှတ်ထိုးပါ"

သူမက မိုးဟိန်းလှမ်းပေးလိုက်သော လျှောက်လွှာပုံစံပေါ် တွင် တုံ့ဆိုင်းခြင်းမရှိဘဲ လက်မှတ်ထိုးလိုက်သည်။ အဲဒါကိုကြည့်ပြီး မိုးဟိန်းက အေးစက်စွာ တစ်ချက်ပြုံးလိုက်၏။

အကင်းပါးသောရွှေစင်မမက သူ့အပြုံးကိုမြင်သွားပြီး တည်ခန့်သောလေသံဖြင့် . . .

"ဘာများဖြစ်လို့လဲရှင်"

သူမ တစ်စုံတစ်ရာမလှုပ်ရှားနိုင်ခင်မှာပင် မိုးဟိန်းက စားပွဲပေါ်တင်ထားသော ရွှေစင်မမ၏လက်တစ်ဖက်ကို ဖမ်းအုပ်ဆုပ်ကိုင်လိုက်ရင်း . . .

"သာဒ္ဒန်းဦးမှာ ဘာမအေတူဖအေကွဲ အစ်မညီမတွေမှမရှိဘူးဆိုတာ ကျုပ်သိပြီးသားပါ ရွှေစင်မမ၊ မှန်မှန်ပြောစမ်း၊ မင်း. . . ဘယ်သူလဲ"

သူမက မိုးဟိန်း၏အမေးကိုပြန်မဖြေ။ စူးရှတောက်ပြောင်သောအကြည့်ဖြင့်ကြည့်ရင်း . . .

"ဟိုပစ္စည်းကို ရှင်ရထားတယ်မဟုတ်လား"

www.foreverspace.com.mm

အံကြိတ်ပြီး သွားစေ့ထားသည့်လေသံဖြင့် ပြန်မေး၏။ မိုးဟိန်းက ခပ်တည်တည်ဖြင့် မသိချင်ယောင်ဆောင်ပြီး . . .

"ဘာပစ္စည်းကိုပြောတာလဲ"

"သော့ကိုပြောတာ၊ အဲ့ဒီသော့အတွက် ကျွန်မမှာ တာဝန်ရှိတယ်၊ ကျွန်မကို အဲ့ဒီသော့ပြန်ပေးပါ"

"မင်း. . . ဘယ်သူလဲ"

ရွှေစင်မမက မိုးဟိန်း၏အမေးကိုမဖြေဘဲ ဖမ်းချုပ်ခံထားရ သော သူမ၏လက်ကိုလွတ်အောင် ကြိတ်ပြီးရုန်းနေသည်။ နောက်ဆုံး ရုန်း၍မရသောအခါတွင်မှ . . .

"ကျွန်မကို လွှတ်စမ်းပါ"

"ငါမေးတာကိုဖြေမှ လွှတ်မယ်"

ရွှေစင်မမထံမှ သက်ပြင်းချသံတီးတိုးပေါ်လာသည်။ သူမက မီးခိုးရောင်မှုန်မှိုင်းသောမျက်ဝန်းများဖြင့် မိုးဟိန်း၏မျက်နှာကို တစ်ချက်လှည့်ကြည့်ရင်း . . .

"ကောင်းပြီ. . . ရှင့်ကို ပြစရာတစ်ခုရှိသေးတယ်"

ပြောပြောဆိုဆိုနှင့် သူမ၏မိန်းမဝတ်ကုတ်အင်္ကျီအတွင်း အိတ်ထဲမှတစ်စုံတစ်ရာကိုနှိုက်ယူပြီး ဖြည်းညင်းစွာဆွဲထုတ်ကာ မိုးဟိန်း၏ မျက်နှာရှေ့တွင် ထောင်ပြလိုက်သည်။

ဂျိုကာရုပ်ပုံပါသော ဖဲချပ်လေးတစ်ချပ်။

အဲသည်ဖဲချပ်လေးကို မြင်လိုက်သည်နှင့်တပြိုင်နက် မိုးဟိန်း၏မျက်လုံးအစုံသည် ပြာကနဲ မိုက်ကနဲဖြစ်သွားပြီး သိစိတ်တွေ ရုတ်ချည်းအမှောင်ကျသွားသည်။

သူ. . . ဘာဆိုဘာမှမသိတော့ချေ။

●

www.foreverspace.com.mm

"ကိုမိုးဟိန်း. . . ကိုမိုးဟိန်း"

အမှောင်ထဲမှာ သူ့နာမည်ကို ခေါ်သံသဲ့သဲ့ကြားရသည်။ အသံက ဝေးလာလိုက်နီးလာလိုက်နှင့်။

အဆုံးအစမဲ့ဟင်းလင်းပြင်ထဲမှာ မည်မျှကြာအောင် သူ လွင့်မျောနေခဲ့ပြီးပြီလဲ။

"ကိုမိုးဟိန်း. . . ကိုမိုးဟိန်း"

သူ့ပုခုံးကို ကြမ်းတမ်းစွာကိုင်လှုပ်ရင်း နာမည်ကို တတွတ်တွတ်ခေါ်နေသံကြောင့် မျက်လုံးကို အားယူပြီးဖွင့်ကြည့်လိုက်သည်။

အပေါ်မှစီးမိုးပြီး စိုးရိမ်တကြီးကြည့်နေသည့် ဦးအေးဆောင်၏မျက်နှာကို မြင်ရသည်။ လက်စသတ်တော့ သူ သတိလစ်မေ့မြောကာ လဲကျသွားခဲ့တာပါလား။

"ကိုမိုးဟိန်း. . . ခင်ဗျား ဘာဖြစ်သွားသေးလဲ"

သူ ခေါင်းခါပြလိုက်သည်။ နောက် အားယူထရပ်ရင်း တစ်လုံးချင်းပြောလိုက်၏။

"သေ့နောက်ကို မျက်ခြည်မပြတ်လိုက်တဲ့သူတွေရှိနေပြီ၊ ကျွန်တော့်ကိုယ်ကျွန်တော် ငါးစာအဖြစ် ချိတ်မှာတပ်ပြီး ဒီကောင်တွေကို မျှားရတော့မှာပဲ"

■

www.foreverspace.com.mm

## အခန်း (၁၁)

ဆေးရုံတွင် ရက်ချိန်းယူထားသည့်အတိုင်း သမီးလေးချြုးချြုးကို စိတ်ရောဂါအထူးကုဆရာဝန် ဒေါက်တာစိန်လွင်နှင့် ပြသရန်အတွက် သူတို့သားအဖနှစ်ဦးသား ဆေးရုံဧည့်ခန်းဆောင်တွင် စောင့်ဆိုင်းနေကြ၏။ ချြုးချြုးက . . .

"ဖေဖေ. . . အဲ့ဒီဆရာဝန်ကြီးက သမီးကို ဆေးထိုးမှာလားဟင်"

စိုးရိမ်ဟန်ပေါ်နေသော သမီး၏စကားကြောင့် မိုးဟိန်းကနှစ်သိမ့်ပြုံးပြုံးပြလိုက်ပြီး . . .

"အခုပြမယ့်ဆရာဝန်က ဆေးထိုးအပ်နဲ့ကုတဲ့ဆရာဝန်မျိုးမဟုတ်ဘူးသမီးရဲ့၊ သူက စကားတွေပြောပြီးကုတာ၊ ဆရာဝန်ကြီး

www.foreverspace.com.mm

က သမီးကို မေးခွန်းတွေမေးရင် သမီးက စိတ်ထဲရှိတဲ့အတိုင်းဖြေ ရုံပဲ"

"သူက ဘာမေးခွန်းတွေမေးမှာလဲဟင်"

"အစုံပေါ့ သမီးရယ်၊ ဥပမာ ဖေဖေနဲ့နေရတာ သမီးလေး ပျော်သလား၊ အိပ်မက်တွေမက်တတ်လား၊ သမီးတစ်ယောက်တည်း အိမ်မှာနေရတဲ့အခါမျိုးဆိုရင် ဝမ်းနည်းသလား အဲဒါမျိုးတွေပေါ့"

ခြူးခြူးက ခေါင်းကလေးငုံ့၍ ခဏစဉ်းစားနေပြီးမှ . . .

"ဖေဖေနဲ့နေရတာပျော်ပါတယ်၊ ဒါပေမဲ့ ညဘက်ကျရင် သမီးကစားနေတုန်း ဖေဖေက အစောကြီးအိပ်ရာဝင်ခိုင်းရင်တော့ စိတ်ညစ်တယ်၊ အဲ့ဒီအကြောင်းကိုရော ဆရာဝန်ကြီးကို ပြောပြလိုက်ရမလားဟင်"

မိုးဟိန်းက ဟက်ဟက်ပက်ပက်ရယ်မောလိုက်ရင်း . . .

"ပြောပြလိုက်ပေါ့ သမီးရဲ့"

ထိုစဉ် ဆေးရုံယူနီဖောင်းနှင့် ဧည့်ကြိုမိန်းကလေးတစ်ယောက်ရောက်လာပြီး . . .

"ဒေါက်တာစိန်လွင်နဲ့ ပြလို့ရပါပြီရှင်၊ လာ. . . သမီးလာ၊ အန်တီနဲ့လိုက်ခဲ့"

"ဖေကြီး. . . တာ့တာ"

သမီးလေးက သူ့ကိုနှုတ်ဆက်ပြီး စမ်းသပ်ခန်းဆီသို့ လိုက် ပါသွားသည်ကို ငေးကြည့်နေမိသည်။ ပြီးမှ ဧည့်ကြိုကောင်တာတွင် ရှိသော ဒေါက်တာစိန်လွင်၏ သူနာပြုဆရာမလေးကို လှမ်းမေးဖြစ်၏။

"စမ်းသပ်တာ ဘယ်လောက်ကြာမယ်ထင်သလဲဟင်"

"တစ်နာရီလောက်တော့ ကြာမယ်ထင်တယ်၊ ဒီမှာထိုင်စောင့်ရတာကို ပျင်းရင်း ဆေးရုံဝင်းအပြင်ဘက်က ညာဘက်ထောင့် ခန်းမှာ စားသောက်ဆိုင်ရှိတယ်လေ၊ အဲဒီမှာသွားထိုင်လို့ရပါတယ်"

သူနာပြုဆရာမလေးညွှန်ပြသည့်အတိုင်း ကလေးကြပ်မတ်

www.foreverspace.com.mm

ကုသဆောင်နှင့် အမျိုးသားခွဲစိပ်ဆောင်ကို ဆက်သွယ်ထားသည့် စင်္ကြံဆီလျှောက်လာခဲ့သည်။ အသွားအလာရှင်းသောကြောင့် အနည်းငယ်လူပြတ်နေ၏။

အမျိုးသားခွဲစိတ်ဆောင်နားရောက်ခါနီးတွင် အထူးခန်းတစ်ခန်း၏ရှေ့၌ လူနှစ်ယောက် ရန်ဖြစ်တော့မလို စကားများနေသည်ကို တွေ့ရသည်။ တစ်ယောက်က ထွားထွားကြိုင်းကြိုင်းနှင့် လူမိုက်ဟန်ပေါက်နေပြီး ကျန်တစ်ယောက်ကတော့ အရပ်ပုပု ကိုယ်လုံးညှပ်ညှပ်နှင့် အိန္ဒိယနွယ်ဖွားကပြားရုပ်ရည်ရှိသူတစ်ယောက် ဖြစ်သည်။

မိုးဟိန်းကြည့်နေစဉ်မှာပင် လူမိုက်ရုပ်ပေါက်နေသူက ကုလားကပြားကလေး၏လည်ပင်းကို ဖမ်းညှပ်ပြီး ဆောင့်တွန်းမည့်ဟန်ပြင်လိုက်သည်။ ထိုစဉ်မှာပင် ကုလားကပြားလေးက . . .

"မင်းအနိုင်ကျင့်တာများပြီနော်၊ ငါ သည်းမခံနိုင်တော့ဘူး၊ မင်းကိုငါ ငရဲပြည်ပို့လိုက်ရမလား၊ ကိုင်း. . . သွားစမ်းကွာ"

ပြောပြောဆိုဆိုနှင့် ကုလားလေးက သူ့အင်္ကျီအိတ်ထဲမှစက္ကူခေါက်ကဲ့သို့ တစ်စုံတစ်ရာကို လှစ်ခနဲထုတ်ယူပြီး လူထွားကြီး၏နဖူးကို လျင်မြန်စွာ အသာတို့ရိုက်လိုက်၏။

"အ"

လူထွားကြီးက အားဆိုသောစကားလုံးကိုပင် ဆုံးအောင်မအော်နိုင်လို့ဘဲ ရပ်နေရာမှ ဖြုန်းကနဲ ပျောက်ကွယ်သွားလေတော့သည်။

"ဟင်"

လူတစ်ယောက်လုံး ရုတ်တရက်ကိုယ်ပျောက်သွားသည့်မြင်ကွင်းကို တွေ့လိုက်ရသောကြောင့် မိုးဟိန်းတစ်ယောက် ကြက်သေသေနေမိသည်။

ကုလားလေးကလည်း ဟင်ကနဲရေရွတ်လိုက်သောအသံကြောင့် လှည့်ကြည့်မိပြီး မိုးဟိန်းကိုမြင်သွား၏။ မြင်သည်နှင့်တစ်ပြိုင်

www.foreverspace.com.mm

နက် သုတ်ခြေတင်ထွက်ပြေးလေတော့သည်။ မိုးဟိန်းလည်း သတိပြန်ဝင်လာကာ နောက်မှပြေးလိုက်ရင်း . . .

"ဟေ့ကောင် . . . မပြေးနဲ့"

မီလုမီခင်ဖြစ်လာချိန်တွင် မိုးဟိန်းက ကုလားလေး၏ပုခုံးကို လှမ်းဖမ်းဆွဲလိုက်သည်။ ကုလားလေးက ချာကနဲလှည့်ပြီး သူ့လက်ထဲတွင် အသင့်ကိုင်ထားသည့်အရာဖြင့် မိုးဟိန်း၏နဖူးကို အသာပုတ်လိုက်သည်။

"ဟ"

စက္ကူကတ်ထူပြားမာမာတစ်ခု၏ အထိအတွေ့မှန်းသိလိုက်ပြီးသည်နှင့် တစ်ပြိုင်နက် မိုးဟိန်းတစ်ကိုယ်လုံး လေထဲမြောက်တက်သွားသလို ခံစားလိုက်ရသည်။ သူ့မျက်လုံးတွေ ချာချာလည်သွား၏။

စက္ကန့်ပိုင်းလောက်သာကြာသည်။

မိုးဟိန်း မျက်လုံးကို ပြန်ဖွင့်ကြည့်လိုက်သောအခါ ကျောက်စရစ်ခဲထူထပ်သော လမ်းကလေးတစ်ခုပေါ်တွင် လဲကျနေမှန်း သူ့ကိုယ်သူတွေ့လိုက်ရသည်။ လမ်းဘေးမှာ မြက်ရိုင်းတွေ ထူထပ်စွာပေါက်နေပြီး အသုံးမပြုဘဲ စွန့်ပစ်ထားဟန်တူသော မီးရထားသံလမ်းဟောင်းတစ်ခုကိုလည်း တွေ့ရသည်။

မိုးဟိန်းက မြေကြီးပေါ်လဲကျနေရာမှ လူးလဲထလိုက်သည်။ ဟော ဟိုရှေ့ခပ်လှမ်းလှမ်းတွင် ယောင်တိယောင်ကန်းဖြင့် တရွေ့ရွေ့လျှောက်သွားနေသော လူတစ်ယောက်။

ထိုသူ့ကို မိုးဟိန်း ချက်ချင်းမှတ်မိလိုက်သည်။ စောစောကုလားလေးနှင့် ဆေးရုံပေါ်တွင်ရန်ဖြစ်နေသည့်လူပင် ဖြစ်သည်။ မိုးဟိန်းက လှမ်းခေါ်လိုက်သည်။

"ဟေ့လူ . . . ဟေ့လူ"

ထိုသူက ပတ်ဝန်းကျင်ကိုငေးကြည့်နေရာမှ ဝေခွဲမရသောမျက်နှာထားဖြင့် မိုးဟိန်းဘက်သို့လှည့်ကြည့်ရင်း . . .

www.foreverspace.com.mm

"ကျပ်. . . ကျပ်. . . အခု ဘယ်ရောက်နေတာလဲဟင်"

မိုးဟိန်းက ပုခုံးတွန့်ပြလိုက်၏။ ထိုသူလည်း မိမိလိုပင် ဘယ်နေရာရောက်လို့ရောက်နေမှန်း မသိချေ။

သူ အနည်းငယ်ရိပ်စားမိစပြုလာသည်။ ကုလားလေး၏လက်ထဲမှ ကတ်ထူစက္ကူပြားသည် သူ့ဆီမှာရှိသောသော့ကဲ့သို့ပင် တစ်မျိုးတစ်ဖုံ အစွမ်းထက်သောအရာဖြစ်ဟန်တူသည်။

ထိုအရာဖြင့် နဖူးကို အသာပုတ်ရိုက်ခံရသူတိုင်းသည် ဟောဒီနေရာသို့ ဖြုန်းကနဲလွင့်စင်ရောက်ရှိလာတတ်ကြပုံရ၏။

သည်နေရာက ဘယ်နေရာလဲ။

ကြည့်ရသည်ကတော့ ရှမ်းပြည်နယ်သို့မဟုတ် ကချင်ပြည်နယ်လို အအေးပိုင်းဒေသတစ်ခုဖြစ်ဟန်တူပြီး စောစောကသူရပ်နေခဲ့သည့် ဆေးရုံနှင့်ဆိုလျှင် မိုင် (၆၀၀) ခန့် ကွာဝေးနေပြီဖြစ်သည်။

မိုးဟိန်းက ခေါင်းကိုခါယမ်းလိုက်သည်။

ကိစ္စတော့မရှိပါ။ မလှမ်းမကမ်းတွင် ဘူတာရုံအပျက်လိုလို အဆောက်အအုံတစ်ခုကို လှမ်းမြင်ရသည်။ အနီးသို့သွားကြည့်လိုက်တော့ အဲဒီမှာ လက်ကိုင်သော့အိမ်ပါသော တံခါးတစ်ချပ်ရှိနေသည်ကို မြင်ရ၏။ ဒီလောက်ဆိုလျှင် လုံလောက်ပေပြီ။

မိုးဟိန်းက သူ့အိမ်ထဲမှ ဂမ္ဘီရသော့ကိုထုတ်ယူပြီး တံခါးကိုဖွင့်ကာဝင်လိုက်၏။ ပဥ္စလက်ဟိုတယ်ခန်းအတွင်းသို့ ရောက်သွား၏။

ဒီဟိုတယ်ခန်းအတွင်းမှနေ၍ ဆေးရုံမှာရှိသောအခန်းတစ်ခု ခုကို အာရုံပြုပြီး ပြန်ထွက်လိုက်ရုံပဲမဟုတ်ဘူးလား။

မိုးဟိန်းက ဟိုတယ်ခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။

●

www.foreverspace.com.mm

မိုးဟိန်းက ဆေးသိုလှောင်ခန်းတံခါးကိုဆွဲဖွင့်ပြီး ဆေးရုံစင်္ကြံပေါ်သို့ထွက်လိုက်သည်။ ခပ်သုတ်သုတ်ပြေးသွားနေသော ကုလားလေးကို ဟိုးရှေ့မှာမြင်နေရသေး၏။

ဒီတစ်ခါတော့ ကိုယ်က လက်ဦးမှုဖြစ်မယ်ဟု သူတွေးလိုက်သည်။ တခြားလူတွေအတွက်တော့ ဒီကုလားလေးနှင့် ရန်ဖြစ်ဖို့မလွယ်ပါ။ သူ့လက်ချက်တစ်ခါမိတိုင်း ဘယ်ဆီဘယ်ဝယ်မှန်းမသိသည့် မိုင်(၆၀၀)လောက်ခရီးကို ဗြုန်းကနဲအလိုလိုရောက်သွားရမည့်ဒုက္ခကား မသက်သာလှ။

မိုးဟိန်းက ကုလားလေးပြေးသွားမည့်လမ်းကြောင်းကို ကြိုတင်တွက်လိုက်သည်။ အဲသည့်လမ်းအစွန်မှာ တံခါးတစ်ချပ်ရှိနေသည်ကို တွေ့လိုက်ရသောကြောင့် သူ ပြုံးမိ၏။

မိုးဟိန်းက ဆေးသိုလှောင်ခန်းတံခါးကို ဂမ္ဘီရသော့ဖြင့်ဖွင့်ကာ ပြန်ဝင်လိုက်သည်။

●

ကုလားလေးက ပြေးနေရာမှ တုံ့ခနဲရပ်သွားပြီး အံ့သြလွန်းသဖြင့် မျက်လုံးများပြူးထွက်လာသည်။

သူ့ရှေ့တည့်တည့်မှတံခါးက ဗြုန်းကနဲပွင့်သွားပြီး မိုးဟိန်းထွက်လာသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။ စောစောကလေးတင် မိုင်(၆၀၀)ခန့် အဝေးတစ်နေရာဆီသို့ သူ့လက်ချက်ဖြင့် အပို့ခံလိုက်ရသူက အခုချက်ချင်းဘယ်လိုလုပ်ပြီး ရှေ့မှာ ပြန်ရောက်နေသလဲဆိုသည်ကို မစဉ်းစားတတ်အောင် ဖြစ်သွား၏။

ကုလားလေးက သူ့အားကိုးသောအရာကို အင်္ကျီအိတ်ကပ်ထဲမှ ဆွဲထုတ်ကာ မိုးဟိန်း၏နဖူးကိုပုတ်ရန် လက်ရွယ်လိုက်သည်။ သို့သော် ထိုအချိန်မှာပင် . . .

www.foreverspace.com.mm

“ခွပ်”

“အား”

မိုးဟိန်း၏လက်သီးက ကုလားလေး၏မေးရိုးကို တည့်မတ်ပြင်းထန်စွာထိုးချလိုက်လေတော့သည်။ ကုလားလေး၏လက်ထဲမှ စက္ကူခေါက်လေးက ကြမ်းပြင်ပေါ်သို့ လွင့်စင်သွားသည်။ မိုးဟိန်းက ကောက်ယူပြီးကြည့်၏။

ဟောင်းနွမ်းနေသော ရထားလက်မှတ်တစ်စောင်သာလျှင် ဖြစ်သည်။

ကုလားလေးက နားကျင်သွားသောမေးရိုးကို ပွတ်သပ်ရင်း. . .

“ကျွတ်. . . ကျွတ်. . . ခင်ဗျား. . . ခင်ဗျားက ဘယ်လို ပြန်ရောက်လာတာလဲ”

မိုးဟိန်းက ဘာမှပြောမနေဘဲ သူ့လက်ထဲမှဂမ္ဘီရသော့ကို ထောင်ပြလိုက်သည်။

ကုလားလေးက ကြောက်လန့်တုန်ယင်စွာဖြင့် . . .

“ကျွန်တော့်. . . ကျွန်တော့်ရထားလက်မှတ်လေးတော့ ပြန်ပေးပါဗျာ”

“စကားများမနေနဲ့ ဟော့ကောင်၊ လာ. . . လိုက်ခဲ့စမ်း”

●

ကော်ဖီဆိုင်၏ထောင့်အကျဆုံးစားပွဲတွင် သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်ထိုင်မိကြသည်။ မိုးဟိန်းက သူ့လက်ထဲမှ ရထားလက်မှတ်ကို စားပွဲပေါ်တင်လိုက်ရင်း . . .

“ကဲ ဟော့ကောင် ဆိုစမ်းပါဦး၊ ဒီရထားလက်မှတ်အဟောင်းက ဘာသဘောလဲ”

www.foreverspace.com.mm

ကုလားလေးက တမင်ဟန်ဆောင်ထားသော အူကြောင်ကြောင်အမူအရာဖြင့် . . .

"ဗျာ. . . ကျွန်တော် ဘာပြောရမှာလဲ"

မိုးဟိန်းက စိတ်မရှည်ဟန်ဖြင့် ရထားလက်မှတ်ကို သူ့အင်္ကျီအိတ်ကပ်ထဲသို့ ပြန်ထည့်တော့မလိုလုပ်ပြီး . . .

"ပြီးရောလေ၊ မင်းမပြောချင်လည်းနေပေါ့၊ ဒီရထားလက်မှတ်ကို ငါပဲ အပိုင်ယူလိုက်တော့မယ်"

"ဟာ. . . ဟာ. . . မလုပ်. . . မလုပ်ပါနဲ့"

"ဘာလဲ. . . မင်းလက်မှတ်ကို ပြန်လိုချင်တယ်ပေါ့ဟုတ်လား၊ ကဲ. . . ဖြေစမ်းပါဦး၊ မင်းနာမည်ဘယ်သူလဲ"

"ကျွန်တော့်နာမည် ရာဂျူးပါ"

"ဆေးရုံမှာ မင်းဘာလာလုပ်နေတာလဲ"

"ကျွန်တော့်ပုခုံးမှာ အဆီကျိတ်ဖြစ်နေလို့ ခွဲရမယ်ဆိုတာနဲ့ ဆေးရုံလာတတ်နေတာပါ၊ မနက်ဖြန်ဆိုဆင်းရပါပြီ"

ဒီစကားတွေကိုတော့ အမှန်အတိုင်းပြောနေပုံရ၏။ မိုးဟိန်းက ကုလားလေးရာဂျူး၏မျက်နှာကို သေသေချာချာအကဲခတ်ကြည့် ရင်း . . .

"ငါ့နာမည်မိုးဟိန်းလို့ခေါ်တယ်၊ စီအိုင်ဒီကအမှုစစ်စုံထောက်တစ်ယောက်ပဲ"

သူ့စကားကြောင့် ရာဂျူး၏မျက်လုံးများ ပြူးကျယ်သွားကြ၏။ လူရည်လည်သော ကုလားလေးရာဂျူးက ချက်ချင်းပင် အခေါ်အပြောနှင့်လေသံကို ပြင်လိုက်ပြီး . . .

"အာစရိကရော ဘာဖြစ်လို့ ဆေးရုံလာတက်တာလဲ"

"ငါ့သမီးကိုလာပြတာကွ၊ မကြာခင်ကမှ ငါ့ဇနီးက အက်စီးဒင့်ဖြစ်ပြီးဆုံးသွားတာ၊ သမီးလေးမျက်စိရှေ့မှာတင်ဖြစ်သွားတာဆိုတော့ ကလေးစိတ်ထိခိုက်ပြီး တစ်ခုခုချွတ်ယွင်းသွားမှာစိုးလို့"

www.foreverspace.com.mm

“ဩော်. . . စိတ်မကောင်းစရာပဲ၊ တကယ်ပြောတာပါအာစရိ”

ရာဂျူး၏လေသံက တည်တည်တံ့တံ့ဖြစ်လာသည်။ ထိုစဉ် စားပွဲထိုးလေးက အနားသို့ရောက်လာပြီး သူတို့နှစ်ယောက်ရှေ့တွင် ကော်ဖီတစ်ခွက်စီချပေးသည်။ မိုးဟိန်းက . . .

“ဟော့ကောင် ရာဂျူး၊ မင်းဘာစားဦးမလဲ၊ မှာလေကွာ”

ရာဂျူးက ဘာမှမပြော။ သနားစရာ မျက်လုံးလေးအကြောင်သားဖြင့် မိုးဟိန်းကိုပြန်ကြည့်နေသည်။ သူ့အခက်အခဲကို မိုးဟိန်း သဘောပေါက်လိုက်၏။ ထို့ကြောင့် . . .

“ကြိုက်တာမှာပါကွ၊ ငါ ပိုက်ဆံရှင်းပါ့မယ်”

သူ့စကားဆုံးသည်နှင့် ရာဂျူးက သွက်လက်စွာပင် . . .

“နန်းကြီးသုတ်တစ်ပွဲ၊ အဲ. . . မထူးပါဘူး၊ နှစ်ပွဲသာပေးဗျာ”

စားပွဲထိုးကိုမှာလိုက်ပြီး မိုးဟိန်းဘက်သို့လှည့်၍ . . .

“ကျေးဇူးပါပဲအာစရိရယ်၊ ကျွန်တော့်မှာ ရှိစုမဲ့စုပိုက်ဆံလေးက ဆေးရုံတက်ရလို့ကုန်ပြီဗျ”

ရာဂျူးကပြောရင်း ကော်ဖီကိုတစ်ငုံသောက်သည်။

မိုးဟိန်းက သူ့အိတ်ထဲမှ နံပါတ်(13)လေဘယ်ပါဂမ္ဘီရသော့ကိုထုတ်ပြီး စားပွဲပေါ် ‘ဒေါက်’ကနဲ ပစ်တင်လိုက်သည်။

“ဖွီး. . . ဟူး. . . ဟူး”

ရာဂျူး၏မျက်လုံးများ တဖန်ပြူးသွားရုံသာမက သောက်လက်စကော်ဖီပင် သီးသွား၏။ ရာဂျူးက . . .

“အဲဒါ. . . အဲဒါကြီးကို ဒီလို လူမြင်သူမြင်မထားနဲ့လေ၊ ပြန်သိမ်း. . . ပြန်သိမ်းထားလိုက်”

အထိတ်တလန့်ဖြင့် ပျာရီးပျာယာပြောသည်။ မိုးဟိန်းက. . .

ဒီသော့ဟာ ဘယ်လိုပစ္စည်းမျိုးလဲ”

“ဗျာ. . . အာစရိ ကျွန်တော့်ကိုနောက်နေတာလား”

www.foreverspace.com.mm



"ငါ နောက်နေတာမဟုတ်ဘူး ရာဂျူး၊ ငါ တကယ်မသိလို့ မေးနေတာ"

ရာဂျူးက သက်ပြင်းကိုခိုး၍ချလိုက်ရင်း . . .

"ကျွန်တော်လည်း ဟုတ်တိပတ်တိမသိပါဘူး အာစရိရယ်"

တကယ်အရေးကြီးသောအချက်သို့ရောက်ကာမှ ရာဂျူးက စကားကိုလျှော့ချသွားမှန်း မိုးဟိန်းရိပ်မိလိုက်သည်။ ထို့ကြောင့် ရထားလက်မှတ်ဟောင်းကလေးကို အိတ်ထဲသို့ ပြန်ထည့်သိမ်းလိုက်ပြီး မိုးဟိန်းက . . .

"မင်းမပြောချင်လည်းနေလေ၊ ငါသွားပြီ. . . ရာဂျူး"

"ဟာ. . . ဟာ. . . အာစရိ. . . လက်မှတ်"

ရာဂျူး၏နိုင်ကွက်ကို အပိုင်ကိုင်ထားနိုင်ပြီဖြစ်သောကြောင့် မိုးဟိန်းက ခုံတွင်ပြန်ထိုင်လိုက်ရင်း . . .

"ကဲ. . . မင်းသိသမျှပြောပေတော့ ရာဂျူး"

ရာဂျူးက ခေါင်းကိုကုတ်လိုက်ရင်း တခြားသူများမကြားအောင် လေသံတိုးတိုးဖြင့် . . .

"အဲဒ့ီသော့ကို သိဒ္ဓိဝင်ပစ္စည်းလို့ခေါ်တယ်၊ အဲဒီလိုမျိုးသိဒ္ဓိဝင်ပစ္စည်းတွေ အများကြီးရှိတယ် အာစရိ"

"အဲ့ဒီပစ္စည်းတွေက ဘယ်ကရလာကြတာလဲ"

"အဲဒါတွေအားလုံးဟာ ဟိုတယ်အခန်းထဲက ပစ္စည်းတွေချည်းပဲ အာစရိ၊ ဘယ်ဟိုတယ်လဲလို့တော့ မေးမနေနဲ့၊ အာစရိလက်ထဲမှာတောင် သော့ရှိနေမှတော့ အဲဒ့ီဟိုတယ်အခန်းထဲကို အာစရိ ကိုယ်တိုင်ရောက်ဖူးမှာပေါ့၊ အခု ကျွန်တော်ပြောတာ အာစရိသဘောပေါက်တယ်မဟုတ်လား"

မိုးဟိန်းက မျက်မှောင်ကိုကုတ်လိုက်၏။ ပြီး . . .

"အဲ့ဒီ သိဒ္ဓိဝင်ပစ္စည်းတွေအကြောင်း ငါကြားဖူးတာ ဒါပထမဦးဆုံးအကြိမ်ပဲ ရာဂျူး"

www.foreverspace.com.mm

ရာဂျူးက ယူကျုံးမရဖြစ်ဟန်ဖြင့် သူ့နဖူးကိုသူ လက်ဝါးဖြင့်ရိုက်ကာ . . .

"အာရိုရိုး. . . ဘယ်နှယ့်အာစရိရဲ့ လာကြုံနေရတာပါလိမ့်နော်၊ ဒီလောက်အရေးကြီးတဲ့သော့ကို ရထားတဲ့သူက ဘာမှမသိတဲ့သူ ဖြစ်နေပါပကောလား၊ ဟရေး. . . အလ္လာရှင်မြတ် ကယ်တော်မူပါ"

မိုးဟိန်းက . . .

"ဒီလိုသိဒ္ဓိဝင်ပစ္စည်းပေါင်း ဘယ်နှခုရှိသလဲ"

ရာဂျူးက မဖြေခင်သလိုလို အူကြောင်ကြောင်လုပ်နေ၏။ မိုးဟိန်းက ရထားလက်မှတ်ကိုယူပြီး ထထွက်သွားတော့မည့်ဟန် ပြင်လိုက်သောအခါတွင်မှ . . .

"နေပါဦး. . . နေပါဦး အာစရိ၊ ကျွန်တော် ပြောပြပါ့မယ်"

"ကဲ. . . ပြော"

"ဟိုတယ်ခန်းထဲကရတဲ့ သိဒ္ဓိဝင်ပစ္စည်းတွေကအများကြီးပဲ၊ အရေအတွက် တိတိကျကျကိုတော့ ဘယ်သူမှမသိကြဘူး၊ ဒါပေမဲ့ အနည်းဆုံး အမျိုးပေါင်းတစ်ရာလောက်တော့ ရှိမယ်လို့ခန့်မှန်းကြတယ်"

"ဘာ. . . တစ်ရာတောင်ဟုတ်လား၊ အဲဒီပစ္စည်းတွေအားလုံးက ထူးထူးဆန်းဆန်းတွေ လုပ်နိုင်ကြတာချည်းပဲလား"

"သိပ်ဟုတ်တာပေါ့အာစရိရဲ့၊ တချို့ ပစ္စည်းတွေရဲ့ တန်ခိုးဣဒ္ဓိပါဒ်က လူကိုအကျိုးပြုနိုင်တယ်၊ တချို့ကျတော့ အန္တရာယ်ဖြစ်စေနိုင်တယ်၊ ဥပမာပြောရရင် အာစရိရိရယ် အဲဒီအခန်းထဲက သိဒ္ဓိဝင်နေတဲ့ ခဲတံတစ်ချောင်းဆိုရင် စားပွဲပေါ်မှာ တဒေါက်ဒေါက်နဲ့ ကြာကြာခေါက်တဲ့အခါ ရွှေမှုန့်လေးတွေထွက်လာတယ်၊ တစ်နေ့ထိုင်ခေါက်ရင် တစ်ပဲသားလောက်ရတယ်ဆိုပဲ၊ အဲ့ဒီခဲတံကိုရသွားတဲ့ ငနဲတစ်ကောင်ဆိုရင် နေ့မအိပ်ညမအိပ်နဲ့ ခဲတံကို (၆)လလုံးလုံး

www.foreverspace.com.mm

တဒေါက်ဒေါက် ထိုင်ခေါက်နေလိုက်တာ နောက်ဆုံး သွက်သွက်ခါအောင်ရူးသွားတဲ့အထိပဲ"

ရာဂျူး၏လေသံက သံဝေဂရသည့်ဟန်ပေါက်နေ၏။ သူကပင်ဆက်၍ . . .

"နောက်ပြီး အဲဒီ့ဟိုတယ်ခန်းထဲကရတဲ့ စောင်ဆိုရင်လည်း သိပ်ကြောက်ဖို့ကောင်းတယ်၊ အဲ့ဒီစောင်နဲ့ တစ်ကိုယ်လုံးပတ်ပြီး ခြုံမိတဲ့သူဟာ လုံးဝ အစအနရှာလို့မရအောင် ပျောက်သွားတော့တာပဲ၊ ပြီးတော့ အဲ့ဒီပျောက်သွားတဲ့လူရဲ့ ကြောက်လန့်တကြားအော်ဟစ်နေတဲ့မျက်နှာပုံဟာ စောင်မျက်နှာပေါ်မှာ ထင်နေသတဲ့၊ အဲဒီ့စောင် ကတော့ အခု ဘယ်သူ့လက်ထဲမှာ ရှိနေသလဲမပြောတတ်ဘူး"

ရာဂျူး၏စကားကြောင့် မိုးဟိန်းကသက်ပြင်းချလိုက်ပြီး. . .

"ဒါပဲလားကွ ရာဂျူး"

"သိဒ္ဓိဝင်ပစ္စည်းတွေအားလုံးရဲ့ အကြောင်းကိုတော့ ကျွန် တော်ဘယ်သိပါ့မလဲအာစရိရယ်၊ ဒါပေမဲ့ တိုလီမိုလီပစ္စည်းလေးတွေ အများကြီးရှိတဲ့အထဲက ထူးထူးခြားခြား အရေးကြီးတဲ့ဟာတွေကိုတော့ ကြားဖူးနားဝရှိတယ်၊ ဥပမာ အာစရိလက်ထဲက သော့လိုဟာမျိုးပေါ့"

"မင်းရဲ့ ရထားလက်မှတ်ကရောကွ"

"ကျွန်တော့်ရထားလက်မှတ်က ဘာမှကြီးကြီးမားမား တန်ခိုးမရှိပါဘူးအာစရိရယ်၊ လူတစ်ယောက်ယောက်ကို ဒီလက်မှတ်နဲ့ပုတ်လိုက်ရင် 'လွယ်မော်'လို့ခေါ်တဲ့ ရထားလမ်းဆုံမြို့လေးတစ်မြို့ကို ချက်ချင်းရောက်သွားစေနိုင်တယ်၊ အဲ. . . ခုခေတ်မှာတော့ အဲ့ဒီမြို့ ကို ရထားမသွားတော့ဘူး အာစရိ၊ မြို့ကလည်း ပျက်သလောက်နီးနီးဖြစ်နေပြီ"

မိုးဟိန်းက စိတ်လှုပ်ရှားနေဟန်ရှိသည့်ရာဂျူးကို အကဲခတ်ရင်း . . .

"အဲ့ဒီဟိုတယ်ခန်းထဲမှာ ဘာတွေဖြစ်ခဲ့ကြလို့လဲ ရာဂျူး"

www.foreverspace.com.mm

"ကျွန်တော်တို့ မမွေးခင်လောက်ကတည်းက ဖြစ်ခဲ့ကြတဲ့ ကိစ္စပဲ အာစရိရယ်၊ ဘယ်သူက သေသေချာချာသိမှာလဲ၊ ဒီဇစ်မြစ်ကို လိုက်စုံစမ်းနေသူကတော့ တစ်ယောက်တစ်မျိုးပြောကြတာပဲ၊ တစ်ချို့ကပြောတော့ 'ရှမ်ဗဲလား' လို့ခေါ်တဲ့ထူးဆန်းတဲ့နေရာတစ်ခုက ရောက်လာတဲ့ ဧည့်သည့်တစ်ယောက်ဟာ အဲဒီအခန်းထဲမှာ သူ့ပစ္စည်းတွေကိုထားရစ်ခဲ့ပြီး ပျောက်ခြင်းမလှပျောက်သွားခဲ့သတဲ့။ တစ်ချို့အပြောကတော့. . ."

"အင်း. . . ဆိုစမ်းပါဦး ရာဂျူး"

"ဟောဒီကမ္ဘာကြီးကိုရော ကျွန်တော်တို့ သက်ရှိသက်မဲ့ပစ္စည်းတွေအားလုံးကိုရော ရေ မြေ လေ မီးဆိုတဲ့ ဓါတ်ကြီးလေးပါး နဲ့ဖွဲ့စည်းထားတယ်ဆိုတာ အာစရိသိမှာပါ၊ ဒါပေမဲ့ အဲဒီဟိုတယ်ရဲ့အခန်းနံပါတ်ဆယ့်သုံးထဲမှာ အင်မတန်လျှို့ဝှက်ဆန်းကြယ်တဲ့ ဂိုဏ်းကြီးတစ်ဂိုဏ်းရဲ့ အစီအရင်တွေ လုပ်ပြီးသွားတဲ့နောက်မှာ အခန်းထဲမှာရှိရှိသမျှပစ္စည်းတွေနဲ့ ရေ မြေ၊ လေ မီး ပေါင်းစပ်ဖွဲ့စည်းမှုအချိုးအစားဟာ ပြောင်းလဲသွားတယ်လို့ဆိုတယ်၊ အဲဒီလိုပြောင်းလဲသွားလို့လည်း အဲဒီပစ္စည်းတွေမှာ တန်ခိုးသိဒ္ဓိတွေရှိကုန်တာပေါ့"

ရာဂျူးက စကားပြောရသည်ကို မောပန်းသွားဟန်ဖြင့် သက်ပြင်းရှည်ကြီးချကာ ခဏရပ်တန့်လိုက်သည်။ ပြီးမှ ကြားရသည်ဆိုရုံလောက် လေသံတိုးတိုးလေးဖြင့် . . .

"ဒါကြောင့် တစ်ချို့လူတွေက အဲဒီပစ္စည်းတွေအားလုံးကို တစ်စုတစ်စည်းတည်းဖြစ်အောင် ပြန်လိုက်ရှာဖို့ကြိုးစားနေကြတယ် အာစရိ၊ အဲဒါတွေအားလုံးကိုစုမိရင် လောကမှာ ရှိရှိသမျှ ရေ မြေ လေ မီး ပေါင်းစည်းထားတဲ့အချိုးအစားကို သိဒ္ဓိမြောက်အောင် ဘယ်လိုပြောင်းပစ်နိုင်မယ်ဆိုတဲ့လျှို့ဝှက်ချက်ကို သိရလိမ့်မယ်လို့ ယုံကြည်ထားကြတယ်"

"မင်းရော ဘယ်လိုသဘောရသလဲ ရာဂျူး၊ အဲဒီတန်ခိုး

www.foreverspace.com.mm

သတ္တဝါမျိုး မလိုချင်ဘူးလား"

မိုးဟိန်း၏မေးခွန်းကြောင့် ရာဂျူးက တည်ငြိမ်အေးချမ်းစွာ ပြုံးရင်းခေါင်းကို ခါယမ်းလိုက်သည်။ ထို့နောက် . . .

"မလိုချင်ပါဘူး အာစရိရယ်၊ လောကမှာ ကြီးကြီးမားမား လိုချင်တဲ့သူဟာ ကြီးကြီးမားမားပြန်ပြီးပေးဆပ်ရတာ ဓမ္မတာပဲ၊ မယုံရင် စောင့်ကြည့်ပါ။ အခု အာစရိလက်ထဲမှာရှိတဲ့သော့က ကျွန်တော့်ရထားလက်မှတ်ထက် အများကြီးပိုပြီးစွမ်းတယ်၊ ဒီပစ္စည်းကို အသုံးချတဲ့အတွက် ပေးဆပ်စရာရှိရင် ကျွန်တော့်ထက် အများကြီး ပိုပြီး အာစရိရဲ့ဘဝမှာ အနာခံပေးဆပ်ရလိမ့်မယ်"

ထိုစကားကြောင့် မိုးဟိန်း မသိမသိ တုန်လှုပ်သွားမိ၏။

"ဘာ. . . မင်း ဘာကိုဆိုလိုတာလဲ ရာဂျူး"

"နေရာအနှံ့မှာပျံ့နေတဲ့ ဟောဒီ့သိဒ္ဓိဝင်ပစ္စည်းတွေဟာ တစ်ခုနဲ့တစ်ခု သိလိုက်လိုပဲ ဆွဲငင်နေကြတယ်အာစရိ၊ အခု ကျွန်တော်နဲ့ အာစရိ ဆုံဆည်းရတာဟာ မတော်တဆ တိုက်ဆိုင်မှုသက်သက်ပဲလို့ များ ထင်နေသလား၊ မဟုတ်ဘူးအာစရိ၊ ဒီပစ္စည်းတွေကိုယ်တိုင်က တစ်ခုစီကိုတစ်ခု သွားနေကြတာ"

"အဲဒီတော့. . ."

"အခုအာစရိဆီမှာ သော့ရှိနေပြီမဟုတ်လား၊ အဲဒီ့သော့ဆီ ကို တခြားသိဒ္ဓိဝင်ပစ္စည်းတွေ ရောက်လာကြလိမ့်ဦးမယ်၊ အဲ. . . ဒါပေမဲ့ ပစ္စည်းတွေချည်း သက်သက်ရောက်ကမှာတော့ မဟုတ်ဘူးနော်၊ ဒီပစ္စည်းတွေကို မရမက သဲသဲမဲမဲရှာဖွေနေတဲ့လူတွေ၊ ဂမ္ဘီရမှုဆိုးတွေ၊ သတ်ဖြတ်ရမှာလက်မနှေးတဲ့ လျှို့ဝှက်ဂိုဏ်းတွေဟာ အာစရိဆီကသော့ကို မရရတဲ့နည်းနဲ့ လုပ်ကြံသတ်ဖြတ်ပြီးယူဖို့ ရောက်လာကြလိမ့်မယ်၊ အာစရိကို ဒုက္ခပေးလို့မရရင် အာစရိရဲ့မိသားစုကို ရန်ရှာကြလိမ့်မယ်"

"ဘာ"

www.foreverspace.com.mm

မိသားစုဟူသောစကားလုံးကြောင့် မိုးဟိန်း၏ဦးနှောက်ထဲ တွင် အန္တရာယ်အချက်ပေးခေါင်းလောင်းသံကို ဆူညံစွာကြားရသလို ခံစားလိုက်ရ၏။

"ခြူခြူး"

သမီးလေး၏နာမည်ကို လွတ်ကနဲ နှုတ်မှရေရွတ်လိုက်မိသည်။ စိတ်ထဲတွင် ထင့်ကနဲဖြစ်သွားသည်နှင့်တစ်ပြိုင်နက် ထိုင်နေ ရာမှ ဝုန်းကနဲထဖြစ်၏။

"ငါသွားမယ်. . . ရာဂျူး"

ငွေစက္ကူအချို့ကို ရာဂျူးရှေ့သို့ ပစ်ချလိုက်စဉ်မှာပင် . . .

"အာစရိ. . . ကျွန်တော့်. . . ကျွန်တော့် ရထားလက်မှတ်လေး"

မိုးဟိန်းက သူ့အင်္ကျီအိတ်ကပ်ထဲမှ ရထားလက်မှတ်ကို ရာဂျူးဆီပစ်ပေးလိုက်ပြီးနောက် ချာကနဲလှည့်ထွက်ခဲ့သည်။

သူ့ခြေလှမ်းတွေက ဆေးရုံဧည့်ခန်းဆောင်ဆီသို့ မပြေးရုံ တမယ် လျင်မြန်စွာ ဦးတည်နေကြလေသည်။

■

www.foreverspace.com.mm

## အခန်း (၁၂)

ဆေးရုံဧည့်ဆောင်တွင် စောစောက သူနာပြုဆရာမလေးကို ရှာသည်။ မတွေ့။ စိတ်လောနေသောမိုးဟိန်းက ဒေါက်တာစိန်လွင်၏ ရုံးခန်းကို တံခါးခေါက်ပြီး အထဲသို့ဝင်လိုက်၏။ သူတစ်ခါမှမမြင်ဖူးသော သူနာပြုဆရာမအသက်ကြီးကြီးတစ်ယောက်ကို တွေ့ရသည်။

"ဆရာမ ကျွန်တော့်သမီးချူးချူးရော၊ စမ်းသပ်ခန်းထဲမှာ ဆရာနဲ့ ရှိနေတုန်းပဲလား"

"ရှင်. . . ချူးချူးဟုတ်လား၊ စောစောကလေးတင် ပြန်သွားပြီလေ"

"ဘာ. . . ဘာပြောတယ်"

"ဟုတ်တယ်ရှင့်၊ သူ့အဖေရဲ့မိတ်ဆွေတစ်ယောက် လာခေါ်

www.foreverspace.com.mm

သွားတာ၊ သူ့အဖေမအားလို့ လူလွှတ်ပြီး ကြိုခိုင်းလိုက်တာဆိုပဲ"

"ဟာ"

မီးတောက်မီးလျှံတစ်ခု သူ့ခန္ဓာကိုယ်ထဲဝင်ပြီး လေပွေဝှေ့သလို တိုက်စားလောင်ကျွမ်းသွားသည်ဟု ခံစားလိုက်ရသည်။

ရူးသွပ်လုမတတ် ဖြစ်သွား၏။

ထိုစဉ်မှာပင် တယ်လီဖုန်းမြည်သံကြားရပြီး သူနာပြုဆရာမက ကောက်ကိုင်လိုက်သည်။

"ဟုတ်ကဲ့. . . ဒေါက်တာစိန်လွင်ရဲ့ရုံးခန်းကပါရှင်၊ ဆရာကတော့ စမ်းသပ်ခန်းထဲမှာပါ၊ ရှင်. . . ဘယ်သူ. . . ဦးမိုးဟိန်းဟုတ်လား"

သူနာပြုဆရာမက တယ်လီဖုန်းပြောနေရာမှ သူ့ကိုမော့ကြည့်ပြီး "ရှင့်နာမည် ဦးမိုးဟိန်းလား" ဟု လှမ်းမေးသည်။

သူက ခေါင်းညိတ်ပြလိုက်သောအခါ သူမက . . .

"ဒီမှာ ရှင်နဲ့ပြောချင်လို့တဲ့၊ ဖုန်းလာနေတယ်"

ပြောပြောဆိုဆိုဖြင့် တယ်လီဖုန်းကို သူ့လက်ထဲသို့လှမ်းပေး၏။

တယ်လီဖုန်းကိုလှမ်းကိုင်လိုက်သော သူ့လက်တွေအေးစက်နေသည်။ သတင်းဆိုးပေးမည့်ဖုန်းဖြစ်မှန်း ကြိုတင်သိနေသောအတွေးဖြင့်ပင် နားထောင်ရန် စိတ်ကို အသင့်ပြင်လိုက်ရလေတော့သည်။ သူက . . .

"ဟဲလို. . . မိုးဟိန်းပါ"

"ကိုမိုးဟိန်းလား. . . ခင်ဗျားဆီမှာ ကျွန်တော့်ပစ္စည်းတစ်ခု ရှိနေတယ်လို့သတင်းကြားထားလို့ပါ"

ရိသဲ့သဲ့လေသံကြောင့် မိုးဟိန်းစိတ်ထဲမှာ ထောင်းကနဲဒေါသဖြစ်သွားပြီး . . .

"အခုပြောနေတာဘယ်သူလဲ"

www.foreverspace.com.mm

တစ်ဖက်မှလူက သူ့မေးခွန်းကိုပြန်မဖြေဘဲ . . .

“ကျုပ်ဆီမှာလည်း ကိုမိုးဟိန်းရဲ့သမီးလေးရှိနေတယ်ဗျ၊ အလဲအလှယ်လုပ်ကြရင် မကောင်းဘူးလား၊ အခု ကျုပ်ရွှတ်ပြမယ့်လိပ်စာအတိုင်း ချက်ချင်းလိုက်လာခဲ့ပေတော့”

●

မိုးဟိန်းက စီအိုင်ဒီသို့ လှမ်း၍အစီရင်ခံပြီးနောက် ကားကိုတရကြမ်းမောင်း၍ ထွက်ခဲ့သည်။ ပြန်ပေးဆွဲသွားသူ ချိန်းဆိုသည့်နေရာမှာ ပုဇွန်တောင်ကမ်းနားရှိ တတိယမြောက်ကုန်လှောင်ရုံဂိုဒေါင်ပျက်ကြီးတစ်ခုဖြစ်၏။

နေ့ခင်းကြောင်တောင်မှာပင် လူသူကင်းဝေးလွန်းပြီး တော်ရုံတန်ရုံ အော်ဟစ်အကူအညီတောင်းခံဖို့မလွယ်သောနေရာမျိုး ဖြစ်၏။ ရောက်သွားလျှင်ရောက်သွားချင်း မိုးဟိန်းက မလှမ်းမကမ်းတွင် ကားကိုအသာရပ်ကာ ပတ်ဝန်းကျင်အခြေအနေကို လေ့လာလိုက်သည်။

ကုန်လှောင်ရုံ၏ရှေ့မှာရော နောက်မှာပါ မြင်ကွင်းကရှင်းလွန်းနေသည်။ အလစ်ဝင်၍ အငိုက်ဖမ်းတိုက်ခိုက်ရန် မလွယ်ကူချေ။ စီအိုင်ဒီမှ ပုဇွန်တောင်ရဲစခန်းကို အကြောင်းကြားပြီး မကြာခင်ရောက်လာလိမ့်မည်ဟု စိတ်ထဲကတွက်ဆမိ၏။

သူ့အလုပ်ကတော့ သမီးလေးကို ဘေးမသီရန်မခဘဲ ပြန်ပေးသမားတွေလက်ထဲမှ အရဆွဲထုတ်နိုင်ဖို့ဖြစ်သည်။

မိုးဟိန်းက ကားကို ဘီးလိမ့်သည်ဆိုရုံကလေးမောင်းနှင် လျက် ချိန်းဆိုထားသော ကုန်လှောင်ရုံထဲသို့ဝင်လိုက်သည်။ အရာရာ အားလုံးသည် တိတ်ဆိတ်နေလေသည်။

ကားတံခါးကိုမဖွင့်မီကပင် သူ့ပစ္စတိုကိုဆွဲထုတ်ပြီး ကုန် လှောင်ရုံတစ်ခုလုံးကို မျက်စိကစားလိုက်၏။ အပေါ်ထပ်သို့တက်သည့်

www.foreverspace.com.mm

လှေကားရင်းနံဘေးတွင် ဆီပေပါများ သိုလှောင်ရန်ထားသော အခန်းငယ်လေးတစ်ခုကို တံခါးမဟတဟအနေအထားဖြင့် တွေ့မြင်ရသည်။

ထိုအချက်ကို မိုးဟိန်း၏စိတ်ထဲတွင် စွဲမြဲနေအောင် မှတ်သားထားလိုက်၏။ အရေးကြုံလာလျှင် ဒီအခန်းတံခါးကို ဂမ္ဘီရသော့ဖြင့် လွတ်မြောက်နိုင်သည်မဟုတ်ပါလား။

သေနတ်မောင်းထိန်းခလုတ်ကိုဖြုတ်ပြီး လှေကားပေါ်သို့ ဖွဖွနင်းတက်လိုက်သည်။ ပြန်ပေးဆွဲသူများသည် ကုန်လှောင်ရုံအပေါ်ထပ်တွင် ရှိနေကြမည်မှန်း သူ့ပကတိစိတ်က အလိုလိုသိနေ၏။ ဟောင်းနွမ်းအိုမင်းနေသော သံလှေကားပေါ်နင်းတက်လာရခြင်းဖြစ်သောကြောင့် သူ ဘယ်လိုပင်ဖွဖွနင်းသော်လည်း ခြေသံကမလုံပါ။

"ဂလောင်"ကနဲ မြည်သွား၏။

"သြော်. . . ကိုမိုးဟိန်းရောက်လာပြီကိုး၊ မျှော်လိုက်ရတာဗျာ"

အပေါ်ဆုံးလှေကားထစ်သို့ ရောက်လုရောက်ခင်မှာပင် ထိုစကားသံကို ကြားလိုက်ရသောကြောင့် မိုးဟိန်းက အသံလာရာဘက်ဆီသို့ ပစ္စတိုဖြင့်ထိုးချိန်လိုက်၏။

လူသုံးယောက် ရင်ဘောင်တန်းပြီးရပ်နေကြသည်။ ဘေးမှလူနှစ်ယောက်ကတော့ ရုပ်ချင်းအတော်ဆင်သည်။ ညီအစ်ကိုနှစ်ယောက်ဖြစ်ပုံရ၏။

အလယ်တွင်ရပ်နေသူကတော့ ဥရောပဝတ်စုံကို သပ်ရပ်စွာဝတ်ဆင်ထားပြီး နှုတ်ခမ်းမွေးရေးရေးဖြင့် ပြုံးစစကြည့်နေလေသည်။ ထိုသူ၏လက်ဝဲဘက်လက်က သမီးလေးခြူးခြူး၏ပုခုံးကို အသာအယာသိုင်းချုပ်ထားပြီး ညာဘက်လက်ထဲတွင်တော့ ဖောင်တိန်တစ်ချောင်း ကိုကိုင်ထား၏။

ထိုသူကပင် သရော်တော်တော်လေသံဖြင့် . . .

"ဘာဖြစ်လို့များ အဲဒါကြီးနဲ့ ကျုပ်တို့ကို ချိန်ထားရတာ

www.foreverspace.com.mm

တုန်းဗျာ၊ ခင်ဗျားလက်ထဲကသေနတ်က ဘာများအသုံးဝင်မှာမို့လို့လဲ ကိုမိုးဟိန်း''

မိုးဟိန်းက အံကိုကြိတ်ရင်း . . .

''သေနတ်ဆိုတာ ပစ်လိုက်ရင်ကျည်ဆံထွက်တယ်၊ မင်းရင်ဘတ်ထဲကို ကျည်ဆံတစ်ထောင့်လောက် အမြန်ဆုံး ပစ်သွင်းပေးလို့ရတယ် ကိုယ့်လူ''

နှုတ်ခမ်းမွေးရေးရေးနှင့်လူက အပြုံးမပျက်ဘဲ . . .

''ကျုပ်ဆီမှာတော့ သေနတ်တွေဘာတွေမရှိပါဘူး ကိုမိုးဟိန်းရယ်၊ ဟောဒီဖောင်တိန်လေးတစ်ချောင်းပဲ ရှိပါတယ်၊ ဒါပေမဲ့ ဟော့ဒီဖောင်တိန်လေးနဲ့ ခင်ဗျားသမီးကိုထိုးစိုက်လိုက်ရင် ဦးလှကြိုင်တို့ စိန်ကြီးတို့လိုမျိုး တစ်ကိုယ်လုံးမီးဖုတ်ပြီးသားဖြစ်သွားမယ်ဆိုတာတော့ သဘောပေါက်မှာပါနော်''

ပြောပြောဆိုဆိုဖြင့် သူ့လက်ထဲမှဖောင်တိန်ကို ခြူးခြူး၏ လည်ပင်းဆီသို့တေ့ထားလိုက်ရာ မိုးဟိန်းက . . .

''ဟေ့ . . . ဟေ့လူ . . . မလုပ်နဲ့''

ကမန်းကတန်းအော်ပြောရင်း လက်ထဲမှ ပစ္စတိုကို ကြမ်းပြင်ပေါ်သို့ ဖြည်းဖြည်းချင်းချလိုက်သည်။ သူ့ရုံးခန်းထဲမှာတုန်းက သာဒွန်းဦး ဖြောင့်ချက်ပေးခဲ့သော စကားတွင်ပါသည့် 'သက်ဦး' ဆိုသူမှာ ဒီလူပင်ဖြစ်မည်ဟု မိုးဟိန်းတွက်စလိုက်မိသည်။ သက်ဦးက . . .

''ဒီလိုလိမ္မာမှပေါ့ ကိုမိုးဟိန်းရဲ့''

''ဟေ့လူ အပိုတွေပြောမနေနဲ့၊ ကျုပ်အိတ်ထဲမှာ ခင်ဗျားလိုချင်တဲ့သော့ပါလာတယ်၊ ကျုပ်သမီးကိုလွှတ်ပေးရင် အဲ့ဒီသော့ခင်ဗျားကိုပေးဖို့ အဆင်သင့်ပဲ''

''ကျုပ်ကလည်း အဲဒီ့လို လိုရင်းတိုရှင်းမှသဘောကျတာ ကိုမိုးဟိန်းရဲ့''

မိုးဟိန်းက သူ့ဘောင်းဘီအိတ်ထဲမှသော့ကို ဆွဲထုတ်လိုက်

www.foreverspace.com.mm

သည်။ လက်ကိုရှေ့သို့ဆန့်ထုတ်ထား၏။ သူ့လက်ညှိုးနှင့်လက်မ ကြားတွင် သော့ကလေးကတွဲလောင်း။

ဝဲယာမှလူနှစ်ယောက်ကလည်း မိုးဟိန်း၏ဘေးတစ်ဖက်တစ်ချက်ဆီသို့ ချဉ်းကပ်လာကြ၏။ သက်ဦးက ခြုံးခြုံးကို သိုင်းချုပ်ထားသောလက်ကို ဖြည်းဖြည်းချင်းလျှော့ပေးလိုက်၏။

မိုးဟိန်းက သမီးလေး၏လှုပ်ရှားမှုကို မျက်တောင်မခတ်ကြည့်နေသည်။

ရုတ်တရက် သူ့လက်ထဲမှသော့ကို ကြမ်းပြင်ပေါ်သို့လွှတ်ချလိုက်၏။

"ချလွှမ်"

ခြုံးခြုံးက ချုပ်ထားသောလက်ထဲမှ ဖြုန်းကနဲဆောင့်ရုန်းထွက်ကာ နံရံဆီပြေးကပ်၏။ ထိုသူက ခြုံးခြုံးကို ဂရုမစိုက်နိုင်တော့ဘဲ . . .

"ဟေ့ကောင်တွေ ဝင်ဖမ်းကြလေကွာ"

အော်ဟစ်အမိန့်ပေးရင်း လက်ထဲမှဘောလ်ပင်ကို အဖုံးဖွင့် ကာ ချိန်ရွယ်လျက် တစ်ဟုန်ထိုးပြေးလာသည်။

ဘေးမှလူနှစ်ယောက် ဝင်ချုပ်လိမ့်မည်ကို မိုးဟိန်းက ကြိုတင်တွက်ဆပြီးသား။ ဖျတ်ကနဲကိုယ်ကိုတိမ်းကာ ရှောင်လိုက်သည်။ အရှိန်လွန်ကာ ဝင်လာသူတစ်ယောက်၏လက်ကို နောက်ပြန်လိမ်ချိုးလိုက်၏။ အားကုန်ပစ်၍ထိုးလိုက်သော ဖောင်တိမ်အသွားဆီသို့ ထိုသူ့ကိုယ်လုံးဖြင့်ထိုးခံလိုက်သည်။ ဖောင်တိန်ကစိုက်ဝင်သွား၏။

"အား"

ထိုသူ့တစ်ကိုယ်လုံး မီးလောင်ကျွမ်းကာ အရှိန်ဖြင့် ကုန်လှောင်ရုံအောက်ထပ်ကြမ်းပြင်ဆီသို့ ပြုတ်ကျသွားတော့၏။ ဝင်လာသောလက်သီးတစ်ချက်ကြောင့် မိုးဟိန်း မျက်နှာပူကနဲဖြစ်သွားသည်။ ထပ်ပြီးထိုး၏။ ငုံ့ရှောင်၏။

www.foreverspace.com.mm

ဒုတိယလူက အသံနက်ကြီးဖြင့် . . .

"ငါ့အစ်ကို . . . သေပြီ၊ မင်း . . . မင်းကြောင့်"

အော်ဟာစ်ရင်း မိုးဟိန်း၏လည်ပင်းကို စုံညှစ်သည်။ သူ့ ရင်ဝကို ဒူးဖြင့်တိုက်ပစ်လိုက်၏။ နောက်တစ်ယောက်ကို လက်ပြန် ရိုက်သည်။ မထိ။

ရှုပ်ထွေးနေစဉ်မှာပင် ခြူးခြူးက လှစ်ကနဲပြေးထွက်လာပြီး ကြမ်းပြင်ပေါ်မှသေ့ာကို လျင်မြန်စွာကောက်ယူကာ လှေကားအတိုင်း ပြေးဆင်းသွားသည်။

သက်ဦးက ခြူးခြူးနောက်လိုက်ရန် ကုန်းရုန်းထ၏။ မိုးဟိန်းက ခြေဖြင့်ဖြတ်ကန်လိုက်သည်။ နောက်တစ်ချက်ထပ်ကန်ရန် ရွယ်လိုက်စဉ်မှာပင် သူ့ကို နောက်ဘက်မှ သိုင်းချုပ်ခံလိုက်ရ၏။

သက်ဦးလူးလဲထရင်း . . .

"အဲဒီကောင်ကိုထိန်းထားစမ်း မောင်ငယ်"

အော်ဟာစ်အမိန့်ပေးကာ ခြူးခြူးနောက်သို့ ပြေးလိုက်သွား၏။

မောင်ငယ်က မိုးဟိန်းကို ကိုင်ပေါက်လိုက်၏။ ကျောဖြင့် ကြမ်းပြင်ပေါ်အကျတွင် မောင်ငယ့်ခြေထောက်ကို ဖြတ်ရိုက်သည်။ လဲကျစဉ် တံတောင်ဖြင့်တွတ်လိုက်၏။

သူတို့နှစ်ယောက်လုံးထွေးနေစဉ်မှာပင် ခြူးခြူးက လှေကားရင်းရှိ ဆီပေပါတွေထားသောအခန်းရှေ့သို့ ရောက်သွားလေပြီ။ ခြူးခြူးက ဟနေသောတံခါးကိုဆွဲပိတ်သည်။ မရချေ။ တံခါးနှင့်တံခါးဘောင်ကြားတွင် ကန့်လန့်ခံနေသော ဆီပေပါအဟောင်းကို တွန်းထုတ်ပစ်ရ၏။

တံခါးကို ပိတ်လို့ရသည်နှင့်တစ်ပြိုင်နက် ခြူးခြူးက လက်ထဲမှ ဂမ္ဘီရသေ့ာဖြင့်ထိုးလှည့်ကာ တွန်းဖွင့်လိုက်သည်။ တံခါးပွင့်သွားလေပြီ။

www.foreverspace.com.mm

အထဲမှ နူးညံ့သောအလင်းနှင့် သပ်ရပ်စွာ ဖွဲ့စည်းပြင်ဆင်ထားသော ဟိုတယ်အခန်းနံပါတ်ဆယ့်သုံးကို မြင်ရလေသည်။

ခြူးခြူးက ထိုအခန်းတွင်းသို့ လှမ်းဝင်မည့်ဟန်ပြင်လိုက်စဉ်မှာပင် နောက်မှမှီလာသောသက်ဦးက ခပ်ကြမ်းကြမ်းဆောင့်ဆွဲလိုက်၏။ ခြူးခြူး၏လက်ထဲမှသော့က ကြမ်းပြင်ပေါ်တွင်ကျသွားသည်။

ထိုအချိန်တွင် မိုးဟိန်းကလည်း လှေကားအတိုင်းဆင်းပြေးလာလေပြီ။ သက်ဦးက သော့ဆီတစ်လှည့် မိုးဟိန်းဆီတစ်လှည်းအာရုံများသွားစဉ် ခြူးခြူးက အတင်းရုန်းထွက်ပြီး ဟိုတယ်ခန်းထဲသို့ တစ်ကိုယ်လုံးလိုမ့်ကာ ဝင်လိုက်၏။

"ဟော့"

သက်ဦးက သွေးရူးသွေးတန်းဖြင့် ခြူးခြူးကိုလှမ်းဆွဲသည်။ မမိ။ တံခါးလက်ကိုင်ဘုကို ဆွဲမိလျက်သားဖြစ်ကာ တံခါးပိတ်သွားလေသည်။

"ဂျိမ်း"

ထိုအဖြစ်အပျက်ကို မိုးဟိန်းကလည်း အစအဆုံးမြင်လိုက်ရပြီး သမီးအတွက်စိတ်ပူသွားသည်။ လှေကားပေါ်မှ တရကြမ်းပြေးဆင်းလာ၏။

သက်ဦးက ယောင်တိယောင်ကန်းဖြင့် ဂမ္ဘီရသော့ကို ကြမ်းပြင်ပေါ်မှကောက်ယူကာ တံခါးကိုလှည့်ဖွင့်လိုက်သည်။

ဟိုတယ်အခန်းဆယ့်သုံးက နဂိုမူလအတိုင်း ပြန်ဖြစ်နေချေပြီ။

သပ်ရပ်ပြန့်ပြူးစွာ ခင်းကျင်းထားလျက်။

ရှင်းလင်းလျက်။

ခြူးခြူးကား မရှိတော့။

●

www.foreverspace.com.mm

"သမီး"

နာကျင်ကြေကွဲဝမ်းနည်းခြင်းများဖြင့် နှလုံးပေါက်ကွဲထွက် မတတ်အော်ဟစ်လိုက်သည့် မိုးဟိန်း၏အသံက ဒဏ်ရာရထားသော ခြင်္သေ့ကြီးတစ်ကောင်၏ ဟိန်းဟောက်သံနှင့်တူနေ၏။

သည်လူ့လောကထဲမှာ သမီးလေးကို နောက်တစ်ကြိမ်မြင် တွေ့ခွင့်မရတော့ဘူးဟူသည့်အသိက သူ့ကို ရူးသွပ်လုခမန်း မှောင် မိုက်သွားစေသည်။ ဆောက်တည်ရာမရ ဒေါသမီးလျှံတွေက သက်ဦး အပေါ်သို့ နဂါးခံတွင်းထဲကမီးလျှံတွေလို ပြင်းထန်စွာကျရောက်သွား လေတော့သည်။

"ကဲကွာ. . . ကဲကွာ"

"ခွပ်. . . ဖျောင်း"

"အား"

မိုးဟိန်း၏လက်သီးတွေက သက်ဦး၏မျက်နှာပေါ် တည့်တည့်။ ပြီးတော့ ရင်ညွန့်ဆီသို့။ သက်ဦး ခွေကနဲလဲကျသည်။ လက်ထဲမှ သော့ကလည်း ကြမ်းပြင်ပေါ်လွတ်ကျသွား၏။ မိုးဟိန်းကတော့ သူ့ ဒေါသကို အရှိန်သတ်၍မရ။

"မင်းကြောင့်. . . ငါ့သမီးလေးပျောက်သွားတာ၊ မင်းကြောင့် . . . ကဲကွာ"

"ခွပ်. . . ခွပ်. . . ဖျောင်း"

"အား. . . မလုပ်. . . မလုပ်ပါနဲ့. . . အား. . ."

သက်ဦး၏မျက်နှာပေါ်မှာ သွေးတွေ မြင်မကောင်းအောင် စီးကျလာသည်။ သက်ဦးက ဝင်သက်ထွက်သက်ကို အနိုင်နိုင်ရှူ နေရသည့်ကြားမှ ကြောက်ကြောက်လန့်လန့်ဖြင့် . . .

"ခင်ဗျားသမီးလေးကို ပြန်. . . ပြန်ရောက်လာအောင်လုပ် ပေးနိုင်တဲ့ သိဒ္ဓိဝင်ပစ္စည်းတွေရှိပါတယ်၊ ကျွန်တော်. . ."

"ဘာ"

www.foreverspace.com.mm

သက်ဦးကို အသေသတ်ဖို့ရည်ရွယ်ထားသော မိုးဟိန်း၏ လက်တွေ ခေတ္တမျှတုံ့ဆိုင်းသွားသည်။ ထိုစဉ် . . .

“ဒိုင်း. . . ဒိုင်း”

ဂိုဒေါင်အပေါ်ထပ်ဆီမှ မောင်ငယ်လှမ်းပစ်လိုက်သောကျည်ဆန်တွေ ဝဲပျံလာသည်။ စဉ်းစားနေချိန်မရတော့။ မိုးဟိန်းက သော့ ကို ဖျတ်ကနဲကောက်ယူလိုက်ပြီး သက်ဦးကို လက်လိမ်ချိုးဖမ်းချုပ် လျက် ဟိုတယ်ခန်းထဲသို့ တွန်းသွင်းလိုက်သည်။

“ဒိုင်း. . . ဒိုင်း”

ကျည်ဆံတွေက နားရွက်ဖျားနားမှပွတ်၍ထွက်သွား၏။ မိုးဟိန်းလည်း ဟိုတယ်ခန်းတွင်းသို့ တစ်ကိုယ်လုံးပစ်ဝင်ကာ တံခါးကို နောက်ပြန်ကန်ဆောင့်ပြီးပိတ်လိုက်၏။

တံခါးကို ကျည်ဆံတွေလာမှန်သည့်အသံကိုပင် ကြားလိုက်ရသည်။

ဟိုတယ်ခန်းကြမ်းပြင်ပေါ်တွင် သက်ဦးက ခွေခွေကလေးလဲကျနေသည်။ မိုးဟိန်းက သက်ဦး၏ရင်ဝကို ဒူးဖြင့်ထောက်ကာ လက်တွေကိုမလှုပ်နိုင်အောင်ချုပ်ကိုင်ရင်း . . .

“ဟော့ကောင်. . . ငါ့သမီးကို ပြန်ရောက်လာအောင်လုပ်နိုင်တယ်ဆိုတာ တကယ်လား. . . ပြော. . . ပြောစမ်း၊ ဟော့ကောင် ငါ မေးနေတယ်၊ မင်းသေသွားချင်သလား”

●

ထိုအချိန်တွင် မောင်ငယ်က ပစ္စတိုကိုလက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ကာချိန်ရင်း မိုးဟိန်းနှင့် သူ့ဆရာသက်ဦးတို့ဝင်ရောက်ပျောက်ကွယ်သွားသည့် ဆီသိုလှောင်ခန်းတံခါးကို ခြေဖြင့်ဆောင့်ကန်ကာ ဖွင့်လိုက်၏။

အခန်းထဲတွင်ကား မည်သူ့ကိုမှမတွေ့ရ။ ဆီပေပါအခွံ သုံး

www.foreverspace.com.mm

လေးလုံးသာ ရှိနေလေသည်။

အဲသည့်အချိန်မှာပင် ရဲကားများနှင့်အတူ စီအိုင်ဒီမှ တာဝန်ရှိသူများ ရောက်လာကြလေတော့သည်။

■

www.foreverspace.com.mm

## အခန်း (၁၃)

စီအိုင်ဒီစစ်ကြောရေးအခန်းထဲတွင် မောင်ငယ့်ကိုစစ်မေးနေသည့်ကိုတင်ထွဋ်မှာ စိတ်တိုစပြုနေလေပြီ။ မောင်ငယ်ကလည်း မေးသမျှကို ဖြောင့်ကွယ်,ကွယ်နေ၏။ ဦးအေးဆောင်က အခန်းထဲမှထွက်လာပြီး ဒေါက်တာထွန်းအုံ့ရှိရာ မှုခင်းဆေးပညာဌာနဘက်ဆီသို့ လျှောက်ခဲ့သည်။

ဒေါက်တာထွန်းအုံ့က သူ့ကိုတွေ့လျှင်တွေ့ချင်း . . .

"ဘယ်လိုတုံးဗျ ကိုအေးဆောင်၊ ကိုမိုးဟိန်းဆီက ဘာအဆက်အသွယ်ရသေးလဲ"

ဦးအေးဆောင် ခေါင်းကိုခါယမ်းလိုက်ရင်း . . .

"ဘာအဆက်အသွယ်မှမလုပ်လို့ ခက်နေတာပေါ့ဗျာ၊ ဒီကိစ္စ

www.foreverspace.com.mm

ဟာ တစ်ယောက်တည်း ထင်ရာစိုင်းလို့ရတဲ့ကိစ္စမျိုးမဟုတ်ဘူး၊ အဖွဲ့အစည်းနဲ့လုပ်ရတဲ့ ဌာနဆိုင်ရာကိစ္စဆိုတော့ သူက လက်ထဲရောက်နေတဲ့သော့ကို ဌာနကိုအပ်ပြီးမှ အထက်အမိန့်အတိုင်း ဆက်လုပ်တာအကောင်းဆုံးပဲ၊ နို့မဟုတ်ရင် သူ့အလုပ်ကို ထိခိုက်နိုင်တယ်ဗျ"

စိတ်ပူပင်စွာပြောနေသော ဦးအေးဆောင်စကားကြောင့် ဒေါက်တာထွန်းအံ့လည်း ငိုင်ငိုင်တွေတွေဖြစ်သွား၏။ သူ့စားပွဲပေါ်မှာတော့ ဖိုင်တွဲတွေရှုပ်ပွနေသည်။ သာဒွန်းဦးကိုဖမ်းမိစဉ်က တစ်ပါတည်းသိမ်းဆည်းရမိသော ပစ္စည်းစာရင်းဖိုင်တွဲလည်းရှိသည်။ ပြီးတော့ မီးလောင်ဒဏ်ရာဖြင့်သေဆုံးခဲ့သော မှတ်တမ်းဟောင်းဓါတ်ပုံများကိုလည်း နှိုင်းယှဉ်ကြည့်နိုင်ရန် အစီအရီချထား၏။ နောက်ဆုံးဓါတ်ပုံကတော့ ပုဇွန် တောင်ကုန်လှောင်ရုံအပျက်ထဲမှတွေ့ခဲ့ရသော အလောင်းပင်ဖြစ်သည်။

လောလောဆယ်စစ်မေးနေသော မောင်ငယ့်ထံမှထွက်ဆိုချက်အရတော့ သူ့အစ်ကိုသည် သူတို့ဆရာဖြစ်သူ သက်ဦး(ခ)တင်မြင့်ဦး၏ဖောင်တိန်ဖြင့် အထိုးခံရရာမှ အခုလို မီးလောင်ကျွမ်းပြီးသေဆုံးသွားရခြင်းဖြစ်သည်ဟု ဆိုထား၏။ ခက်သည်က မောင်ငယ်ကလည်း ဒီထက်ပိုပြီး ဘာမှပြည့်ပြည့်စုံစုံမပြော။ ထို့ကြောင့် ဒေါက်တာထွန်းအံ့အဖို့ ဆက်စပ်စဉ်းစားယူဖို့ အတော်အခက်အခဲဖြစ်နေသည်။

ထိုစဉ် သူ့စားပွဲပေါ်မှ တယ်လီဖုန်းကမြည်လာသည်။ ဒေါက်တာထွန်းအံ့က ဖုန်းကိုကိုင်လိုက်ရင်း . . .

"ဟဲလို"

"ဟဲလို. . . ဆရာလား၊ ကျွန်တော် ဆရာ့တပည့်ဒေါက်တာမျိုးကြည်ပါ၊ ဆရာစုံစမ်းခိုင်းထားတဲ့အတိုင်း လူတစ်ကိုယ်လုံးမီးလောင်ခံရပြီး ဆေးရုံရောက်လာတဲ့ကေ့စ်တွေကို လိုက်ရှာကြည့်လိုက်တော့ ထူးထူးဆန်းဆန်းလူနာတစ်ယောက်ကိုသွားတွေ့တယ်၊ အဲဒီလူက ခု အထိ

www.foreverspace.com.mm

အသက်ရှင်လျက်ပဲ၊ သူ့နာမည်က 'ဦးမင်းဟန်'တဲ့၊ ထောက်ကြန့်မှာနေတယ်"

"အေး. . .ငါ အရမ်းစိတ်ဝင်စားတယ်၊ အဲဒီလူရဲ့လိပ်စာကို ပြောစမ်းပါဦး၊ ငါ သူ့ကို ကိုယ်တိုင်တွေ့ပြီးမေးကြည့်ချင်တယ်"

ဒေါက်တာထွန်းအုံက စာရေးစက္ကူပေါ်တွင် သူ့တပည့်ပြောသောလိပ်စာကို ရေးမှတ်လိုက်သည်။ ထို့နောက် ဦးအေးဆောင်ကို နှုတ်ဆက်ပြီး ကသုတ်ကရက်ထွက်လာခဲ့တော့၏။

●

"ခင်ဗျား အခုနေ ကျုပ်ကိုသတ်လိုက်ရင် ခင်ဗျားသမီးလေးကို ဟောဒီလူလောကထဲပြန်ရောက်အောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့နည်းကို သိရတော့မှာမဟုတ်ဘူး ကိုမိုးဟိန်း"

သက်ဦးက သူ့ရင်ဝကိုဒူးဖြင့်ထောက်ထားသည့် မိုးဟိန်းအား မော့ကြည့်ရင်း နာကျင်နေသည့်ကြားမှ အံ့ခဲ၍ပြောလိုက်၏။ မိုးဟိန်းက . . .

"စကားရှည်မနေနဲ့ ဟေ့ကောင်၊ ငါ့သမီးပြန်ရောက်လာအောင် ဘယ်လိုလုပ်ရမလဲဆိုတာ မင်း အခုမြန်မြန်ပြောလိုက်ရင် သက်သာလိမ့်မယ်"

ပြောပြောဆိုဆိုဖြင့် မိုးဟိန်းက သက်ဦး၏အင်္ကျီကော်လံစနှစ်စကို စုံကိုင်ကာ အခန်းထောင့်သို့ ဆောင့်တွန်းပစ်လိုက်၏။ ထို့နောက် . . .

"ဟေ့ကောင် မှန်မှန်ပြော၊ လိမ်ရင်တော့ သေပြီသာမှတ်၊ ငါ့သမီးကိုပြန်ရောက်လာအောင်လုပ်နိုင်တဲ့ သိဒ္ဓိဝင်ပစ္စည်း တကယ်ရှိသလား"

"ရှိတယ်"

www.foreverspace.com.mm

သက်ဦး၏အဖြေစကားက တိုးညှင်းသလို တိုတောင်းလှသည်။ မိုးဟိန်းက ဝုန်းကနဲခုန်ဝင်ကာ သက်ဦးကိုကိုင်ဆောင့်လိုက် ရင်း . . .

"ဘာပစ္စည်းလဲပြောစမ်း"

"ကျုပ်ကိုလွှတ်ပေးမှပြောမယ်"

"ဘာ. . . မင်းက ဒီအချိန်မှာတောင်မှ ငါနဲ့ အပေးအယူလုပ်ခွင့်ရှိတယ်လို့ထင်နေတုန်းလား၊ တောက်. . . ငါ လုပ်လိုက်ရရင် သေတော့မယ်"

"ဒေါသမကြီးပါနဲ့ ကိုမိုးဟိန်း၊ ကျုပ် အခုသေသွားရင် ခင်ဗျားလည်း ခင်ဗျားရဲ့သမီးလေးကို ပြန်ရနိုင်မယ့်နည်းလမ်းမရှိတော့ဘူးဆိုတာ သဘောပေါက်ထားစမ်းပါ"

သက်ဦး၏စကားက မိုးဟိန်း၏အရှိက်လို့ထိမှန်သွာ၏။ မိုးဟိန်းက ဒေါသကိုချုပ်တည်းလျက် အံကိုသာတင်းတင်းကြိတ်ထားလိုက်ရတော့၏။ သက်ဦးက . . .

"ခင်ဗျားသမီးကို ပြန်ရောက်လာအောင်လုပ်ပေးနိုင်မယ့် သိဒ္ဓိဝင်ပစ္စည်းကို ကျုပ်ရအောင်ရှာပေးမယ်ကိုမိုးဟိန်း၊ အဲ. . . အပြန်အလှန်အနေနဲ့ ခင်ဗျားဆီမှာရှိတဲ့သော့ကို ကျုပ်ကိုပေးရမယ်၊ ဘယ်လိုလဲ သဘောတူလား"

ထိုစကားကြောင့် မိုးဟိန်းက မဲ့ပြုံးပြုံးလိုက်သည်။ ဒီသော့မှာ ဘယ်လိုတန်ခိုးစွမ်းအင်တွေရှိနေပါစေ သူ မမက်မောပါ။ သူတန်ဖိုးမထားပါ။ ဒီတစ်လောကလုံးတွင် သူတန်ဖိုးအထားဆုံးအရာက သူ့သမီးလေးခြူးခြူးကိုသာဖြစ်၏။

မိုးဟိန်းက . . .

"ကောင်းပြီ. . . ငါ သဘောတူတယ်၊ ငါ့သမီးလေး ဘာမှမဖြစ်ဘဲ ငါ့ဆီပြန်ရောက်လာရင် ကျေနပ်ပြီ၊ အဲဒီလိုလုပ်ပေးနိုင်ရင် မင်းကိုဟောဒီသော့ပေးလိုက်မယ်"

"ဒါဆို ကျုပ်တို့ အပေးအယူဖြစ်ပြီပေါ့"

www.foreverspace.com.mm

သက်ဦးက စိတ်သက်သာရာရစွာဖြင့်ပြောလိုက်၏။ မိုးဟိန်းက . . .

"မင်းဆီကဖောင်တိန် ငါ့ကိုပေးစမ်း"

"ဗျာ. . . ဒါ. . . ဒါ. . . ကျွန်တော့်ဥစ္စာလေ"

"စကားမရှည်စမ်းပါနဲ့၊ မင်းလိုကောင်မျိုးက သစ္စာဖောက် ပြီး ငါ့နောက်ကျောကို ဓါးနဲ့မထိုးဘူးလို့မပြောနိုင်ဘူး၊ ပေးစမ်း"

မိုးဟိန်းက သက်ဦး၏အင်္ကျီအိတ်ကပ်ထဲမှ ဖောင်တိန်ကို ဆတ်ကနဲဆောင့်ဆွဲယူလိုက်သည်။ ထို့နောက် . . .

"ကဲ. . . ပြောစမ်း၊ ဟော့ဒီဖောင်တိန်အပြင် မင်းဆီမှာ တခြားဘာပစ္စည်းရှိသေးလဲ"

●

ဒေါက်တာထွန်းအံ့ ဘာပြောရမည်မှန်းမသိ။ အံ့ဩလွန်း၍ ပါးစပ်အဟောင်းသားဖြစ်ကာ ငေးကြည့်နေရသည်။

ဦးမင်းဟန်ကတော့ သူ့ကို ယုံပါဟုလည်းမတိုက်တွန်း။ မယုံပါနှင့်ဟုလည်း မဟန့်တား။ ဟိုးအဝေးကိုသာ ရီဝေသောမျက်လုံး များဖြင့် ငေးကြည့်နေ၏။ ဦးမင်းဟန်၏မျက်လုံးအစုံတွင် မျက်ရည် တွေဝဲ့နေသည်။ ခေါင်းကိုဖြည်းညင်းစွာယမ်းလိုက်သောအခါ မျက် လုံးအိမ်ထဲမှ မျက်ရည်စက်တစ်စက်က မီးလောင်ရာဗရပွဖြင့် အကျည်း တန်နေသောပါးပြင်ပေါ်သို့ စီးကျသွားလေသည်။

ဒေါက်တာထွန်းအံ့က ဦးမင်းဟန်၏မျက်နှာနှင့် ခြေလက်များပေါ်ရှိ မီးလောင်ရာအမာရွတ်များကိုကြည့်ရင်း . . .

"ဖောင်တိန်တစ်ချောင်းနဲ့အထိုးခံရရုံနဲ့ ခင်ဗျားတစ်ကိုယ်လုံး မီးလောင်သွားတယ်ဆိုတာ အံ့ဩစရာပဲဗျာ"

ဦးမင်းဟန်က မဲ့ပြုံးပြုံးလိုက်ပြီး . . .

www.foreverspace.com.mm



"အဲဒီဖောင်တိန်ထက် အများကြီးပိုပြီး အံ့သြလို့ရတဲ့ ပစ္စည်းတွေ ရှိသေးတယ်ဒေါက်တာ၊ အပေါ်ယံအမြင်နဲ့ကြည့်ရင်တော့ တကယ့် သာမန်အသုံးအဆောင်ပစ္စည်းတွေလိုပဲ၊ ဒါပေမဲ့ အဲဒီ ပစ္စည်းတွေအားလုံးကိုစုစည်းပြီး အသုံးချနိုင်မယ်ဆိုရင် လောက ကြီးတစ်ခုလုံးရဲ့အနာဂတ်ကို ဖန်တီးနိုင်လောက်အောင် တန်ခိုးရှိ လာလိမ့်မယ်လို့ သူတို့က ယုံကြည်ထားကြတယ်"

"သူတို့. . . ဟုတ်လား၊ သူတို့ဆိုတာ ဘယ်သူတွေကိုပြော တာလဲ"

ဒေါက်တာထွန်းအုံ့က စိတ်ဝင်စားစွာဖြင့်မေးလိုက်သည်။ ဦး မင်းဟန်က သူ့အံဆွဲထဲမှ ဝါကျင်နွမ်းရော်နေသော စာရွက်ဟောင်း ကလေးတစ်ခုကို ထုတ်ပြ၏။ အဲသည့်စာရွက်ပေါ်တွင်ကား ထူးဆန်း သော တံဆိပ်လိုလို သင်္ကေတလိုလို ပုံသဏ္ဍာန်တစ်ခု။




ဦးမင်းဟန်က . . .

"ဒေါက်တာ. . . ဟောဒီတံဆိပ်ကိုမြင်ဖူးသလား"

"ဟင့်အင်း. . . အဲဒါ ဘာလဲဗျ"

"အဲဒါ Illuminati လို့ခေါ်တဲ့ အလင်းတော်ဂိုဏ်းရဲ့တံဆိပ် ပဲ၊ ဟောဒီပုံကို သေသေချာချာကြည့်ရင် အတည့်ပဲဖတ်ဖတ် ဇောက် ထိုးပဲဖတ်ဖတ် Illuminati ဆိုတဲ့ အင်္ဂလိပ်စာတန်းကိုပဲ နှစ်ဖက်စလုံး

www.foreverspace.com.mm

ကမြင်ရအောင် ဒီဇိုင်းလုပ်ထားတာတွေ့လိမ့်မယ်၊ ဒီလို အတည့်ရော ဇောက်ထိုးရော နှစ်ဖက်စလုံးတူညီနေတဲ့ ခေါက်ချိုးညီပုံကို အလင်းတော်ဂိုဏ်းကလူတွေက Ambigram (ဟန်ချက်ညီပုံ) လို့ခေါ်ကြတယ်၊ သူတို့ဂိုဏ်းက အလင်းနဲ့အမှောင်၊ အကောင်းနဲ့အဆိုး၊ အပူနဲ့အအေး စတဲ့ ဆန့်ကျင်ဘက်စုံတွဲတွေကို အလေးအနက်ထားကြတာကိုး”

“သြော်. . . အဝိုင်းထဲမှာ အဖြူနဲ့အနက် တစ်ခြမ်းစီပါတဲ့ ယင်-ယန်ပုံမျိုး ဟစ်တလာသုံးတဲ့ စကြာတံဆိပ်လိုပုံမျိုးတွေကို ပြော တာလား”

ဦးမင်းဟန်က ခေါင်းကိုညိတ်သည်ဆိုရုံမျှ အသာလေးညိတ်ပြလိုက်၏။ ပြီး . . .

“သိပ်ဟုတ်တာပေါ့ ဒေါက်တာရယ်၊ အဲဒီလိုဟန်ချက်ညီပုံတွေကို အလင်းတော်ဂိုဏ်းကြီးမှာစပြီး အသုံးပြုခဲ့တာကတော့ အလင်းတော်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်တစ်ယောက်ဖြစ်ခဲ့ဖူးတဲ့ ဂါလီလီယိုဆိုတဲ့ သိပ္ပံပညာရှင်ပဲ”

ဒေါက်တာထွန်းအံ့က မျက်လုံးပြူးသွားပြီး . . .

“ဘာ. . . ဂါလီလီယိုဟုတ်လား၊ နေကိုဗဟိုပြုပြီး ကမ္ဘာကလည်ပတ်နေရတယ်ဆိုတဲ့အချက်ကို စတွေ့ခဲ့တဲ့ သိပ္ပံပညာရှင် ဂါလီလီယိုဟာ အဲ့ဒီအလင်းတော်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဟုတ်လား”

“ဒီလောက်နဲ့တင် တအံ့တသြဖြစ်မနေပါနဲ့ဦးလေး၊ အလင်းတော်ဂိုဏ်းဟာ ရောမကက်သလစ်အာဏာပိုင်တွေကြောင့် ဥရောပကိုဖြတ်ပြီး ထွက်ပြေးလာရတဲ့အခါ ဖရီးမေဇင်ဂိုဏ်းကြီးနဲ့ ပေါင်းမိသွားတယ်၊ အဲ့ဒီနောက်ပိုင်းမှာ ပေါ်လာတဲ့ခေါင်းဆောင်တွေကိုကြည့်လိုက်ရင် ဒေါက်တာ ပိုအံ့သြသွားမယ်ထင်တယ်၊ ဂျော့ချ်ဝါရှင်တန်လို အမေရိကန်သမ္မတလည်းပါတယ်၊ ဂျာမနီကဂိုဏ်းခွဲတစ်ခုမှာဆိုရင် ကားလ်မာက်စ်တောင်ပါခဲ့သေးတယ်”

ဒေါက်တာထွန်းအံ့က မယုံကြည်နိုင်သောမျက်လုံးများဖြင့်

www.foreverspace.com.mm

ငေးကြည့်နေမိသည်။ ဒါကိုရိပ်မိသွားသော ဦးမင်းဟန်က စာရွက်အလွတ်တစ်ရွက်ပေါ်တွင် ပိရမစ်ပုံကြိဂံတစ်ခုကို ရေးဆွဲလိုက်၏။ ထိုတြိဂံထဲတွင် မျက်လုံးတစ်လုံးကို ထပ်မံရေးထည့်လိုက်သည်။ ဒေါက်တာထွန်းအံ့က . . .

"အဲဒီပိရမစ်ထဲကမျက်လုံးက ဘာလဲဗျ"

"ဒါ အလင်းတော်ဂိုဏ်းရဲ့သင်္ကေတတစ်ခုပဲ ဒေါက်တာ၊ အလုံးစုံကိုသိမြင်နိုင်တဲ့ ဉာဏ်အလင်းရောင်လို့အဓိပ္ပါယ်ရတယ်၊ ကဲ ဟောဒီမှာကြည့်ဦး"

ဦးမင်းဟန်က ပြောပြောဆိုဆိုဖြင့် တစ်ဒေါ်လာတန်ငွေစက္ကူတစ်ရွက်ကို စားပွဲပေါ်သို့ချကာ ကျောဘက်သို့လှန်ပြလိုက်သည်။




ထိုငွေစက္ကူကိုမြင်လိုက်သောအခါ ဒေါက်တာထွန်းအံ့က နားမလည်နိုင်စွာဖြင့် . . .

"ဟင် . . . အမေရိကန်ဒေါ်လာပေါ်မှာ အလင်းတော်ဂိုဏ်းရဲ့သင်္ကေတကိုရိုက်ထားတာပဲ၊ ဒါက ဘယ်လိုဖြစ်ရတာတုံး"

www.foreverspace.com.mm

"အမေရိကန်သမ္မတ ဝုဒရိုးဝီလ်ဆင်ဟာ အလင်းတော်ဂိုဏ်းသားပဲလေ၊ အမေရိကန်ဒေါ်လာကိုပုံစံထုတ်တဲ့ ဝီလ်ဆင်ရဲ့လူယုံတော် ကာနယ်လ်ဟောက်စ်ကလည်း အလင်းတော်ဂိုဏ်းသားပဲ၊ သမ္မတကြီး ဝီလ်ဆင်ရဲ့အမိန့်နဲ့ ဒေါ်လာငွေစက္ကူရဲ့နောက်ကျောမှာ Illuminati ဂိုဏ်းရဲ့သင်္ကေတကို ထည့်ရိုက်ထားတာပေါ့"

ဒေါက်တာထွန်းအံ့က သက်ပြင်းရှည်ကြီးကိုချလိုက်သည်။ ထို့နောက် . . .

"ကဲ. . . ကျုပ်တော့ သိပ်စိတ်ဝင်စားသွားပြီဗျာ၊ အဲဒီအလင်းတော်ဂိုဏ်းကြီးအကြောင်းကို အစကနေသာပြောပြပေတော့"

ဦးမင်းဟန်က တိမ်တွေပြာလဲ့နေသော ကောင်းကင်ဆီသို့ ငေးကြည့်လိုက်ရင်း . . .

"စရမယ်ဆိုရင်တော့ ခရစ်တော်ပေါ်ပြီး (၃)ရာစုလောက် ကတည်းကစရမှာပဲ၊ အဲဒီတုန်းက မာနီဆိုတဲ့ ဂန္ဓာရီပညာရှင်ကြီး တစ်ယောက်ပေါ်ပေါက်ခဲ့တယ်"

■

www.foreverspace.com.mm



## အခန်း (၁၄)

မိုးဟိန်းကသူ့ အဝတ်ဗီရိုထဲမှ တီရှပ်နှင့်ဘောင်းဘီရှည် တစ်ထည်ထုတ်ပေးကာ သက်ဦး၏အဝတ်အစားများကို အကုန်လုံးလဲလှယ်ဝတ်ဆင်ခိုင်းလိုက်၏။ သူ. . . သက်ဦးကိုစိတ်မချ။ သက်ဦး၏ ကိုယ်ခန္ဓာပေါ်တွင် အစွမ်းထက်သော သိဒ္ဓိဝင်ပစ္စည်းတစ်ခုခု လျှို့ဝှက်ဆောင်ထားခဲ့လျှင် အလစ်အငိုက်တွင် သူ့ကို ဒုက္ခပေးမှာစိုးသောကြောင့်ဖြစ်သည်။

သက်ဦးကတော့ သိပ်မကြည်။

"ခင်ဗျားကိုယ်ခင်ဗျားတော့ သိပ်ပိုင်လှပြီလို့ထင်နေတာပေါ့လေ"

ဟု မဲ့မဲ့ရွဲ့ရွဲ့ဖြင့် စကားနာထိုးကာပြော၏။ မိုးဟိန်းက ဂရု

www.foreverspace.com.mm

မစိုက်ဘဲ . . .

"ဟေ့ကောင် . . . စကားများမနေနဲ့၊ အဝတ်အစားလဲပြီးရင် အခန်းအပြင်ထွက်ခဲ့"

သက်ဦးထွက်လာပြီးသောအခါ မိုးဟိန်းက အဝတ်လဲခန်း တံခါးကို ပြန်ပိတ်လိုက်သည်။ ထို့နောက် သူ့လက်ထဲရှိ အခန်းနံပါတ် (၁၃)သော့ဖြင့် တံခါးကိုပြန်ဖွင့်လိုက်သည်။

ထုံးစံအတိုင်း နွေးထွေးသောအလင်းရောင်နှင့်အတူ အိပ်မက်ရှာဟိုတယ်၏ အခန်းနံပါတ်(၁၃)ကို မြင်ရပြန်လေသည်။

မိုးဟိန်းက အခန်းထဲသို့မဝင်ဘဲ စောစောက သက်ဦးဝတ်ထားသည့်အဝတ်အစားများနှင့် ကိုယ်ပေါ်မှာတွေ့ရသမျှပစ္စည်းအတို အထွာတွေအားလုံးကို အခန်းထဲသို့ပစ်ထည့်လိုက်၏။ သို့မှသာ တံခါးကိုပိတ်ပြီးပြန်ဖွင့်လိုက်လျှင် အခန်းသည် နဂိုမူလအခြေအနေသို့ ပြန်ရောက်သွားမည်ဖြစ်၍ သက်ဦး၏ပစ္စည်းတွေအားလုံး ပျောက်ကွယ်သွားမည်ဖြစ်၏။

သက်ဦးကတော့ မိုးဟိန်းလုပ်နေပုံများကို နားမလည်နိုင်စွာ ငေးကြည့်နေသည်။

မိုးဟိန်းက သက်ဦး၏သိဒ္ဓိဝင်ဖောင်တိန်ကိုပါ ဟိုတယ်ကြမ်းပြင်ပေါ်သို့ပစ်ချလိုက်သည်။ နောက် တံခါးကို ဆွဲပိတ်လိုက်မည်ပြု စဉ် သက်ဦးက ထိတ်ထိတ်ပျာပျာဖြင့် . . .

"ဟာ . . . ကျွန်တော့်ဖောင်တိန်လေးကိုတော့ မလုပ် . . . မလုပ် . . ."

"ဂျိမ်း"

သူ့စကားမဆုံးခင်မှာပင် မိုးဟိန်းက တံခါးကိုဆွဲပိတ်လိုက်သည်။ ထို့နောက် ဂမ္ဘီရသော့ဖြင့် တဖန်ပြန်ဖွင့်လိုက်၏။

"ဟင်"

သက်ဦးကရေရွတ်လိုက်သည်။ စောစောက ကြမ်းပြင်ပေါ်ပစ်ချထားသော သက်ဦး၏အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်းတွေ

www.foreverspace.com.mm



ဘာတစ်ခုမှမရှိတော့။ သိဒ္ဓိဝင်ပစ္စည်းဖြစ်သော ဖောင်တိန်သာလျှင် မပျောက်ပျက်ဘဲကျန်ရစ်ခဲ့သည်။

သို့သော် ဖောင်တိန်က ကြမ်းပြင်ပေါ်မှာမဟုတ်တော့။ သူ့နဂိုမူလနေရာဖြစ်ဟန်တူသော စားပွဲပေါ်သို့ ရောက်နေလေသည်။

မိုးဟိန်းက စိတ်ထဲမှကြိတ်ပြီးရေရွတ်လိုက်သည်။ ဩော်. . . သိဒ္ဓိဝင်ပစ္စည်းတွေကတော့ အခန်းတံခါးကိုအဖွင့်အပိတ်လုပ်လို့လည်း ပျောက်မသွားဘဲ ကျန်နေရစ်တတ်ပါလား။ မိုးဟိန်က ဟိုတယ်အခန်းထဲသို့ဝင်ပြီး ဖောင်တိန်ကိုကောက်ယူကာ ပြန်ထွက်လာခဲ့သည်။ ထို့နောက် သူ့စားပွဲအံဆွဲထဲမှ လက်ထိပ်တစ်စုံကိုထုတ်ယူကာ သက်ဦးကို ရေချိုးခန်းပြတင်းပေါက်ရှိ သံတိုင်နှင့်တွဲ၍ လက်ထိပ်ခတ်ထားလိုက်၏။ လောလောဆယ်တော့ သက်ဦးဒုက္ခပေးမည့်အန္တရာယ်ကို စိုးရိမ်စရာမလိုတော့။ မိုးဟိန်းက . . .

"ဟော့ကောင်. . . မင်း ဒီမှာခဏနေခဲ့ဦး၊ ငါ့အတွက် လိုအပ်တဲ့ပစ္စည်းတွေ သွားယူလိုက်ဦးမယ်၊ ခဏနေရင်ပြန်လာခဲ့မယ်၊ အဲ့ဒီတော့မှ မင်းနဲ့ငါ အလုပ်ဆက်လုပ်ကြတာပေါ့"

မိုးဟိန်းက သူ့အိပ်ခန်းထဲသို့ဝင်ခဲ့သည်။ ထို့နောက် ခုတင်ခေါင်းရင်းရှိ အံဝှက်ထဲတွင် အသေအချာသော့ခတ်၍သိမ်းဆည်းထားသော ပစ္စတိုတစ်လက်ကိုထုတ်ယူကာ ခါးကြားမှာထိုးလိုက်သည်။ ကျည်ကပ်အပိုနှစ်ခုကိုပါ လိုရမယ်ရယူလိုက်၏။

သမီးလေးခြူးခြူး၏ ကစားစရာအရုပ်တွေက ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲနေသည်။ အဲသည့်အရုပ်တွေကိုကြည့်ပြီး မိုးဟိန်း ငိုင်တွေသွားမိ၏။

ကြမ်းပြင်ပေါ်ဒူးထောက်ကာ အရုပ်တစ်ရုပ်ကိုကောက်ယူလိုက်သည်။ ခြူးခြူး အရမ်းသဘောကျသောငါးရုပ်ကလေး။

သမီးကို သူ ညတိုင်းပြောပြဖြစ်ခဲ့သော အိမ်လည်လွန်သည့် ငါးကလေးပုံပြင်ကို ပြန်သတိရလာသည်။ သမီးဖြစ်သည့်ငါးကလေးကို

www.foreverspace.com.mm

ပြန်လည်ရှာတွေ့ဖို့ ငါးဖခင်ကြီးက ပင်လယ်သမုဒ္ဒရာတွေကို ဖြတ်သန်းကာ လိုက်ရှာခဲ့ရသည့်အကြောင်း သမီးလေး နားထောင်ချင်ရှာပေတော့မည်။

အခုလည်း အလည်လွန်သည့်ငါးကလေးကိုရှာတွေ့ဖို့ ဖေဖေ ပင်လယ်တွေအထပ်ထပ်ဖြတ်သန်းပြီး ရောက်အောင်လာခဲ့ပါ့မယ်သမီးရယ်၊ မငိုနဲ့. . . မငိုနဲ့။

ပါးပြင်ပေါ်စီးကျလာသည့်မျက်ရည်စက်များကို လက်ဖမိုးဖြင့် သုတ်ပစ်လိုက်သည်။ ငါးရုပ်ကလေးကို ဂျာကင်အင်္ကျီအိတ်ထဲထိုးထည့်ပြီး အိမ်ရှေ့သို့ထွက်လာခဲ့သည်။

ခြံတံခါးဝအနီးရှိ စာတိုက်သေတ္တာပုံးထဲကိုနှိုက်လိုက်တော့ လိပ်စာကဒ်တစ်ခုနှင့် ဓါတ်ပုံတစ်ပုံထွက်လာ၏။ လိပ်စာကဒ်ပေါ်တွင် ရေးထားသည့်နာမည်က 'ရွှေစင်မမ'။

ဓါတ်ပုံက အိမ်တစ်လုံး၏ရှေ့မျက်နှာစာပုံ၊ အိမ်နံပါတ်ကို ကြည့်လိုက်တော့ ရွှေစင်မမ၏လိပ်စာကဒ်ထဲက နံပါတ်ပင်ဖြစ်နေ၏။ ဓါတ်ပုံထဲတွင် အိမ်ရှေ့အဝင်တံခါးကို ထင်ထင်ရှားရှားအသားပေးကာ ရိုက်ကူးထားသည်ကိုတွေ့ရသည်။

အဓိပ္ပါယ်ကို သူနားလည်လိုက်၏။ ဒီဓါတ်ပုံထဲကတံခါးကို အာရုံပြုပြီး ဂမ္ဘီရသော့ဖြင့် ရွှေစင်မမ၏အိမ်ထဲသို့ အရောက်သွားလိုက်ရုံသာဖြစ်သည်။

"သက်ဦးရေ. . . စောင့်လက်စနဲ့ ခဏသည်းခံပြီး ဆက်စောင့်ပေဦးတော့ကွာ"

သူက စိတ်ထဲမှတီးတိုးရေရွတ်လိုက်၏။

ထို့နောက် အိမ်ထဲသို့ပြန်ဝင်ခဲ့ပြီး အနီးဆုံးအခန်းတစ်ခုကို ဂမ္ဘီရသော့ဖြင့်ဖွင့်လိုက်သည်။ ပြီး. . . အထဲသို့လှမ်းဝင်လိုက်၏။ နောက်တစ်ဆင့်က လွယ်လွယ်လေးသာ။ ဟိုတယ်အခန်းတံခါးအတွင်း တွင်ရပ်ပြီး ဓါတ်ပုံထဲရှိ အိမ်တံခါးကိုကြည့်ကာ အာရုံပြုလိုက်သည်။

www.foreverspace.com.mm

ထို့နောက် . . .

"ဟိုတယ်အခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။

ရွှေစင်မမ၏အိမ်ထဲသို့ လှမ်းဝင်ခဲ့လေတော့သည်။

●

ဧည့်ခန်းဖြစ်ဟန်တူသော်လည်း ပရိဘောဂများများစားစား မရှိ။ ကျယ်ဝန်းပြီး ရှင်းလင်းနေသည်။ ရွှေစင်မမက သူ့ကိုကျောပေးထား၏။ သူမက လက်ထဲမှတူတစ်ချောင်းကို စုံကိုင်ကာ အားပါးတရ မြှောက်ရင်း ရှေ့မှာချထားသော ရေဒီယိုတစ်လုံးကို ထုချေလိုက်လေ၏။

"ဒုန်း"

သူမရှေ့တွင် အလားတူ ရေဒီယိုခြောက်လုံးခန့်ချထားသည်။

"ဘာဖြစ်လို့ ရေဒီယိုတွေကိုထုချေနေရတာလဲ ရွှေစင်မမ"

မိုးဟိန်းက လှမ်းမေးလိုက်သည်။ ရွှေစင်မမက သူလာမည်မှန်းသိနေဟန်တူ၏။ သူမက လှည့်၍ပင်မကြည့်ဘဲ . . .

"ဒီရေဒီယိုတွေထဲကတစ်လုံးလုံးဟာ သိဒ္ဓိဝင်ပစ္စည်းပဲ ကိုမိုးဟိန်း၊ ဒါပေမဲ့ ဘယ်ဟာမှန်းအတိအကျမသိလို့ စမ်းသပ်ကြည့်နေတာ"

ပြောပြောဆိုဆိုဖြင့် သူမက နောက်ထပ်ရေဒီယိုတစ်လုံးကို တူဖြင့်ထုချလိုက်ပြန်သည်။ ခွမ်းကနဲမြည်ကာ ထိုရေဒီယိုသည်လည်း အစိတ်စိတ်အမွှာမွှာဖြစ်သွားပြန်၏။

မိုးဟိန်းက . . .

"သိဒ္ဓိဝင်ပစ္စည်းဟုတ်မဟုတ် စမ်းတဲ့နည်းကလဲ တူနဲ့ထုရသတဲ့လားဗျာ"

"သိဒ္ဓိဝင်ပစ္စည်းမှန်ရင် ဘယ်လိုဖျက်ဆီးဖျက်ဆီး လုံးဝ

www.foreverspace.com.mm

အရာမယွင်းဘူး"

ရွှေစင်မမကပြောရင်း နောက်ထပ်ရေဒီယိုတစ်လုံးကို တူဖြင့် ထပ်ထုလိုက်သည်။ အံ့သြစရာကောင်းလောက်အောင်ပင် ရေဒီယိုက ဘာမှဖြစ်မသွားဘဲ ရာဘာတုံးကြီးတစ်တုံးကိုထုရသည့်အလား တူက ပြန်ကန်ထွက်လာသည်။

"တွေ့ပြီ . . . ဒီဥစ္စာပဲ"

ရွှေစင်မမက ချွေးစက်များကိုသုတ်ရင်း ပြောလိုက်သည်။ ထို့နောက် မိုးဟိန်းဘက်သို့ပြန်လှည့်လိုက်သည်။ မိုးဟိန်းက သူမကို စိုက်ကြည့်ပြီး . . .

"ခင်ဗျားဘယ်သူလဲ ရွှေစင်မမ"

မူမက ပြုံးလိုက်ပြီး . . .

"ရွှေစင်မမဟာ ရွှေစင်မမပါပဲ"

သူမ အတည်ပြောနေခြင်းဖြစ်မည်ဟု ခန့်မှန်းရ၏။ ရွှေစင်မမက . . .

"ရှေးဟောင်းပစ္စည်းအရောင်းဆိုင်မှာ အသတ်ခံလိုက်ရတဲ့လူနှစ်ယောက်ထဲက စိန်ကြီးဆိုတဲ့လူဟာ ကျွန်မလက်ထောက်ပဲ၊ ဟို အရင်ကတည်းက တစ်ဖွဲ့တည်းတွဲလုပ်ခဲ့ကြတဲ့လူတွေဆိုပါတော့၊ ဒါပေမဲ့ လွန်ခဲ့တဲ့(၆)လလောက်က သူငွေမက်ပြီး သစ္စာဖောက်သွားတယ်၊ အဲဒီ သော့ကို ကျွန်မဆီကခိုးသွားတယ်လေ၊ ပြီးတော့ ဦးလှကြိုင်တို့ဆီမှာ ရောင်းဖို့လုပ်နေတုန်း အသတ်ခံလိုက်ရတာပဲ"

ပြောရင်းနှင့် သူမက ရှေ့သို့တစ်လှမ်းတိုးလာသည်။ မိုးဟိန်းက ခါးကြားထဲမှသေနတ်ကို ဖျတ်ကနဲဆွဲထုတ်ပြီး ချိန်ထားလိုက်၏။ ရွှေစင်မမက ခေါင်းကိုညင်သာစွာခါယမ်းသည်။ သူမက . . .

"သေနတ်တွေဘာတွေမလိုပါဘူး ကိုမိုးဟိန်း၊ ကျွန်မ ရှင့်ကို သတ်ချင်ရင် ဒီအိမ်ထဲကိုရှင်ဝင်လာကတည်းက သတ်လို့ရတာပဲ၊ ဒါပေမဲ့ ကျွန်မမလုပ်ပါဘူး၊ ကျွန်မရဲ့ခံယူချက်က လူသတ်ဖို့မဟုတ်

www.foreverspace.com.mm

ဘူး"

"ဒါဆို မင်းရဲ့ခံယူချက်ကဘာလဲ"

"ကျွန်မရည်ရွယ်ထားတာက ရှိရှိသမျှ သိဒ္ဓိဝင်ပစ္စည်းတွေအားလုံးကို တွေ့အောင်လိုက်ရှာပြီး အခန်းနံပါတ်(၁၃)ထဲမှာ လက်စဖျောက်ပစ်လိုက်ဖို့ပဲ၊ ဟောဒီလူလောကထဲကို အဲဒီပစ္စည်းတွေ ဘယ်တော့မှပြန်ရောက်မလာနိုင်အောင်ပေါ့၊ သိဒ္ဓိဝင်ပစ္စည်းရထားတဲ့လူတွေကို ကျွန်မတို့လိုက်ရှာတယ်၊ အဆက်အသွယ်လုပ်တယ်၊ ပြီးတော့ သူတို့ကို နားလည်အောင်ဖျောင်းဖျပြီး သူတို့ပိုင်တဲ့ပစ္စည်းတွေကို တောင်းယူရတာပါပဲ"

မိုးဟိန်းက သရော်ပြုံးပြုံးလိုက်၏။

"ဖြစ်နိုင်ပါ့မလား ရွှေစင်မမ၊ ဒီလိုအစွမ်းထက်တဲ့ပစ္စည်းကို လက်ထဲမှာရထားမှတော့ မင်းက အသာတကြည်တောင်းရုံနဲ့ သူတို့က ပေးမတဲ့လား"

"တကယ်နားလည်သဘောပေါက်အောင် ပြောပြနိုင်ရင်မခက်ပါဘူး ကိုမိုးဟိန်း၊ ကဲ. . . ကျွန်မ ရှင့်ကိုမေးမယ်၊ ရှင်လက်ထဲကို အခန်းဆယ့်သုံးသော့ရောက်လာတဲ့နေ့ကစပြီး ရှင်ဘဝဟာ ပိုပြီးသာယာစိုပြည်သလား၊ ဒါမှမဟုတ် စိတ်ဒုက္ခတွေပိုများလာသလား"

ထိုမေးခွန်းကြောင့် မိုးဟိန်းငိုင်သွား၏။ တကယ်တော့လည်း ရွှေစင်မမပြောသည်မှာမှန်နေ၏။ ဒီသော့သာရောက်မလာခဲ့လျှင် သမီးလေးကိုသူ လက်လွှတ်ဆုံးရှုံးရလိမ့်မည်မဟုတ်ပါ။ ဒါသည်ပင် ကံကြမ္မာ၏သရော်ကျီစယ်မှုတစ်ခုပေလား။

သူ ငိုင်နေသည်ကိုကြည့်ရင်း ရွှေစင်မမက ကြေကွဲစွာဖြင့်. . .

"ကျွန်မ ငယ်ငယ်ကလေးဘဝတုန်းက အဲဒီ့ဟိုတယ်အခန်းထဲက သိဒ္ဓိဝင်စောင်တစ်ထည်ကို မတော်တဆရခဲ့ဖူးတယ်၊ ပစ္စည်းအဟောင်းရောင်းတဲ့ဆိုင်ကလေးဆီက ဝယ်ခဲ့မိတာပါ၊ အဲဒီတုန်းက

www.foreverspace.com.mm

ကျွန်မတို့မိသားစုက ဆင်းရဲကြတာကိုး။

အဲဒီ့ထူးဆန်းတဲ့စောင်တစ်ထည်ဟာ ကျွန်မတို့မိသားစုရဲ့ဘဝထဲကို ကြေကွဲမှုတွေယူလာခဲ့တော့တာပါပဲ၊ အဲဒီ့စောင်ရဲ့မျက်နှာပြင်ပေါ်မှာ အကွက်ကလေးတွေပေါ်နေပြီး လူရုပ်တွေထင်နေတာကို ကျွန်မဟာ ရိုးရိုးစပ်စောင်တစ်ထည်လို့ပဲ အောက်မေ့ခဲ့မိတယ်လေ၊ တစ်နေ့ကျတော့ ကျွန်မရဲ့ပယောဂကြောင့် မိုးဝေနဲ့တိုးဝေဆိုတဲ့ ကျွန်မရဲ့အမြွှာမောင်လေးနှစ်ယောက်ဟာ အဲဒီ့စောင်ရဲ့အောက်မှ အစအနရှာမရအောင် ပျောက်သွားခဲ့တယ်၊ အဲ. . . စောင်ရဲ့ထောင့်က အကွက်တစ်ကွက်မှာတော့ ကြောက်ကြောက်လန့်လန့်အော်ဟစ်နေတဲ့ သူတို့နှစ်ယောက်ရဲ့မျက်နှာရုပ်ပုံတွေပဲ ကျန်ရစ်ခဲ့တော့တာပေါ့''

ရွှေစင်မမ၏စကားကိုနားထောင်ရင်း မိုးဟိန်း၏ရင်ထဲတွင် ဆို့နင့်လာသည်။ တန်ခိုးတွေသိဒ္ဓိတွေဟာ သာမန်လူသားတွေအဖို့ ဆုံးရှုံးကြေကွဲခြင်းကိုပဲဖြစ်စေသလားဟု သူ တွေးနေမိ၏။

ရွှေစင်မမက မျက်တောင်ကိုတဖျတ်ဖျတ်ခတ်ကာ ဥနေသော မျက်ရည်စများကို ဖယ်ရှားပစ်လိုက်ရင်း . . .

''အဲဒီ့စောင်ဟာလည်း ကျွန်မရဲ့မိုက်မဲမှုကြောင့် တခြားမိသားစုဆီကို ရောက်သွားခဲ့တယ်၊ အဲဒီ့တုန်းက ငယ်သေးတာကိုး၊ ငါ့မိသားစုတောင်ပြိုကွဲသေးတာ၊ တခြားသူတွေလည်း ငါတို့လိုပဲ ခံစားစေရမယ်ဆိုတဲ့ စိတ်ရိုင်းစိတ်မိုက်တွေဝင်နေသေးတာကိုး၊ ဒါကြောင့် အဲဒီ့အမှားကြွေးကိုပြန်ဆပ်တဲ့အနေနဲ့ ကျွန်မတစ်ဘဝလုံးကို ဒီထဲမှာ မြှုပ်နှံထားခဲ့တယ်၊ ဒီပစ္စည်းတွေကိုပြန်ရှာဖွေပြီး ဖျက်ဆီးပစ်ဖို့ကြိုးစားရင်း ကျွန်မရခဲ့တဲ့ ဒဏ်ရာအနာတရတွေကိုရော ရှင်မြင်ချင်သေး လား''

ပြောပြောဆိုဆိုဖြင့် ရွှေစင်မမက သူမဝတ်ထားသောအင်္ကျီ ကို လက်မောင်းရင်းဆီမှ ဆုတ်ပြဲလိုက်၏။

''ဗြဲ''

''ဟင်''

www.foreverspace.com.mm

ရွှေစင်မမ၏လက်မောင်းရင်းတွင် သံပူဖြင့်ရိုက်နှိပ်ခံထားရသည့် ကြီးမားလှသောမီးလောင်ရာအမာရွတ်ကို တွေ့လိုက်ရသည့် အတွက် မိုးဟိန်းကျောထဲစိမ့်သွားသည်။

ဘုရားရေ. . . မိန်းကလေးတစ်ယောက်ရဲ့လက်ပေါ်မှာ မီးဖုတ်ထားတဲ့သံပူနဲ့ကပ်ပြီး တံဆိပ်ရိုက်ရက်လောက်အောင် ဘယ်သူတွေကများ ရက်စက်နိုင်ကြပါလိမ့်။

မိုးဟိန်းက အမာရွတ်ထင်နေသည့်တံဆိပ်ရာကို သေသေချာချာကြည့်လိုက်သည်။



**air** ဟု ရေးသားထားသော ဒီဇိုင်းပုံ အင်္ဂလိပ်စာလုံး(၃)လုံးပင်ဖြစ်သည်။ ထူးဆန်းသည်ကား အတည့်ကြည့်ကြည့် ဇောက်ထိုးကြည့်ကြည့် နှစ်ဖက်စလုံးမှာပင် **air** ကို ဖတ်လို့ရနေခြင်းပင်ဖြစ်သည်။ မိုးဟိန်းက. . .

"အဲဒါ ဘာတံဆိပ်လဲ"

"ဟိုအရင်တုန်းက ကျွန်မဝင်ခဲ့ဖူးတဲ့ဂိုဏ်းတစ်ခုမှာ ဂိုဏ်းခွဲမှူးအဖြစ်နဲ့ ချီးမြှင့်ခံခဲ့ရတဲ့တံဆိပ်လေ၊ အဲဒီဂိုဏ်းမှာ ဂိုဏ်းချုပ်ပြီးရင် လက်ထောက်ဂိုဏ်းခွဲမှူး(၄)ယောက် ရှိတယ်၊ မြေ (Earth)၊ ရေ (Water)၊ လေ (air)၊ မီး (Fire)ဆိုပြီးတော့ ဖွဲ့စည်းထားတာပေါ့၊ အခုတော့ အဲဒီအဖွဲ့အစည်းနဲ့ ကျွန်မနဲ့ ဆန့်ကျင်ဘက်ဖြစ်သွားပြီ၊ ကျွန်မကို

www.foreverspace.com.mm

တွေ့တဲ့နေရာမှာသတ်ဖို့ သူတို့ ဆုံးဖြတ်ချက်ချထားကြ တယ်''

မိုးဟိန်းက စိတ်ဝင်စားစွာဖြင့် . . .

''အဲဒီအဖွဲ့အစည်းရဲ့နာမည်က ဘာလဲ''

''အဲဒီအဖွဲ့အစည်းဟာ မူရင်းကတော့ အင်မတန်မြင့်မြတ်တဲ့ ဂန္ဓာရီဂိုဏ်းတစ်ဂိုဏ်းပါ၊ မကောင်းသူပယ် ကောင်းသူကယ်တဲ့ အဖွဲ့အစည်းကြီးပေါ့၊ အခုအချိန်ထိလည်း ကမ္ဘာတစ်ဝှမ်းမှာ လူမှုရေးအလုပ်တွေ လုပ်နေကြတုန်းပဲ''

ရွှေစင်မမ သက်ပြင်းကိုလေးပင်စွာချလိုက်ပြီး . . .

''ဒါပေမဲ့ ကျွန်မပတ်သက်မိခဲ့တဲ့ အစိတ်အပိုင်းလေးကတော့ သိပ်ကိုအစွန်းရောက်လွန်းပြီး အဖွဲ့ကြီးရဲ့နာမည်ကောင်းကို ဖျက်နေကြတယ်၊ မူလဂိုဏ်းရဲ့နာမည်ကတော့ 'အလင်းတော်ဂိုဏ်း' (Illuminati) တဲ့''

■

**သတိုးတေဇ**

*ဒုတိယပိုင်းကို ဆက်လက်ဖတ်ရှုပါရန်*



www.foreverspace.com.mm